ကြေးမုံ
The Mirror Daily
Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday 15 October 2019 ၉၈၀၂

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို သံရုံး၊ စစ်သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုကျိုမြို့ရှိ Tokyo Tower၊ The Emperial Palace နှင့် Asakusa Temple တို့သို့သွားရောက်၍ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ကြည့်ရှုလေ့လာကြပြီး ဘုရားကျောင်းအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမြင့်သူ၊ ဂျပန် ကာကွယ်ရေးဝန်ကြီးဌာနမှ Colonel Ishiwata၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး တင်စိုးနှင့် တာဝန်ရှိသူများက နာရီတာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

# သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ဆယ်အိမ်တန်းကမ်းခြေ၌ စည်ကားလျက်ရှိ



**ကွမ်းခြံကုန်း အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကျေးရွာကို ဖြတ်သန်းတည်ရှိနေသော ဆယ်အိမ်တန်းကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသောပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လူသိပိုများပြားလာသော

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

ကြေးမုံ ယနေ့ ဖတ်စရာ

ဟာမမတ်စုမြို့ရှိ ဗိုလ်မိုးကြိုး အိမ်သို့ တစ်ခေါက်
စာမျက်နှာ » ၆

မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ထုတ်လုပ်ရေးနှင့် ရုပ်ရှင်ကားများ
စာမျက်နှာ » ၁၅



# ကြေးမုံ

## ဈေးကွက်ကန့်သတ်ချက်များ ကျော်လွှား

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၌ အရေးပါသည့်အချက်မှာ ဈေးကွက်ဖြစ်သည်။ ဈေးကွက်၏အဓိကအဟန့်အတားမှာ လက်ဝါးကြီးအုပ်ခြင်းနှင့် ကန့်သတ်ခြင်းဖြစ်သည်။ နိုင်ငံ့စီးပွားရေးဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးဖြစ်စေ မည်သည့်နည်းဖြင့် စီးပွားရေးကောင်းအောင်လုပ်စေကာမူ ဖော်ပြပါအဟန့်အတားနှစ်ခုကို ကျော်လွှားနိုင်ရန်မှာ လွယ်ကူလှမည်မဟုတ်ပါ။ စီးပွားရေးနယ်ပယ်အားကောင်းပါသည်ဟုဆိုသော နိုင်ငံကြီးများသည်ပင် အဆိုပါအချက်ဖြင့်ပင် ဈေးကွက်၌ လက်မှိုင်ချရသည့်အဖြစ်မျိုး ရှိဖူးပါသည်။

မြန်မာနိုင်ငံ၏စီးပွားရေးလောက၌ ကြုံတွေ့နေရသောအခက်အခဲမှာ ယင်းအချက်များပင်ဖြစ်သည်။ မည်မျှပင်ကုန်ထုတ်အရင်းအမြစ်များ ကြွယ်ဝသည်ဖြစ်စေ၊ မည်မျှပင် ကုန်ထုတ်စွမ်းအားများရှိသည်ဖြစ်စေ ဈေးကွက်လက်ဝါးကြီးအုပ်ခြင်း သို့မဟုတ် ဈေးကွက်ကန့်သတ်ခြင်းဒဏ်ကို မခံနိုင်ဘဲ များသောအားဖြင့် အရှုံးနှင့်ရင်ဆိုင်ရပါသည်။ ယင်းအရေးကို သက်ဆိုင်ရာတို့အနေဖြင့် လုံးဝဖြေရှင်းရေးမှာ မလွယ်ကူဘဲ ပြေလည်နိုင်မည့်နည်းလမ်းများကို ရှာဖွေကြရပါသည်။

နည်းလမ်းများကို ရှာဖွေကြရာ၌ နိုင်ငံပိုင်းဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ နည်းလမ်းကောင်းများဖော်ထုတ်နေကြသည်ဖြစ်၍ အခြေအနေကောင်းတစ်ခုတော့ ရနိုင်မည်ဟု မျှော်လင့်ပါသည်။ ဈေးကွက်စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်မှာ မလွယ်ကူသော်လည်း ထုတ်ကုန်လုပ်ငန်း အလှည့်အပြောင်းနှင့် ကုန်သွယ်မှုချောမွေ့ရေးတို့ဖြင့် လုပ်ဆောင်နိုင်လျှင် စီးပွားရေးအောင်မြင်မှုအတိုင်းအတာတစ်ခုရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို စိုက်ပျိုးစွမ်းအားအရင်းအမြစ်များအပေါ်တွင် မှီခိုအားထားနေရသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ကြံသီးနှံများမှာ အစဉ်အဆက်စိုက်ပျိုးထုတ်လုပ်လာသော အဓိကအားထားရသည့် သီးနှံများဖြစ်သည်။ ယခုအခါ အဆိုပါသီးနှံများ၏ ဈေးကွက်မှာ အကန့်အသတ်နှင့် အခက်အခဲများရှိလာသဖြင့် ယိမ်းယိုင်ချည့်နဲ့လာခဲ့သည်။ အထူးသဖြင့် အဓိကရောင်းဝယ်ဖောက်ကား စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဈေးကွက် ကန့်သတ်ချက်ဖြစ်ပေါ်ခြင်းသည် တောင်သူလယ်သမားအများစုအတွက် ထိခိုက်နစ်နာမှုဖြစ်စေသည်။

ပဲနှင့် ကြံဈေးကွက်မှာလည်း အလားတူပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံအဓိကစားသုံးသောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အစဉ်အဆက်တင်သွင်းသည်။ သို့သော် ကမ္ဘာ့စီးပွားရေးပြိုင်ဆိုင်မှု ပြင်းထန်လာချိန်၌ မိမိနိုင်ငံ၏အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်အတွက် ပြည်ပသွင်းကုန်များကို ကန့်သတ်မှု၊ ဟန့်တားမှုများ ပြုလုပ်ကြရာ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပို့ကုန်များပါ ထိခိုက်လာရခြင်းဖြစ်သည်။ ကြံသီးနှံအနေဖြင့် ကမ္ဘာ့နိုင်ငံများ၏ နေ့စဉ်စားကုန်ဖြစ်သော်လည်း ဈေးကွက်ကန့်သတ်ချက်ကြောင့် ဈေးကွက်ပျောက်နေသည်။

ထို့ကြောင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ရေး၊ ထုတ်ကုန်ဈေးကွက်ကောင်းမွန်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တွဲဖက်နေသဖြင့် နိုင်ငံတကာစံနှုန်းမီသော မွေးမြူရေးလုပ်ငန်းများကို စဉ်းစားသင့်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်ပစ္စည်းများတွင် အလားအလာအကောင်းဆုံးနှင့် ဈေးကွက်ကန့်သတ်ချက်အနည်းဆုံးမှာ ရေထွက်ကုန်ပစ္စည်းဖြစ်၍ ယင်းကို တီထွင်ကြံဆ ရှာဖွေဖော်ထုတ်လုပ်ကိုင်သင့်သည်။ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်မှာ စားနပ်ရိက္ခာများဖြစ်၍ နိုင်ငံတကာက သတ်မှတ်ထားသော စံနှုန်းများ၊ ဘေးကင်းလုံခြုံစိတ်ချရသော အစာအာဟာရများ ဖြစ်မည်ဆိုလျှင် ကမ္ဘာ့နိုင်ငံများ စိတ်ဝင်စားမှုမြင့်တက်လာပြီး ဈေးကွက်ကန့်သတ်ချက်လည်း လျော့ကျသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်၊ ပြည်တွင်းစားကုန်နှင့် ပြည်ပစားကုန်တို့ကိုခွဲခြားပြီး စိုက်ပျိုးထုတ်လုပ်ခြင်း၊ အာဟာရပြည့်ဝသော အစားအစာ၊ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံ၊ ထုပ်ပိုးသိမ်းဆည်းမှုကောင်းမွန်သော ထုတ်ကုန်များဖြစ်အောင် စနစ်တကျ လုပ်ကိုင်နိုင်စေရန် နိုင်ငံတော်၏အားပေးကူညီမှုကိုရယူပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမား၊ ရေလုပ်သားများ ဟန်ချက်ညီညီလက်တွဲလုပ်ကိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။ ။




## မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ကျိုင်းတုံမြို့ မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သံဃာတော်များ ဒုတိယအကြိမ် ဓမ္မခရီးစဉ်ကြွရောက်မည်

**ကျိုင်းတုံ အောက်တိုဘာ ၁၄**

မဲခေါင်မြစ်ဝှမ်းဒေသ ငါးနိုင်ငံမှ ဆရာတော် သံဃာတော်များပါဝင်သောအဖွဲ့သည် ဒုတိယအကြိမ် ဓမ္မခရီးစဉ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ တာချီလိတ်မှတစ်ဆင့် အောက်တိုဘာ ၁၇ ရက် ကြာသပတေးနေ့တွင် ကြွရောက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဗောဓိဂါယာဝိဇ္ဇာလျ(၉၈၀) အသင်း၏ ဦးဆောင်စည်းရုံးမှုနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်နှင့် ကျိုင်းတုံမြို့များသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဆရာတော် သံဃာတော်ကြီးများ၊ အစိုးရအဖွဲ့ဝင်များနှင့် အလှူရှင်များ ပါဝင်သောအဖွဲ့သည် ဓမ္မခရီးစဉ်ကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကြွရောက်ရာတွင် ကျိုင်းတုံမြို့ Amazing Hotels ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မွန်းလွဲ ၂ နာရီတွင် မဟာမြတ်မုနိဘုရားကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူကြခြင်း၊ ညနေ ၃ နာရီခွဲတွင် အမှတ် (၄) ရပ်ကွက် ဟိုခုံပရိယတ္တိစာသင်တိုက်ခွဲ ဆောက်လုပ်မည့်မြေနေရာ၌ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော မဟာဗောဓိပင်အား စိုက်ပျိုးခြင်း၊ ညနေ ၄ နာရီခွဲတွင် ကျိုင်းယင်းကျောင်းတိုက် ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တခေမာစာရဦးဆောင်၍ သံဃာတော်များနှင့်အတူ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် သံဃာတော် ၂၇ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း၊ ရေစက်ချ တရားနာယူခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို စုပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းထွန်း(ပြန်/ဆက်)

## ဖလမ်းမြို့၌ ချင်းရိုးရာနှစ်သစ်ကူးပွဲတော် MINKUT (မိမ်းကုသ်)ပွဲတော်ကျင်းပ




**ဖလမ်း အောက်တိုဘာ ၁၄**

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်တစ်ခုဖြစ်သော ဟွာလ်ငိုးမျိုးနွယ်စုများ၏ MINKUT (မိမ်းကုသ်) ပွဲတော်ကို ဟွာလ်ငိုစာပေနှင့်ယဉ်ကျေးမှုအသင်း၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက ဖလမ်းမြို့ ဖါရိထောက်ရပ်ကွက် YCC (Young Community Centre )၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် သိက္ခာတော်ရဆရာတော် ရွှန်းလျန်ထန်းအာက အဖွင့်ဆုတောင်းပေးပြီး ဟွာလ်ငိုးမျိုးနွယ်စုများမှ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ထို့နောက် ပူးထန်းကြွန်းအာနှင့် ပူးဟရန်ကမ်းလိုအာတို့က အမှာစကားပြောကြားကြပြီး ပူးဆိုင်းလျန်ကျဲအိုအာက MINKUT (မိမ်းကုသ်) ပွဲတော်ဖြစ်ပေါ်လာပုံကို ပြောကြားသည်။

ဆက်လက်၍ ဟွာလ်ငိုးလူငယ်များက ဟွာလ်ငိုးရိုးရာအကများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဟွာလ်ငိုးမျိုးနွယ်စုများ၏ MINKUT(မိမ်းကုသ်)ပွဲတော်ကို ၂၀၁၇ ခုနှစ်မှစ၍ ဖလမ်းမြို့၌ စတင်ကျင်းပခဲ့ပြီး ယခုအခါ တတိယအကြိမ်မြောက်ကျင်းပသည့်ပွဲတော် ဖြစ်သည်။

အလားတူ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ဖလမ်းမြို့ရှိ မျိုးနွယ်စုများကလည်း မိမိတို့မျိုးနွယ်စုအလိုက် အသီးသီး ကျင်းပခဲ့ကြကြောင်း၊ ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်ကို မျိုးနွယ်စုအလိုက်အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားကြောင်း သိရသည်။

တလွန်းအာ(ပြန်/ဆက်)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama၊ စစ်သံမှူး Col. Takashi Komatsu နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



## လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဆင့်မြင့်တိုးချဲ့ (၇) ထပ်ဆောင်နှင့် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီး (ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်တိုးချဲ့ (၇) ထပ်ဆောင်နှင့် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီး (ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၂ ရက်တွင် လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်လျက်ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဆင့်မြင့်တိုးချဲ့ (၇) ထပ်ဆောင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက အဆင့်မြင့်တိုးချဲ့ (၇) ထပ်ဆောင် ဆောက်လုပ်ခဲ့မှုရာဇဝင်အကျဉ်း၊ တိုးချဲ့ (၇) ထပ်ဆောင်တွင် ခာတ်မှန်နှင့် ပုံရိပ်ဖော်ရောဂါရှာဖွေရေးဌာန၊ ရောဂါဗေဒဌာန၊ ဆေးကုသဆောင်များ၊ သီးသန့်လူနာဆောင်များ၊ ဆေးပညာသင်ကြားခန်းမများ ပါဝင်တည်ဆောက်သွားမည့် စီမံကိန်းအစီအစဉ်များနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှု၍ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အဖွဲ့အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ပြီးစီး၍ ဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးနောက် လပိုင်းအတွင်း ဆေးရုံကြီး စတင်လည်ပတ်၍ ဝန်ဆောင်မှုပေးအပ်နိုင်ရန် လူအင်အားနှင့် ပစ္စည်းအင်အားများ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ ပြင်ဆင်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးလှူဒါန်းမှုဖြင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် သူနာပြုတက္ကသိုလ်အကြားရှိ မြေနေရာတွင် တည်ဆောက်လျက်ရှိသော နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကု ဆေးရုံသစ်ကြီး (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုရာ တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်



ရှိသည့် ဂျပန်နိုင်ငံအခြေစိုက် Taisei Corporation မှ Construction Manager Mr. Hiroshi Hagiwara နှင့် Commercial Manager Mr. Hiroki Kagami၊ Yamashita Sekkei Inc. မှ Consultant Mr. Chauk Chan Sangနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီး (ရန်ကုန်) တည်ဆောက်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရက ဂျပန်ယန်း (၈ ဒသမ ၆) ဘီလီယံခန့်ကို ထောက်ပံ့ကူညီမည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ငွေကျပ် ၄၂ ဘီလီယံခန့် ကျခံသုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ် ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် တီးတိန်– ရိဒ်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် မံဆောင်းတံတားသစ် တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စတင်တည်ဆောက်မည်**

အိန္ဒိယ – မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးလမ်းဖြစ်သော တီးတိန် – ရိဒ်ခေါ်ရ်ဒါလမ်းပေါ်ရှိ မံဆောင်းကြိုးတံတားဟောင်းအနီးတွင် ရာသီမရွေးသွားလာနိုင်မည့် မံဆောင်းတံတားသစ်ကို ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိ နှစ်လမ်းသွား Steel Box Girder Type ဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တီးတိန် – ရိဒ်လမ်း အူကြောင်းသစ်လျာထားနေရာ၊ တီးတိန် – ရိဒ်ခေါ်ရ်ဒါနယ်စပ်တံတားနှင့် အိန္ဒိယ – မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတံတား တည်ဆောက်မည့်နေရာ၊ ဆအက် – သီးကျိုရ် – မွန်လွ – ကြော့သဲ– လျန်နှာ(ဟ) – လျန်နှာ(သ) – တီအိုချောင်း – ရိဒ် ကျေးလက်လမ်း၊ ရိဒ် – ဖလမ်း – ဟားခါးလမ်းနှင့် တလပ်လွန် – ခဲန်ကန် – ခေါ်ရွာ – ကျဲရ်မွန်လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆူရ်ဘုန်(ဖလမ်း) လေဆိပ်သစ်တည်ဆောက်နေမှုနှင့် ဖလမ်း – ဟားခါးလမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။


သတင်းစဉ်

# သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် နေပြည်တော်ရှိ အပန်းဖြေနေရာများတွင် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိ

ယနေ့သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ဖြစ်သော်လည်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)နှင့် လေ့ခွင်းတောင်ရေဆိပ်တို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာအပန်းဖြေကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။


ကိုမင်းအောင်


ဒေါ်စန်းမြင့်


မသရဖီစိုး


ဒေါ်ခင်မီမီသိမ့်


ကိုဖိုးထူးကျော်


ဦးတင်လှ

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ ဓာတ်ပုံဆရာ ကိုမင်းအောင်က “ကျွန်တော်တိုင်းရင်းသား ကျေးရွာမှာ ဓာတ်ပုံလုပ်ငန်း ဆောင်ရွက်တာ ရှစ်နှစ်ရှိပါပြီ။ ဒီလို ရုံးပိတ်ရက်တွေမှာဆိုရင် အမှတ်တရ ဓာတ်ပုံရိုက်ကြတဲ့ ခရီးသွားဧည့်သည်တွေ များပါတယ်။ အရင်လိုတော့ သိပ်မရိုက်ရတော့ပါဘူး။ လာလည်ကြသူတွေမှာ ကိုယ်ပိုင်ဖုန်းတွေပါတော့ ဖုန်းနဲ့ရိုက်ကြတာများပါတယ်။ အမှတ်တရ ဓာတ်ပုံရိုက်တဲ့သူ အများစုကတော့ တိုင်းရင်းသားရိုးရာဝတ်စုံတွေ ဝတ်ဆင်ရိုက်ကူးကြပါတယ်။ ဒီလိုရုံးပိတ်ရက်တွေမှာဆိုရင် နေပြည်တော်ဝန်းကျင်တင်မကဘဲ အနယ်နယ်အရပ်ရပ်ကနေ လာရောက်လည်ပတ်ကြတဲ့ သူတွေရှိပါတယ်။ မိသားစုလိုက် လာရောက်အပန်းဖြေကြတဲ့ သူတွေများပါတယ်” ဟု ပြောသည်။

**ဘုရားတွေ အစုံလိုက်ဖူး**

အုတ်တွင်းမြို့နယ်မှ ဒေါ်စန်းမြင့်က “ကျွန်မ အသက်က ၇၁ နှစ်ရှိပါပြီ။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာလည်တာ နှစ်ကြိမ်ရှိပါပြီ။ အခုလာတဲ့အထဲမှာ သားသမီး၊ မြေး၊ မြစ်တွေအပြင် ညီမတွေလည်းပါလို့၊ မိသားစုစုံလို့ အရင်တစ်ခေါက်ထက် ပိုပျော်ရွှင်ရပါတယ်။ နံနက်ပိုင်းက နေပြည်တော်မှာရှိတဲ့ ဘုရားတွေ အစုံလိုက်ဖူးပြီးပါပြီ။ အခု နေ့လယ်ပိုင်းမှာ အရိပ်အာဝါသကောင်းတဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်အပန်းဖြေတာပါ။ ကျန်းမာရေးကောင်းနေသမျှ နေပြည်တော်ကို လာရောက် အပန်းဖြေနေဦးမှာဖြစ်ပါတယ်” ဟု ပြောသည်။

လယ်ဝေးမြို့နယ် သဲကောကြီး ကျေးရွာမှ ဆယ်တန်းကျောင်းသူ မသရဖီစိုးက “ဒီအမျိုးသားအထိမ်း အမှတ်ဥယျာဉ်ကို တစ်ခါမှမရောက်ဖူးပါဘူး။ ပထမဦးဆုံးအခေါက်ပါ။ အခု ကျောင်းတွေပိတ်လို့ နေပြည်တော်မှာ လေ့လာဖို့အတွက် အမေက လိုက်ပို့တာပါ။ ဒီရောက်တော့ တိုင်းရင်းသား ရိုးရာဝတ်စုံတွေဝတ်ဆင်ပြီး ဓာတ်ပုံ ရိုက်လို့ရလို့ ပျော်ပါတယ်။ ဗဟုသုတနဲ့ အတွေးအခေါ်အသစ်တွေရလို့ ပျော်ရွှင်မိပါတယ်။ လာရောက်လေ့လာသူတွေနဲ့ စည်စည်ကားကားရှိနေတာကို တွေ့ရပါတယ်။ နှောင်မှာလည်း သူငယ်ချင်းကိုခေါ်ပြီး ထပ်လာလည်ဖို့ အစီအစဉ်ရှိပါတယ်” ဟု ပြောသည်။

ဇေယျာသီရိမြို့နယ်မှ ကျောင်းဆရာမ ဒေါ်ခင်မီမီသိမ့်က “ကျွန်မအနေနဲ့ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကို ကျောင်းသား ကျောင်းသူ တွေ လေ့လာလို့ရအောင် ဦးဆောင်ပြီး ခေါ်လာတာဖြစ်ပါတယ်။ ဒီမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာ၊ ဓလေ့၊ နေထိုင်ပုံတွေကို ကျောင်းသူကျောင်းသားတွေက တွေ့မြင်ပြီး သဘောကျနေကြပါတယ်။ ဒီလို လေ့လာခြင်းအားဖြင့် သူတို့တွေ အတွက် ဗဟုသုတတွေ အများကြီး ရမှာ ဖြစ်ပါတယ်။ နောက်ထပ် ကျောင်းသားတွေကို ဦးဆောင်ပြီး ခေါ်လာဖို့ အစီအစဉ်တွေရှိပါတယ်” ဟု ပြောသည်။

**ဈေးပိုရောင်းကောင်း**

ယခုကဲ့သို့ ရုံးပိတ်ရက်ရှည် ကာလများတွင် ယခင်ရက်များထက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ အနယ်နယ် အရပ်ရပ်မှ လာရောက်အပန်းဖြေကြသူများ များပြားလျက်ရှိပြီး ဥယျာဉ် အတွင်းသို့ လှည့်လည်လေ့လာရာတွင် ခြေကျင်ဖြင့် လှည့်လည်လေ့လာကြသူများရှိသကဲ့သို့ ကားများဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်ကိုလည်း တွေ့ရသည်။

အလားတူ နေပြည်တော် လေ့ခွင်းတောင် ရေဆိပ်တွင်လည်း အပန်းဖြေအနားယူ ရေကူးကြသူများ ဖြင့် စည်ကားလျက်ရှိရာ နှင်းကောင်းကျော် စားသောက်ဆိုင်ပိုင်ရှင် ကိုဖိုးထူးကျော်က “ဒီသီတင်းကျွတ်ကာလမှာ ပုံမှန်ရက်တွေထက်ပိုပြီး ဈေးရောင်းကောင်းပါတယ်။ နယ်ကလာရောက်သူ တွေ ပိုများတာကို တွေ့ရပါတယ်။ နေပြည်တော်က ရုံးဝန်ထမ်းတွေနဲ့ အနီးပတ်ဝန်းကျင်မြို့နယ်တွေက လူတွေလည်း လာရောက်ကြလို့ ဒီမှာ ပိုစည်ကားပြီး ဈေးပိုရောင်းကောင်း ပါတယ်” ဟု ပြောသည်။

**ပထမဦးဆုံးရောက်ဖူး**

“ကျွန်တော့်အနေနဲ့ လေ့ခွင်းတောင်ကို ပထမဦးဆုံး ရောက်ဖူးတာဖြစ်ပါတယ်။ ကျွန်တော်တို့က အဖွဲ့လိုက်လာတာပါ။ နေပြည်တော်က တခြားနေရာတွေလည်း ရောက်ပြီးပါပြီ။ အခု နေ့လယ်ပိုင်းမှာ ဒီကို အနားယူဖို့လာတာဖြစ်ပါတယ်။ ကျွန်တော် ရေမကူးတတ်ပေမယ့် သူများတွေရေကူးတာမြင်တော့ အားကျမိပါတယ်။ ဒီမှာ အေးအေးဆေးဆေး အနားယူစားသောက်ပြီးမှ ပြန်ကြမှာဖြစ်ပါတယ်”ဟု ရန်ကုန်မြို့မှ ဦးတင်လှက ပြောသည်။

**ကုန်ကျစရိတ်ပိုမိုသက်သာ**

ဆွာမြို့နေ ဦးလှဦးကလည်း “ကျွန်တော် ဒီကို ခဏခဏရောက်ဖြစ်ပါတယ်။ ကားလိုက်မောင်းပို့ရင်းနဲ့ ရောက်တာရှိသလို၊ မိသားစုနဲ့ လာရောက်အပန်းဖြေတာလည်း ရှိပါတယ်။ ကျွန်တော်တို့လို နေပြည်တော်နဲ့ ပတ်ဝန်းကျင်မြို့တွေမှာ နေထိုင်သူတွေအနေနဲ့ ချောင်းသာတို့ ငွေဆောင်တို့ သွားတာထက်စာရင် လေ့ခွင်းတောင်ကိုလာရတာ ကုန်ကျစရိတ်ပိုမိုသက်သာပါတယ်။ ဒီကိုလာရင်းနဲ့လည်း တစ်ဆက်တည်း ဒီက ဘုရားတွေပါ တစ်ခါတည်းဖူးလို့ရပါတယ်။ ဒါကြောင့် တခြားသူတွေကိုလည်း နေပြည်တော်ကို လာရောက်လည်ပတ်ဖို့၊ အပန်းဖြေဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။


သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြသူများကို တွေ့ရစဉ်။


နေပြည်တော် လေ့ခွင်းတောင်ရေဆိပ်တွင် ရေကူးကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ငလိုက် ဆင်စခန်းတို့တွင်လည်း ပုံမှန်ရက်များထက် လာရောက်လေ့လာ အပန်းဖြေ အနားယူကြသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရေပန်းဥယျာဉ်တွင် နံနက်ပိုင်းနှင့် ညနေပိုင်းတွင်သာမက ညပိုင်းအထိပါ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-မျိုးမြင့်**

**ဓာတ်ပုံ-အေးသန်း၊ ထန်းဖုန်**

■

ကြေးမုံ



# သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း တောင်သမန်အင်းနှင့် ဦးပိန်တံတားတွင် ပြည်တွင်းခရီးသွားများဖြင့် အထူးစည်ကား

**မန္တလေး အောက်တိုဘာ ၁၄**

ယခုနှစ်သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ကာလများဖြစ်သည့် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာကျော် တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လေ့လာအပန်းဖြေမှုများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါတောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ နေ့စဉ်ပြည်တွင်းပြည်ပခရီးသွားများ ပုံမှန်ဝင်ရောက်လေ့ရှိသော်လည်း ယခု သီတင်းကျွတ်ကာလတွင် ရုံးပိတ်ရက်ရှည်နှင့် သီတင်းကျွတ်ကျောင်းပိတ်ရက်တို့ တိုက်ဆိုင်သည့်ကာလဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ ဝင်ရောက်လေ့လာမှုကြောင့် ပိုမိုများပြားလာကြောင်း ဦးပိန်တံတားအနီးတွင် ဖွင့်လှစ်ရောင်းချနေသည့် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များမှ သိရသည်။



ဦးပိန်တံတားတွင် လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နွေးထွေးကြင်နာမှုတွေ ဖြစ်စေ**

''သီတင်းကျွတ်ကာလမှာ ကျောင်းတွေလည်း ပိတ်တယ်။ ကျွန်တော်တို့ဝန်ထမ်းတွေအတွက်လည်း ဒီပိတ်ရက်က ခရီးထွက်ဖို့ လုံလောက်တဲ့အတွက် မိသားစုတွေ၊ ဆွေမျိုးတွေ လုပ်ဖော်ကိုင်ဖက်တွေ စုပေါင်းပြီး မန္တလေးကို ခရီးထွက်ခဲ့ကြတာပါ။ မနေ့က ပြင်ဦးလွင်ကို သွားပြီးအနားယူခဲ့ပါတယ်။ ဒီနေ့ မနက်တော့ မန္တလေးက ဘုရားတွေကို လှည့်လည်ဖူးမြော်ပြီးပေမယ့် တောင်သမန်အင်းနဲ့ ဦးပိန်တံတားကိုရောက်မှမန္တလေးခရီးစဉ်က ပြည့်စုံမှာဖြစ်တဲ့အတွက် အခုဒီကို ဝင်ရောက်လေ့လာပြီး ငါးကြော်လတ်လတ်ဆတ်ဆတ်တွေ စားရင်းအပန်းဖြေနေတာပါ။ အခုလို အားလပ်ရက်တွေမှာ ခရီးထွက်အပန်းဖြေခြင်းဟာ မိမိကျန်းမာရေးအတွက်သာမက မိသားစု မိတ်ဆွေအချင်းချင်းလည်း နွေးထွေးကြင်နာမှုတွေ ဖြစ်စေပါတယ် ''ဟု ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူ ကျန်းမာရေးဦးစီးဌာနမှ ဦးကျော်ရွှေက ပြောသည်။



ဦးပိန်တံတားအနီး ဖွင့်လှစ်ရောင်းချသည့် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များတွင် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများသည် အင်းအတွင်း ငှက်လှေစီးခြင်း၊ ဦးပိန်သစ်သားတံတားပေါ် လမ်းလျှောက်၍ အပန်းဖြေခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများအပြင် တောင်သမန်အင်းပတ်လည်တွင် ရောင်းချနေကြသည့် ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ဝယ်ယူမှုများဖြင့် စည်ကားလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# မန္တလေးတက္ကသိုလ်ပင်မဆောင်ရှေ့၌ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့တွင် ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ညနေ ၅ နာရီမှ စတင်၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကို မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများက ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး ရတနာကျောက်စိမ်း ဆီမီးခွက်များဖြင့် မန္တလေးတက္ကသိုလ်ပင်မဆောင်လှေကားများတွင် ဆီမီးများ ထွန်းညှိပူဇော်ပြီး လှေကားလက်ရန်းများတွင် LED မီးများ အလှဆင်ထားရှိကာ ရွှေမန်းဆောင်နှင့် မန္တလာဆောင်ဘက်သို့ သွားရာ လမ်းတစ်လျှောက်နှင့် ဓမ္မာရုံသို့သွားသော လမ်းဘေးဝဲ၊ ယာများ၊ ဓမ္မာရုံအတွင်းနှင့်အပြင်ရှိ ဘုရားအချို့နှင့် ပင်မဆောင်လမ်းမကြီးအဝင်တစ်လျှောက်တွင် ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည့်အပြင် စတုဒိသာ ကျွေးမွေးလှူဒါန်းသည့် အစီအစဉ်များ ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲတွင် မန္တလေးမြို့အပါအဝင် နယ်မြို့များရှိ ကျောင်းသားကျောင်းသူဟောင်းများနှင့်အတူ လက်ရှိပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများလည်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟာမမတ်စုမြို့ရှိ ဗိုလ်မိုးကြိုးအိမ်သို့ တစ်ခေါက်

■ ငွေကြည်

၂၀၀၁ ခုနှစ်မှာ တိုကျိုဖောင်ဒေးရှင်းရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့တစ်တွေ ဂျပန်နိုင်ငံခရီးစဉ်ကို သွားခဲ့ရပါတယ်။

ကျွန်တော်တို့တစ်တွေဆိုတာက ကျွန်တော်နဲ့ ဒေါက်တာတင်ထွန်းဦးပါ။ ကျွန်တော့်ကို ကာတွန်းဆရာအဖြစ် ဖိတ်ကြားတာဖြစ်ပြီး ဒေါက်တာတင်ထွန်းဦးကိုတော့ စာနယ်ဇင်းဆရာအဖြစ် ဖိတ်ကြားခဲ့တာဖြစ်တယ်။

ဒီခရီးစဉ်ဟာ အတွေ့အကြုံအများကြီးရပြီး အကျိုးရှိတဲ့ခရီးစဉ်လို့ ဆိုရပါမယ်။ ဂျပန်နိုင်ငံ (တိုကျို၊ အတာမီ၊ ဟာမမတ်စု၊ ကျိုတို၊ အိုဆာကာ၊ ကိုဘေး)မြို့ကြီး ခြောက်မြို့ကိုသွားခဲ့ရပြီး အချိန်နှစ်ပတ်နီးပါးကြာခဲ့တယ်။

**ရောက်ရှိခဲ့သော နေရာများ**

ထင်ရှားတဲ့ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းတွေ၊ တိုကျိုဖောင်ဒေးရှင်းရုံးချုပ်၊ တိုကျိုဒစ္စနေလန်း၊ TMS ကာတွန်းရုပ်ရှင်စတူဒီယို၊ ဆာမူရိုင်းရုပ်ရှင်စတူဒီယို၊ စာအုပ်မျိုးစုံနဲ့ ကာတွန်းရုပ်ပြမျိုးစုံရှိတဲ့ စာအုပ်ဆိုင်ကြီးတွေ၊ အီလက်ထရွန်နစ် ပစ္စည်းဆိုင်ကြီးတွေ၊ ကုန်တိုက်ကြီးတစ်ခုထဲက ရုပ်ရှင်ဂီတအခွေနဲ့ ပစ္စည်းမျိုးစုံအရောင်းခန်းမ၊ မြင်းပြိုင်ပွဲ၊ မော်တော်ဘုတ်ပြိုင်ပွဲနဲ့ ဂျပန်လူမျိုးတွေ အလွန်နှစ်သက်တဲ့ (ပါချင်ကို) ဂိမ်းဆိုင်ခန်းမကြီးတွေကို ရောက်ခဲ့တယ်။

ကျွန်တော်တို့ဆီက သိမ်ကြီးဈေး၊ မင်္ဂလာဈေးတို့လို လက်ကားရောင်းချတဲ့ဈေးကြီးတစ်ဈေးနဲ့ အိမ်မှာ အသုံးမလိုတော့တဲ့ပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ ပြန်ရောင်းကြတဲ့ (ဆယ်ပြားဈေး)ကိုလည်း ရောက်ခဲ့တယ်။

အစားအသောက်နဲ့ပတ်သက်ရင်လည်း ဟိုတယ်ကြီးတွေကနေ အရပ်ထဲစားသောက်ဆိုင်တွေအထိ စုံအောင်စားခဲ့ရတယ်။

တိုကျိုမှာဖွင့်ထားတဲ့ မြန်မာထမင်းဆိုင်နဲ့ ဗီယက်နမ်စားသောက်ဆိုင်၊ နာမည်ကြီးလွန်းလို့ နာရီဝက်လောက်ထိုင်စောင့်ပြီး အလှည့်ကျစားခဲ့ရတဲ့ တိုကျိုချိုင်းနားတောင်း (တရုတ်တန်း)က ပီဇာဆိုင်၊ မတ်တတ်ရပ်တန်းစီပြီးစားခဲ့ရတဲ့ နာမည်ကျော်ရေဘဝဲပြုတ်ဆိုင်၊ ဘားကောင်တာလိုနေရာမှာ ခုံတွေနဲ့ထိုင်ပြီး ကိုယ့်ရှေ့မှာတင် အသီးအနှံနဲ့သားငါးတွေကိုသိတ်တံထိုး ချက်ချင်းကြော် တစ်ပွဲပြီးတစ်ပွဲ လာချပေးတာကို ထမင်းလွတ်စားခဲ့ရတဲ့အကြော်ဆိုင် စုံနေတာပါပဲ။

**အတွေ့အကြုံအတော်စုံ**

ဂျပန်ရိုးရာစတိုင်ဟိုတယ်(Shinkado Ryokan) မှာတော့ ရေနွေးကန်စိမ်၊ ဂျပန်ကီမိုနိုဝတ်စုံဝတ်၊ ကြမ်းပြင်မှာထိုင် စားပွဲပေါ်ပြင်ဆင်ထားတဲ့ ဂျပန်အစားအစာတွေစား၊ ဂွမ်းကပ်အိပ်ရာနဲ့ ကြမ်းပြင်မှာအိပ်ပြီးလည်း တစ်ညတာတည်းခဲ့ရတယ်။

ဂျပန်နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်တဲ့ လိုင်းကား၊ တက္ကစီကားတွေအပြင် အထပ်ခြောက်ထပ်ရှိတဲ့ ရထားလိုင်းတွေ၊ မြေပေါ်ရထား၊ မြေအောက်ရထား၊ ကျည်ဆန်ရထားတွေနဲ့လည်း တစ်မြို့ပြီးတစ်မြို့ သွားခဲ့ရလို့ အတွေ့အကြုံအတော်စုံပါတယ်။

**ဗိုလ်မိုးကြိုးအိမ်သို့**

ဒီအထဲမှာ ထူးထူးခြားခြားသွားခဲ့ရတဲ့ နေရာတစ်ခုရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဗိုလ်မိုးကြိုးလို့ သိကြတဲ့ ကာနယ်ဆူဇူကီးအိမ်ကို သွားခဲ့ကြတာပါ။

ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူးကြီးဆူဇူကီးရဲ့အမည်ဟာ ကျွန်တော်တို့မြန်မာတွေနဲ့ အလွန်ရင်းနှီးပါတယ်။ ကာနယ်ဆူဇူကီးဟာ မြန်မာ့လွတ်လပ်ရေးသမိုင်းနဲ့ မြန်မာ့တပ်မတော်သမိုင်းမှာ အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။

၁၉၄၀ ပြည့်နှစ်မှာ သခင်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ဟာ မြန်မာ့လွတ်လပ်ရေးအတွက် တရုတ်ကွန်မြူနစ်တွေနဲ့ ဆက်သွယ်ဖို့ တရုတ်ပြည် အမွိုင်မြို့ကို ရောက်ခဲ့ကြတယ်။ တရုတ်ကွန်မြူနစ်တွေနဲ့ အတော်ကြာကြာ အဆက်အသွယ်မရဘဲရှိနေတုန်း ဂျပန်တပ်မတော်အရာရှိတစ်ဦးက လာရောက်ခေါ်ဆောင်ပြီး ကာနယ်ဆူဇူကီးနဲ့ တွေ့ပေးခဲ့တယ်။

ဗိုလ်မှူးကြီး ဆူဇူကီးဟာ နောင်အခါမှာ (မီနာမီကန်) လျှို့ဝှက်အသင်းခေါင်းဆောင်အဖြစ် ထင်ရှားလာတယ်။ မီနာမီကန်အဖွဲ့ဟာ မြန်မာ့ပြည်သူ့လွတ်လပ်ရေးကို အကူအညီပေးဖို့နဲ့ စစ်အတွင်းတရုတ်-မြန်မာလမ်းမကြီးကို ပိတ်ဆို့ဖို့ တည်ထောင်ခဲ့တာဖြစ်တယ်။

**စစ်ပညာသင်ကြားပေး**

ဗိုလ်မှူးကြီးဆူဇူကီး အဆက်အသွယ်နဲ့ မြန်မာနိုင်ငံက လျှို့ဝှက်ထွက်ခွာလာတဲ့ လူငယ် ၃၀ ကို ဗိုလ်မှူးကြီးဆူဇူကီးဦးဆောင်ပြီး စစ်ပညာသင်ကြားပေးခဲ့တယ်။ အဲဒီအဖွဲ့ဟာ ရဲဘော်သုံးကျိပ်အဖွဲ့အဖြစ် ထင်ရှားခဲ့တယ်။

၁၉၄၁ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဦးဆောင်တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကိုဖွဲ့စည်းတယ်။ ပြီးတော့ အဲဒီအချိန်က ဂျပန်လက်အောက်မှာရှိနေတဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဗိုလ်ဝင်ခံပြီး သခင်နာမည်တွေအစား စစ်ဗိုလ်နာမည်တွေ ပြောင်းကြတယ်။ ဒီလိုနဲ့ သခင်အောင်ဆန်းက ဗိုလ်တေဇ၊ သခင်လှဖေက ဗိုလ်လက်ျာ၊ သခင်ရှုမောင်က ဗိုလ်နေဝင်း စတဲ့ အမည်တွေဖြစ်လာပြီး ဗိုလ်မှူးကြီးဆူဇူကီးလည်း ဗိုလ်မိုးကြိုးဖြစ်လာခဲ့တယ်။

၁၉၄၁ ခုနှစ်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟာ ဂျပန်တပ်မတော်အကူအညီနဲ့ ဗြိတိသျှနယ်ချဲ့ကို တော်လှန်မောင်းထုတ်ခဲ့တယ်။ ဗိုလ်မိုးကြိုးက စစ်သေနာပတိချုပ်အဖြစ် ဦးဆောင်ခဲ့တယ်။

နောက်ပိုင်းမှာ မြန်မာကိုလွတ်လပ်ရေးပေးမယ်လို့ ကနဦးပေးထားတဲ့ကတိကို ဂျပန်စစ်ဘက်အာဏာပိုင်တွေက ချိုးဖောက်တဲ့အခါ ဗိုလ်မိုးကြိုးတစ်ယောက် အတော်စိတ်ထိခိုက်ပေါက်ကွဲခဲ့တယ်လို့ သိရတယ်။ ဗိုလ်မိုးကြိုးနဲ့ ရဲဘော်သုံးကျိပ်ကြားမှာ ယုံကြည်မှုခိုင်မာပြီး စာနာမှုတွေလည်း ရှိကြတယ်။

**သရုပ်ဖော်ရေးဆွဲထား**

၁၉၄၂ ခုနှစ်မှာ ဂျပန်ဘုရင်ကြည်းတပ်မတော်စစ်ဌာနချုပ်က ဗိုလ်မိုးကြိုးကိုပြန်ခေါ်ယူလိုက်တယ်။ ဗိုလ်ချုပ်ရာထူးတိုးပေးပေမယ့် အရေးမပါတဲ့ တာဝန်တွေကိုသာ ပေးတယ်လို့ သိရတယ်။ ဗိုလ်မိုးကြိုးကို နှုတ်ဆက်တဲ့အနေနဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်က ၁၉၄၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ ရက်စွဲနဲ့ ဩဘာစာရေးသားပြီး တခမ်းတနားဂုဏ်ပြုခဲ့တယ်။ အဲဒီဩဘာစာမှာ ပန်းချီဦးငွေကိုင်က (ဗိုလ်မိုးကြိုးက ဗမာပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အားပေးကူညီနေပုံ) သရုပ်ဖော်ရေးဆွဲထားတယ်။

ဒီနောက်တော့ ဂျပန်ကိုပြန်တော်လှန်ပြီး အင်္ဂလိပ်တို့ဆီက လွတ်လပ်ရေးတောင်းဆိုရယူခဲ့တာပါ။

စစ်ကြီးပြီးသွားတဲ့အခါမှာတော့ ဗိုလ်မိုးကြိုးဟာ ဂျပန်ဘုရင့်တပ်မတော်မှ အနားယူသွားပြီး စီးပွားရေးလောကထဲ ရောက်သွားတယ်လို့ သိရတယ်။

၁၉၅၂ ခုနှစ်မှာ ဗိုလ်မိုးကြိုး မြန်မာနိုင်ငံကို အလည်လာခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာတော့ ဒုတိယအကြိမ် ထပ်ရောက်လာပြီး ရဲဘော်သုံးကျိပ်ဝင်တွေနဲ့ ပျော်ပျော်ပါးပါး အတူတကွ ညစာသုံးဆောင်ခဲ့ကြတယ်လို့ သိရတယ်။

ဒီနောက် သိပ်မကြာလှပဲ ၁၉၆၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ ဗိုလ်မိုးကြိုးရဲ့ မြန်မာ့လွတ်လပ်ရေးအပေါ်ထားရှိတဲ့ စိတ်စေတနာကို ဂုဏ်ပြုသောအားဖြင့် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၇/၈၁ နဲ့ မြန်မာနိုင်ငံအစိုးရက "အောင်ဆန်းတံခွန်"ဘွဲ့ကို ချီးမြှင့်ခဲ့ပြီး အဲဒီအခမ်းအနားကို ဗိုလ်မိုးကြိုးရဲ့ဇနီး Misao Suzuki တက်ရောက်လက်ခံခဲ့ပါတယ်။

၂၀၀၁ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ ကျွန်တော်တို့ ကျည်ဆန်ရထားစီးပြီး အတာမီမြို့မှ ဟာမမတ်စုမြို့ (Hamamatsu) ကို ထွက်လာခဲ့ကြတယ်။ ဘူတာရုံမှာ ဗိုလ်မိုးကြိုးရဲ့သား Mr. Kuniyoshi Suzuki လာကြိုပါတယ်။ ဦးဆုံး နေ့လယ်စာကို ဟာမမတ်စုမြို့ရဲ့ နာမည်ကျော် ငါးရှဉ့်ဟင်းစားသောက်ဆိုင်မှာ ညှော့်ခံကျွေးတယ်။ အဲဒီကမှ ဗိုလ်မိုးကြိုးအိမ်ကို သွားကြတယ်။

ဗိုလ်မိုးကြိုးအိမ်ဟာ ဂျပန်ရိုးရာအိမ်တစ်အိမ်ပဲ ဖြစ်ပါတယ်။ အိမ်ရဲ့အနီးအနားဝန်းကျင်မှာတော့ မြို့ပြလူနေမှုအတိုင်း တိုက်တာအဆောက်အအုံတွေ ထိုးထိုးထောင်ထောင်နဲ့ပါ။


ဗိုလ်မိုးကြိုး(ကာနယ်ဆူဇူကီး)ငယ်စဉ်က


တိုကျိုဖောင်ဒေးရှင်းဥက္ကဋ္ဌအား အမှတ်တရလက်ဆောင်ပေးနေစဉ်။



ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ထုတိမင်္ဂလာ ဩဘာစာမှ ပန်းချီဦးငွေကိုင်၏လက်ရာ


ကာတွန်းငွေကြည်၊ ဗိုလ်မိုးကြိုးဇနီး၊ ဒေါက်တာတင်ထွန်းဦး (ရှေ့တန်းဝဲမှယာ)၊ နောက်တန်းယာစွန်-ဗိုလ်မိုးကြိုးသား

**ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူးကြီးဆူဇူကီးရဲ့ အမည်ဟာ ကျွန်တော်တို့ မြန်မာတွေနဲ့ အလွန်ရင်းနှီးပါတယ်။ ကာနယ်ဆူဇူကီးဟာ မြန်မာ့လွတ်လပ်ရေးသမိုင်းနဲ့ မြန်မာ့တပ်မတော်သမိုင်းမှာ အရေးပါတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်**

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

ဘာကြောင့် တိုက်အိမ်မဆောက်တာလဲမေးတော့ ဗိုလ်မိုးကြိုးရဲ့သားက ဒီအိမ်မှာပဲ သူ့ဖခင်ဗိုလ်မိုးကြိုးကို မွေးပြီး အိမ်ရဲ့သက်တမ်းနှစ် ၁၀၀ ကျော်ပြီလို့ ဆိုပါတယ်။ ဂျပန်တွေမှာ မိဘဘိုးဘွားတွေရဲ့အိမ်ကို ထိန်းသိမ်းနေထိုင်တဲ့ဓလေ့ရှိပြီး သူဟာ သားကြီးဖြစ်လို့ ထိန်းသိမ်းရန်တာဝန်ပိုရှိကြောင်း ပြောပါတယ်။

စစ်ကြီးအပြီးမှာ ဗိုလ်မိုးကြိုးစစ်ခုံရုံးရောက်သေးလားမေးတော့ ဗိုလ်မိုးကြိုးကို ကမ္ဘာ့စစ်ခုံရုံးက တရားစွဲစေလိုပေမယ့် မြန်မာတို့က ကျေးဇူးရှိတယ်လို့ ခံယူပြီး တရားမစွဲခဲ့လို့ စစ်ခုံရုံးမရောက်ခဲ့ကြောင်းလည်း ပြောပါတယ်။

ပြီးတော့ သူ့မိခင် မြန်မာနိုင်ငံကို အောင်ဆန်းတံခွန်ဘွဲ့လက်ခံဖို့ရောက်စဉ်က မှတ်တမ်းမှတ်ရာတွေကို ပြပါတယ်။ အဲဒီအထဲမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်က ထုတ်ပြန်တဲ့ ဗိုလ်မိုးကြိုးကို နှုတ်ဆက်သြဘာစာမိတ္တူနဲ့ ဗိုလ်လက်ျာရဲ့ ပန်းချီကားတချို့ မိတ္တူပုံတွေလည်းပါတယ်။ ဗိုလ်လက်ျာရဲ့အဆင့်ရှိတဲ့လက်ရာတွေကိုလည်း အဲဒီရောက်မှမြင်ဖူးတယ်။ ဒါတွေအားလုံး စစ်သမိုင်းပြတိုက်က ကူးယူရရှိတာလို့ ပြောပါတယ်။

ဗိုလ်မိုးကြိုးရဲ့ဇနီးကတော့ အသက်အရွယ်ကြီးရင့်ပေမယ့် အသားအရည်စိုပြည်ပြီး ကျန်းမာရေးကောင်းပုံရပါတယ်။ မျက်နှာလည်းကြည်လင်ပြီး အေးချမ်းလှပါတယ်။

**အောင်အောင်မြင်မြင် ရေးဆွဲနိုင်ခဲ့**

ဒီနောက်တော့ တိုကျိုဖောင်ဒေးရှင်းက ကြိုတင်စီစဉ်ပေးထားတဲ့ တစ်ပေ၊ တစ်ပေခွဲအရွယ်လောက် ကင်းဗတ်ဘုတ်ပြားပေါ်မှာ ကျွန်တော်ဗိုလ်မိုးကြိုးရဲ့ ဇနီးသည်ကို ကြည့်ပြီး ပုံတူရေးဆွဲပါတယ်။ အဖြူရောင် ကင်းဗတ်ဘုတ်ပြားပေါ်မှာ အနက်ရောင်ဆေးပင်အကြီးစား လိုင်းထူထူနဲ့ ခဲမရာဘဲ တိုက်ရိုက်ရေးဆွဲတာပါ။ ပုံတူအောင် အမိဖမ်းပြီး အောင်အောင်မြင်မြင် ရေးဆွဲနိုင်ခဲ့ပါတယ်။

ငါးမိနစ်လောက်အကြာ ပုံအပြီးမှာ ဗိုလ်မိုးကြိုးဇနီးသည်ကိုပြလိုက်တော့ သူ့ပုံတူကိုကြည့်ပြီး တအံ့တသြနဲ့ ဝမ်းသာအားရဖြစ်သွားတယ်။ ဒီလိုပဲ ဗိုလ်မိုးကြိုးရဲ့သားပုံကိုလည်း ရေးဆွဲခဲ့တယ်။ ပုံပေါ်မှာ ကျွန်တော့်ရဲ့ ထိုးမြဲလက်မှတ်ထိုးပြီး ကလောင်နာမည်နဲ့ နိုင်ငံအမည်ကို အင်္ဂလိပ်လို ရေးသားပေးခဲ့ပါတယ်။ ဒီပုံနှစ်ပုံဟာ သူတို့အိမ်ရဲ့ အမှတ်တရမှတ်တမ်းမှတ်ရာတွေထားတဲ့ သီးသန့်အခန်းလေးထဲမှာ ရှိနေမှာပါ။

ဗိုလ်မိုးကြိုးကွယ်လွန်ပြီးနောက် ဗိုလ်မိုးကြိုးဇနီး၊ ဗိုလ်မိုးကြိုးသားနဲ့ သမီးနှစ်ယောက်ကျန်ခဲ့ပါတယ်။ ကျွန်တော်တို့ရောက်စဉ်က ဗိုလ်မိုးကြိုးရဲ့ဇနီးဟာ ၉၇ နှစ်ရှိပြီဖြစ်ပြီး သားဖြစ်သူကတော့ အသက် ၇၀ ရှိပြီဖြစ်ပါတယ်။ အားလုံးအမှတ်တရဓာတ်ပုံကိုတော့ ဗိုလ်မိုးကြိုးရဲ့ သမီးတစ်ဦးက ရိုက်ပေးပါတယ်။

ခရီးဆက်ဖို့နှုတ်ဆက်တဲ့အခါ ဗိုလ်မိုးကြိုးဇနီးက ကျွန်တော်တို့ကိုလက်အုပ်ချီပြီး ကျွန်တော်တို့က ဦးချကန်တော့ခဲ့ကြပါတယ်။ ဗိုလ်မိုးကြိုးသားရဲ့ကားနဲ့ အိမ်ကထွက်ခွာလာချိန်မှာ ဗိုလ်မိုးကြိုးရဲ့ဇနီး အမေအိုဟာ အိမ်ရှေ့မြေကွက်လပ်ကျယ်အထိထွက်ပြီး လက်ပြနှုတ်ဆက်ကျန်ခဲ့ပါတယ်။

ဗိုလ်မိုးကြိုးသားက ဟာမမတ်စုမြို့ထဲ ကားဖြတ်မောင်းလာရင်း ဗိုလ်ချုပ်အောင်ဆန်းနေခဲ့တဲ့ အိမ်တစ်အိမ်ကိုလည်း ပြခဲ့ပါတယ်။ ပြီးတော့ Kanzanji Ohkusa Yama တောင်ကုန်းဆီကို သွားကြတယ်။



ဗိုလ်မိုးကြိုးခေါ် (ကာနယ်ဆူဇူကီး)၏ နေအိမ်



ဗိုလ်မိုးကြိုး၏သား (Mr. Kuniyoshi Suzuki) ယာဘက်အစွန်

တောင်ကုန်းလေးပေါ်မှာ သစ်ပင်ချုံနွယ်တွေ အုပ်ဆိုင်းနေပြီး တစ်နေရာမြေကွက်လပ်လေးမှာတော့ ကမ္ပည်းကျောက်စာတိုင်တစ်ခုကို တွေ့ရတယ်။ မထင်မှတ်ထားတဲ့ မြင်ကွင်းပါပဲ။

ကျောက်စာတိုင်ပေါ်မှာ ဂျပန်စာအပြင် မြန်မာလိုပါ ထွင်းထုရေးထိုးထားပါတယ်။ မြန်မာလိုရေးထိုးထားတဲ့ စာသားကတော့–

၁၉၇၅ ခု၊ မေလ၊ ၁၂– ရက်

“ဂျပန် – မြန်မာချစ်ကြည်ရေးတည်မြဲပါစေ”....တဲ့

ကျွန်တော်တို့ ဟာမမတ်စုမြို့ကနေ တခြားမြို့တွေကို ခရီးဆက်ထွက်ခဲ့အပြီးမှာ ဂျပန်နိုင်ငံမှ ပြန်လာခဲ့ပါတယ်။

အခုဆို ဗိုလ်မိုးကြိုးရဲ့သား Mr. Kuniyoshi Suzuki ဟာ အသက် ၈၈ နှစ်ရှိမှာဖြစ်ပြီး ဗိုလ်မိုးကြိုးရဲ့ဇနီး Misao Suzuki ကတော့ ၂၀၁၀ ပြည့်နှစ်၊ အသက် ၁၀၆ နှစ်မှာ ကွယ်လွန်သွားခဲ့ပြီလို့ သိရပါတယ်။ ။

**ကိုးကား**


- တက္ကသိုလ်စိန်တင်၏ ရဲဘော်သုံးကျိပ် မော်ကွန်း (၁၉၆၈)
- ကျော်ငြိမ်း၏ ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိ
- သန်းဝင်းလှိုင်၏ ၂၀ ရာစုမြန်မာ့သမိုင်း၊ ၂၀၁၉
- ဒေါက်တာမောင်အောင်မျိုးရေးသားချက်များ


> “သူ့မိခင် မြန်မာနိုင်ငံကို အောင်ဆန်းတံခွန်ဘွဲ့ လက်ခံဖို့ ရောက်စဉ်က မှတ်တမ်းမှတ်ရာတွေကို ပြပါတယ်။ အဲဒီအထဲမှာ ဗမာ့လွတ်လပ်ရေး တပ်မတော်က ထုတ်ပြန်တဲ့ ဗိုလ်မိုးကြိုးကို နှုတ်ဆက်သြဘာ စာမိတ္တူနဲ့ ဗိုလ်လက်ျာရဲ့ ပန်းချီကားတချို့ မိတ္တူပုံတွေလည်း ပါတယ်။ ဗိုလ်လက်ျာရဲ့ အဆင့်ရှိတဲ့ လက်ရာတွေကိုလည်း အဲဒီ ရောက်မှ မြင်ဖူးတယ်။ ဒါတွေ အားလုံး စစ်သမိုင်းပြတိုက်က ကူးယူရရှိ”

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်တစ်ရာကျော်အား အခမဲ့ ခွဲစိတ်ကုသပေးမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်တစ်ရာကျော်အား သတ္တမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ ဝိတိုရိယဆေးရုံ၌ ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း(VHSF) နှင့် အမေရိကန်နိုင်ငံမှ Alliance for Smiles Organization တို့ပူးပေါင်း၍ ခွဲစိတ်ကုသမှုအတွက် ဆေးစစ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောက်တိုဘာ ၂၅ ရက်အထိ အခမဲ့ခွဲစိတ်ပေးမည်**

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်တို့ကို အမေရိကန်နိုင်ငံ Alliance for Smile Organization မှ မွေ့ဆေးဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်များ၊ ကလေးဆရာဝန်များ၊ Plastic Surgery ဆရာဝန်များ၊ သူနာပြုများနှင့် ဝိတိုရိယဆေးရုံမှ ဆရာဝန်၊ သူနာပြုတို့ပူးပေါင်း၍ ခွဲစိတ်ကုသမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှလာရောက်သော ကလေးငယ်များကို ကျန်းမာရေး ဆေးစစ်ချက်ပြီးစီးပါက အောက်တိုဘာ ၂၅ ရက်အထိ အခမဲ့ခွဲစိတ်ပေးသွားမည်ဖြစ်သည်။

ဝိတိုရိယဆေးရုံတွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို အခမဲ့ခွဲစိတ်ကုသပေးသည့် အစီအစဉ်ကို ၂၀၁၄ ခုနှစ် မတ်လမှစတင်ခဲ့ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာပေါင်း ၅၄၈ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကလေးငယ်များ လာရောက်ခွဲစိတ်ကုသလျက်ရှိကြောင်း သိရသည်။

**စားသောက်ဖို့ကအစ စီစဉ်ပေး**

“မြန်မာတစ်ပြည်လုံးက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို ခွဲစိတ်ကုသဖို့ ဖိတ်ခေါ်ပါတယ်။ ခွဲစိတ်ဖို့အတွက် နှုတ်ခမ်းကွဲကလေးငယ်ဆိုရင် ၁၀ ပတ်၊ အာခေါင်ကွဲဆိုရင် ၁၀ လသက်တမ်းရှိတဲ့ ကလေးငယ်တွေကို လက်ခံပါတယ်။ ဒီအချိန်က တုပ်ကွေးရာသီဆိုတော့ အဆုတ်မကောင်း၊ သွေးအားမပြည့်တာကြောင့် ခွဲစိတ်ဖို့ အခက်အခဲရှိတဲ့အတွက် ရန်ကုန်ကို တစ်လကြိုပြီး ခေါ်ရပါတယ်။ ကလေးဆရာဝန်နဲ့ပြသပြီး လိုအပ်တဲ့ကျန်းမာရေးဆောင်ရွက်မှုကိုလည်း စီမံပေးပါတယ်။ နယ်ကလာချင်ပေမယ့် ခရီးစရိတ်မတတ်နိုင်သူတွေရှိတာကြောင့် ကလေးနဲ့ မိခင်အတွက် ခရီးစရိတ်၊ နေထိုင်ဖို့နဲ့ စားသောက်ဖို့ကအစ စီစဉ်ပေးပါတယ်”ဟု ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အေးအေးစမ်းက ပြောသည်။

ထိုသို့ခွဲစိတ်ကုသပေးနိုင်ရန် နယ်အသီးသီးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို ခွဲစိတ်မည့်ဆေးရုံနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ခွဲစိတ်လိုသော ကလေးငယ်များအတွက် ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။



တစ်ကမ္ဘာလုံးရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို အမေရိကန်နိုင်ငံရှိ Alliance for Organization အဖွဲ့က ခွဲစိတ်ကုသပေးလျက်ရှိပြီး ထိုအဖွဲ့တွင် နိုင်ငံပေါင်းစုံမှ ဆရာဝန်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ရာ အမေရိကန်နိုင်ငံတွင် အခြေစိုက်သော ထိုအဖွဲ့မှ ဝိတိုရိယဆေးရုံကြီးတွင် ကလေးငယ် ၁၂၀ ခန့်ကို (၇)ကြိမ်မြောက် ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။ ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းနှင့် AfO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုတွင် ပီတီတီအီးပီမြန်မာ့စီမံကိန်းမှ ငွေကြေးကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း – သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**

# မြစ်ဆုံကိုမြင်လိုက်ရင် အားအင်တွေရသလို ခံစားရတယ်၊ လာလည်တဲ့သူ တော်တော်များများက အပန်းပြေတယ်လို့ ပြောကြတယ်

ဒေါ်ဝင်းဝင်း

မြစ်ဆုံအပန်းဖြေစခန်းသည် မြစ်ကြီးနားမြို့မှ ကား၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်လျှင် တစ်နာရီမပြည့်သည့် ခရီးတိုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ခရီးသွားပြည်သူများ ရွေးချယ်လည်ပတ်လာကြသည့် နေရာတစ်ခုဖြစ်သည်။ ထိုသို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်ရန်အတွက် မေခနှင့် မလိခပေါင်းဆုံရာ၊ ဧရာဝတီ စတင်မွေးဖွားရာ မြစ်ဆုံ၏သဘာဝပတ်ဝန်းကျင် အလှအပများကလည်း ခရီးသွားပြည်သူများကို ဆွဲဆောင်လျက်ရှိသည်။ သီတင်းကျွတ်အများပြည်သူရုံးပိတ်ရက်များအတွင်း မြစ်ဆုံအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိပြီး လာရောက်လည်ပတ်သူများ၊ အပန်းဖြေစခန်းတွင် အလုပ်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြသူများ၏ စကားသံများကို မေးမြန်းဖော်ပြအပ်ပါသည်-

**တွေ့ဆုံမေးမြန်း-ကေကေ**
**ဓာတ်ပုံ-ထိန်နန်နော်**

**ကိုဘရန်အောင်**
**ဆုံပိုင်းကချင်ရိုးရာစားသောက်ဆိုင်**

မြစ်ဆုံအပန်းဖြေစခန်းဆိုပြီး မဖြစ်ခင်တုန်းကတော့ တဲလေးတစ်ဆိုင်ပဲရှိတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းတိုးတက်လာပြီး ခရီးသွားတွေလည်း လာကြတော့မြစ်ဆုံမှာ ဈေးဆိုင်တွေလည်း ပေါလာတယ်။ မြစ်ဆုံကိစ္စတွေနဲ့အတူ မြစ်ဆုံကို ပိုသိလာကြတယ်။ ပိုစိတ်ဝင်စားလာကြတယ်။ တချို့ခရီးသွားတွေကျတော့ မြစ်ဆုံဆိုတာ ဘယ်လိုမျိုးလဲဆိုတာကို သိချင်လို့ လာကြည့်တာမျိုးရှိတယ်။ အပန်းဖြေအလည်အပတ်လာတဲ့သူတွေက များပါတယ်။ အခုသီတင်းကျွတ်ပိတ်ရက်ဆို ရပ်နီးရပ်ဝေးက အများကြီးလာကြတယ်။ အရင်နှစ်တွေတုန်းက မြစ်အစပ်အောက်ဘက်မှာ ဆိုင်တွေဖွင့်တော့ ကျွန်တော်တို့လို ကုန်းပေါ်မှာ ဖွင့်တဲ့ဆိုင်တွေ ရောင်းအားမကောင်းဘူး။ အခုနှစ်တော့ အောက်ဘက်ဆိုင်တွေ မဖွင့်တော့ရောင်းအားကောင်းတယ်။ ဒါပေမယ့် ရောင်းအားကောင်းတဲ့အချိန်က ပွင့်လင်းရာသီခြောက်လလောက်ပဲ ရှိပါတယ်။ ကျန်တဲ့ မိုးတွင်းကျတော့ ခရီးသွားနည်းတော့ ရောင်းအားမကောင်းဘူး။

**ဒေါ်ဝင်းဝင်း**
**ရန်ကြီးအောင်ရပ်ကွက်**
**မြစ်ကြီးနားမြို့**

မြစ်ကြီးနားဇာတိဖြစ်တဲ့အတွက် အများပြည်သူ ရုံးပိတ်ရက်ရှိတိုင်း၊ အားတဲ့အချိန်တိုင်း မြစ်ဆုံကိုလာလည်တယ်။ ပြီးတော့ ကိုယ့်ဆီကိုအလည်လာတဲ့ ဧည့်သည်ရှိတိုင်း မြစ်ဆုံကို အမှတ်တရ လိုက်ပို့ဖြစ်တယ်။ လာလည်တဲ့သူတိုင်းကလည်း မြစ်ဆုံကို သွားချင်ကြတယ်။ ကြိမ်ဖန်များစွာလာပေမယ့် မရိုးတဲ့ကိုယ့်ဇာတိက



ကိုဘရန်အောင်



ဒေါ်ဝင်းဝင်း



မဥမ္မာမြင့်



ကိုမျိုးဆန်အောင်



ဒေါ်အေးမြင့်

အပန်းဖြေစရာ နေရာလေးတစ်ခုပါ။ ဒီလို ညွှန်းဆိုနိုင်အောင်လည်း မြစ်ဆုံဆိုတာ ထူးခြားတဲ့သဘာဝအလှတရားရှိတဲ့နေရာပါ။ မြစ်ဆုံကို မြင်လိုက်ရင် အားအင်တွေရသလို ခံစားရတယ်၊ လာလည်တဲ့သူ တော်တော်များများက အပန်းပြေတယ်လို့ ပြောကြတယ်။ ဟိုးအရင်ကဆို ရေက ကြည်လင်နေပြီး ရေထဲက ကျောက်ခဲလေးတွေကို ဒီအတိုင်းမြင်ရတယ်။ အခုနောက်ပိုင်း ရာသီဥတုပြောင်းလာသလို ရေနည်းနည်း နောက်လာတယ်။ မြစ်လည်းကျဉ်းသွားတယ်။ ဒါပေမယ့် အလှတရားတွေက ရှိပါသေးတယ်။ ကိုယ့်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးပြီး ဒေသခံတွေ အဆင်ပြေဖို့ ပြည်တွင်းပြည်ပခရီးသွားတွေ အများကြီးလာလည်စေချင်တယ်။

**မဥမ္မာမြင့်၊ မုံရွာမြို့**

မြစ်ဆုံကို ပထမဆုံးအကြိမ်ရောက်ဖူးတာပါ။ ကားစီးရတာ ပင်ပန်းလာပေမယ့် မြစ်ဆုံရောက်ပြီး ပတ်ဝန်းကျင်မြင်ကွင်းကို မြင်တွေ့လိုက်ရတော့ အပန်းပြေသွားတယ်။ အခုက မိတ်ဆွေတွေနဲ့ လာတာပါ။ မိသားစုနဲ့ ထပ်ပြီးလာလည်ဦးမယ်လို့ စဉ်းစားထားတယ်။ ကျွန်မတို့ဇာတိမှာရှိတဲ့ သဘာဝမြင်ကွင်းနဲ့ အခုမြစ်ဆုံနဲ့က မတူတော့ အပြောင်းအလဲတစ်မျိုးဖြစ်သွားတယ်။ မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ကလည်း သာယာတယ်။ လည်ပတ်စရာအဖြစ် မြစ်ဆုံအပြင် ဝါရှောင်ဆည်၊ ဝါးရုံတော၊ ဝိုင်ဥယျာဉ် ဒီလိုမျိုးနေရာတွေ အများကြီးရှိတော့ လာလည်သင့်တဲ့ ဒေသတစ်ခုပါ။

**ကိုမျိုးဆန်အောင်**
**ဓာတ်ပုံဆရာ၊ မြစ်ဆုံအပန်းဖြေစခန်း**

ဒီလိုအပန်းဖြေစခန်းမှာ ဓာတ်ပုံရိုက်ပြီး အသက်မွေးဝမ်းကျောင်းလုပ်တဲ့အခါ လူမှုဆက်ဆံရေးလည်းကောင်းရတယ်။ လာလည်တဲ့သူတွေကို ကိုယ့်ဒေသမှာ အမှတ်တရဖြစ်သွားအောင် ဘာတွေ ဘယ်လိုရှိတယ်ဆိုတာ အသိပေးရတယ်။ ကိုယ့်ဒေသကို နောက်ထပ် ထပ်ပြီး လာလည်ချင်အောင်၊ ကိုယ့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း အဆင်ပြေအောင်ပါ။ လာလည်တဲ့သူတွေက ရိုးရာဝတ်စုံလေးတွေနဲ့ ဓာတ်ပုံရိုက်ကြတာများတယ်။ လာလည်တဲ့သူတွေ အဆင်ပြေအောင် ရိုးရာဝတ်စုံလေးတွေ ငှားပေးတယ်၊ ရောင်းပေးတယ်၊ ဒါမျိုးအဆင်ပြေအောင် လမ်းညွှန်ပေးပါတယ်။ လာလည်တဲ့သူတွေ ကိုယ့်ရိုးရာဝတ်စုံလေးတွေဝတ်ပြီး မြစ်ကြီးနောက်ခံနဲ့ ဓာတ်ပုံရိုက်ပေးနေတာကိုပဲ ပျော်ရွှင်နေပါတယ်။

**ဒေါ်အေးမြင့်၊ ရန်ကုန်မြို့**

မြစ်ဆုံဆိုတာ ဒီအသက်အရွယ်အထိ ကြားဖူးပေမယ့် တစ်ခါမှ မရောက်ဖူးပါဘူး။ အခုမှ ရောက်ဖူးတာပါ။ ရန်ကုန်မြို့ကတော့ မြို့ပြဖြစ်တဲ့အတွက် မွန်းကျပ်တယ်။ အခုလို သဘာဝပတ်ဝန်းကျင် စိမ်းစိမ်းစိုစို၊ သန့်ရှင်းတဲ့လေနဲ့ လှပတဲ့မြစ်ကြီးကို မြင်ရတော့ ပင်ပန်းသမျှတွေ ပြေသွားတယ်။ ပတ်ဝန်းကျင်အသစ်တစ်ခုကို ရောက်သွားသလို ခံစားရတယ်။ အခုကတော့ သားမိသားစုနဲ့အတူ လာလည်တာပါ။ အသက်ကြီးလာတော့ အေးချမ်းတဲ့ပတ်ဝန်းကျင်ကို



မရွှန်းလဲ့ဖြိုး



ဒေါ်ဂျာနူး

ပိုသဘောကျမိတယ်။ နောင်လည်း အခွင့်အခါသင့်ရင် ထပ်ပြီးလာချင်မိတဲ့ နေရာလေးတစ်ခုပါ။

**မရွှန်းလဲ့ဖြိုး**
**ကျောင်းသူ၊ မန္တလေးမြို့**


မြစ်ဆုံဆိုတာ ကြားပဲကြားဖူးတယ်။ အပြင်မှာ ရောက်ဖူးချင်မိတယ်။ အခု တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားပါတယ်။ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ပထမဆုံးအကြိမ်အဖြစ် အလည်လာတာပါ။ မန္တလေးမှာ ဒီလိုမျိုးမရှိတော့ ရောက်တဲ့အချိန် အမှတ်တရဖြစ်ချင်လို့ ရိုးရာဝတ်စုံလေးတွေဝတ်ပြီး ဓာတ်ပုံရိုက်ဖြစ်တယ်။ မန္တလေးက လာတုန်းက ကားအကြာကြီးစီးရတော့ ကားမူးပြီး ပင်ပန်းတယ်။ ဒီရောက်တော့ အပြင်မှာ တစ်ခါမှ မမြင်တွေ့ဖူးတဲ့ သာယာတဲ့မြင်ကွင်းကို တွေ့ရတော့ ပျော်သွားတယ်၊ ပင်ပန်းတာတွေ ပျောက်သွားတယ်။ နောင်လည်း သူငယ်ချင်းတွေနဲ့ ထပ်လာလည်ဖို့ ဆုံးဖြတ်ထားတယ်။

**ဒေါ်ဂျာနူး**
**မလိအင်မိုင်ကချင်ရိုးရာ**
**စားသောက်ဆိုင်**

ကျွန်မတို့က အပန်းဖြေစခန်းမှာ ကချင်ရိုးရာ အစားအသောက်တွေ ရောင်းတယ်။ ဒီနှစ်မှာ ကချင်ရိုးရာဝတ်စုံငှားတဲ့လုပ်ငန်းကို ထပ်တိုးချဲ့ပြီး လုပ်ဖြစ်တယ်။ မြစ်ဆုံအမှတ်တရ အင်္ကျီလေးတွေလည်း ရောင်းပါတယ်။ ခရီးသွားတွေက ကချင်ရိုးရာဝတ်စုံလေးတွေနဲ့ ဓာတ်ပုံရိုက်ကြတာများတော့ အခုလို တိုးချဲ့ဖြစ်သွားတာပါ။ တခြားဆိုင်တွေမှာလည်း ရိုးရာဝတ်စုံတွေ ငှားလို့ရပါတယ်။ ကချင်ရိုးရာ ဝတ်စုံလေးတွေကို တစ်စုံ ကျပ် ၂၀၀၀ နဲ့ ငှားပေးပါတယ်။ ဒီနှစ်သီတင်းကျွတ်မှာက ပိုပြီး ရောင်းအားကောင်းတယ်။ ခရီးသွားလည်း ပိုများတယ်။



မြစ်ဆုံအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။



## မြသလွန်စေတီတော်မြတ်ကြီးတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၉)ကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၃ ရက်) ညနေ ၆ နာရီက မြသလွန်စေတီတော်တွင် ကျင်းပရာ ဆီမီးထွန်းညှိပူဇော်ရန် လာရောက်စောင့်ဆိုင်းနေသူများ၊ ဘုရားဖူးပြည်သူများနှင့် အထူးပင်စည်ကားများပြားလျက်ရှိပြီး မြသလွန်စေတီတော်မြတ်ကြီး၌ ညချမ်းချိန်ခါ ဆီမီးထွန်းညှိပူဇော်ထားရှိမှုအား မြင်တွေ့ရစဉ်။

သန်းနိုင်ဦး(ငဖဲ)

# အများပြည်သူရုံးပိတ်ရက်များအတွင်း မြစ်ကြီးနားမြို့ပတ်ဝန်းကျင်ရှိ အပန်းဖြေစခန်းများ၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

ကေကေ၊ ဓာတ်ပုံ-ထိန်နန်နှော်

**မြစ်ကြီးနား အောက်တိုဘာ ၁၄**

အများပြည်သူရုံးပိတ်ရက်များအတွင်း မြစ်ကြီးနားမြို့ အောင်မြင်သာစံပြကျေးရွာရှိ ဝါးရုံတောအပန်းဖြေစခန်း၌ နံနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

### အပန်းဖြေအနားယူ

"မြစ်ကြီးနားမြို့က သာယာတယ်။ လည်ပတ်စရာတွေ များတယ်လို့ကြားသိရတဲ့အတွက် အများပြည်သူရုံးပိတ်ရက် အနားယူတဲ့အချိန်မှာ လာရောက်လည်ပတ်တာပါ။ ဝါးရုံတော အပန်းဖြေစခန်းကို အခုမှ ပထမဆုံးလာရောက်ဖူးတာပါ။ ဝါးရုံတောလေးအောက်မှာ စိမ်းစိမ်းစိုစိုအေးအေးချမ်းချမ်းနေလို့ရတယ်။ ချောင်းထဲမှာ အပန်းဖြေရေချိုးလို့ရတယ်။ သာယာတဲ့ အပန်းဖြေစခန်းတစ်ခုပါ။ မြစ်ဆုံက ရေစီးသန်တော့ ကိုယ်က ဒီဒေသက မဟုတ်တဲ့အတွက် ရေမချိုးရဲဘူး။ ဒီဝါးရုံတောကျတော့ ရေချိုးဖို့လည်း အဆင်ပြေတယ်။ စားသောက်ဆိုင်တွေကလည်း ချောင်းနဲ့ကပ်နေတော့ အပန်းဖြေအနားယူရင်း စားသောက်ဖို့အတွက်လည်း အဆင်ပြေတယ်" ဟု ချောင်းဦးမြို့နယ်မှ လာရောက်လည်ပတ်သူ ဒေါ်ဝင်းဝင်းခိုင်က ပြောသည်။

### အထောက်အကူ အများကြီးဖြစ်

ဝါးရုံတောအပန်းဖြေစခန်းတွင် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချသည့် ဆုံနိုင်ခွင့်စားသောက်ဆိုင်မှ မဇာဇာကလည်း ဝါးရုံတောအပန်းဖြေစခန်းနှင့် ပတ်သက်၍ "၂၀၁၄ ခုနှစ်ကတည်းက စရောင်းတာပါ။ အဲဒီတုန်းကတော့ ရောင်းတဲ့သူမရှိဘူး။ လာလည်တဲ့သူက လေးငါးဆယ်လောက်ပဲရှိတယ်။ လမ်းလည်းမကောင်းဘူး။ အခုကတော့ လမ်းလည်းပေါက်သွားပြီ။ လာလည်တဲ့သူတွေလည်း အဆက်မပြတ်ပါဘူး။ အပန်းဖြေစခန်းမှာ ဈေးဆိုင်ဖွင့်တဲ့သူတွေက ကျွန်မတို့ရွာကများတယ်။ ရွာမှာ အခုလို အပန်းဖြေစခန်းရှိတဲ့အတွက် အလုပ်အကိုင်ရတော့ ကျွန်မတို့ဒေသခံတွေ စားဝတ်နေရေးအတွက် အထောက်အကူအများကြီးဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အတူ မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ ကရိန်နော်အပန်းဖြေရိပ်သာတွင်လည်း လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

"ကရိန်နော်အပန်းဖြေစခန်းက မြို့ပေါ်မှာပဲရှိတော့ အားတဲ့အချိန်တိုင်း လာရောက်အပန်းဖြေဖြစ်တယ်။ အခုလည်း ရုံးပိတ်ရက်မှာ နယ်ကဆွေမျိုးတွေ အလည်အပတ်လာလို့ ပို့ဖြစ်တာပါ။ မြစ်ကြီးနားရောက်ရင် ကရိန်နော်ကို လာလည်သင့်ပါတယ်။ နွေရာသီဆို ဧရာဝတီမြစ်ရေနည်းသွားတဲ့အတွက် ကျောက်ဆောင်တွေပေါ်ပြီး လှပတဲ့နေရာလေးတစ်ခုပါ။ မိုးတွင်းအခါ ရေများတော့ ကျောက်ဆောင်တွေတော့ မမြင်ရဘူး။ ဒါပေမယ့် သာယာတဲ့နေရာလေးတစ်ခုပါ"ဟု မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာမှ ကရိန်နော်အပန်းဖြေရိပ်သာသို့ လာရောက်လည်ပတ်သူ ဦးသန်းထွန်းက ဆိုသည်။


ဒေါ်ဝင်းဝင်းခိုင်


မဇာဇာ


ဦးသန်းထွန်း



ဝါးရုံတောအပန်းဖြေစခန်းတွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၁၄**
နှစ်(၃၀) ပြည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ ပူးပေါင်းပြုလုပ်မည့် ASEAN-Korea Train အစီအစဉ်သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးအား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓါတ်ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ချောချောစိန်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သရုပ်ဆောင် မျိုးထွဋ်နိုင် (ခ) ခါရာ၊ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင် ဦးမျိုးသူရကိုကိုနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင် သန့်လွင်ဦး (ခ) စူးရှရှင်းသန့်တို့ လိုက်ပါသွားသည်။ သတင်းစဉ်

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ပြည်သူ့အခြေပြုလူမှုအကျိုးပြု ရပ်ရွာအခြေပြုကင်းထောက်သင်တန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၄**
မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် Aciton Aid Myanmar အဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့အခြေပြုလူမှုအကျိုးပြုကင်းထောက်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးအစီအစဉ်အရ ရပ်ရွာအခြေပြုကင်းထောက်သင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်တို့က ကင်းထောက်သင်တန်း ဖွင့်လှစ်ပေး၍ ရပ်ရွာဒေသဖွံ့ဖြိုးရေးနှင့် လူငယ်တို့၏ စိတ်စွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေး၊ မြင့်မားရေးတို့အတွက် ကောင်းစွာအထောက်အကူပြုမည့် သင်တန်းဖြစ်သဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး Aciton Aid Myanmar အပူပိုင်းဇုန်ဒေသတာဝန်ခံ ဒေါ်ခင်စောဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ မှ ကျေးရွာလူငယ်ခေါင်းဆောင် ၃၀၊ အခြေခံပညာအထက်တန်းကျောင်း ဆားလင်းကြီးမှ လူငယ် ၂၀ စုစုပေါင်း ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် မြန်မာကင်းထောက်အဖွဲ့တို့ လှုပ်ရှားမှုများ၊ ပြည်သူ့အကျိုးပြုကင်းထောက်ပညာရပ်များ၊ စခန်းချခြင်း၊ ကင်းထောက်တေးသီချင်းများသီဆိုမှု အပါအဝင် စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်ပြီး ကင်းထောက်သင်တန်းများကို အခြေခံပညာကျောင်းများကို အခြေပြု၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်အခြေပြုကင်းထောက်သင်တန်းများအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရပ်ရွာအခြေပြုကင်းထောက်အခြေခံသင်တန်းများအဖြစ် ပြည်သူ့အခြေပြုလူမှုအကျိုးပြုကင်းထောက်သင်တန်းများ တိုးချဲ့ဖွင့်လှစ်သည့် အစီအစဉ်အရ ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ကျေးရွာရပ်ကွက်များတွင် ယခုကဲ့သို့ ရပ်ရွာအခြေပြုကင်းထောက်သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။ ကြေးမုံ



ရပ်ရွာအခြေပြုကင်းထောက်သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် ဖွင့်လှစ်ရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနေစဉ်။

# တက္ကသိုလ်ကင်းထောက်လူငယ်များ သန်လျင်မြို့ရှိ အဘိုး၊ အဘွားများအား စုပေါင်းလုပ်အားဒါနကုသိုလ်ကောင်းမှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၄**
ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ကင်းထောက်အဖွဲ့က ဦးဆောင်၍ တက္ကသိုလ်အသီးသီးမှ ကင်းထောက်လူငယ်များစုပေါင်းပြီး သန်လျင်မြို့နယ်ရှိ သဘာဝတရားရိပ်သာ ဘိုးဘွားများဂေဟာတွင် အဘိုး၊ အဘွားများကို သီတင်းကျွတ်လပြည့်နေ့က စုပေါင်းလုပ်အားဒါန ကုသိုလ်ကောင်းမှုပြုကြသည်။



တက္ကသိုလ်ကင်းထောက် လူငယ်များသည် သဘာဝတရားရိပ်သာ၌ နေထိုင်ကြသော အဘိုး၊ အဘွားများကို ဆံပင်ညှပ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ နေရာထိုင်ခင်းများ သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ အိမ်သာများ ဆေးပေးခြင်းအပြင် တက္ကသိုလ်ကင်းထောက်လူငယ်များက ၎င်းတို့တွင်ပါလာသည့် ငွေများကို စုစည်း၍ ငွေအားဒါနအဖြစ် အဘိုး၊ အဘွားများအား လှူဒါန်းမှုပြုကြသည်။

အဆိုပါသန်လျင်မြို့ရှိသဘာဝတရားရိပ်သာ ဘိုးဘွားဂေဟာတွင် အဘိုး၊ အဘွားများကို ကင်းထောက်၏ မွန်မြတ်သောစိတ်ဓာတ်ကို အကောင်အထည်ဖော်လှုပ်ရှားမှုအဖြစ် တက္ကသိုလ်ကင်းထောက်များအနေဖြင့် တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ် သွားရောက်ပြီး စုပေါင်းလုပ်အားဒါန ကုသိုလ်ကောင်းမှုပြုကြကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။ ကြေးမုံ



# မွေတော်ကက္ကူဘုရားနှင့် ထမ်ဆမ်းလိုဏ်ဂူတော်သို့ ဘုရားဖူးခရီးသွား အများအပြားလာရောက်

**တောင်ကြီး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်းသို့ ဘုရားဖူးခရီးစဉ် သွားရောက်ပါက အထင်ကရနေရာများဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားနှင့် ထမ်ဆမ်းလိုဏ်ဂူတော်သို့ ဘုရားဖူးခရီးသွား အများအပြားလာရောက်လည်ပတ်ကြသည်ကို တွေ့မြင်ရသည်။

မွေတော်ကက္ကူဘုရားနှင့် ထမ်ဆမ်းလိုဏ်ဂူတော်သို့ တောင်ကြီးမြို့မှ သွားရောက်ပါက တစ်လမ်းစီ သွားရောက်ရပြီး တစ်လမ်းလျှင် ၂၆ မိုင်ခန့် အကွာအဝေးရှိကြောင်း သိရသည်။

ရန်ကုန်မြို့မှ လာရောက်သူ ကိုသန့်ဇော်က "အရင်က ဒီဘက်တွေကို ဘုရားဖူးကားနဲ့ လာလည်ဖူးတယ်။ အခုကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် လာလည်ဖြစ်တာပါ။ ဒီနေရာနှစ်ခုက လမ်းကတစ်လမ်းစီဆိုတော့ မနက်ပိုင်းကို မွေတော်ကက္ကူမှာ နေလိုက်ပြီး နေ့ခင်းပိုင်းကို ထမ်ဆမ်းလိုဏ်ဂူဘက် သွားလိုက်တယ်။ ထမ်ဆမ်းဘက်ကတော့ လမ်းအကွေ့အကောက် နည်းနည်းပိုများတယ်။ နှစ်နေရာစလုံး သွားရတာတော့ အဆင်ပြေပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းကိုရောက်ရင် ဒီလိုအထင်ကရနေရာတွေက မဖြစ်မနေ သွားရောက်သင့်တဲ့ နေရာဒေသတွေပါ"ဟု အတွေ့အကြုံများအား မျှဝေပြောကြားသည်။


**လမ်းပန်းဆက်သွယ်မှု ကောင်းမွန်**

မွေတော်ကက္ကူဘုရားသည် ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ဘုရားဖူးခရီးသွားလာရောက်မှု နည်းပါးပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလများမှသာ များပြားလာကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်မှု အခက်အခဲများရှိခဲ့ပြီး ယခုအချိန်တွင် လမ်းပန်းဆက်သွယ်မှုများလည်း ကောင်းမွန်နေပြီဖြစ်သောကြောင့် ယခုလို သီတင်းကျွတ်ရုံးပိတ်ရက်ကာလမျိုးတွင် ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိကြောင်း၊ ထို့အတူ ဘုရားပွဲတော်ကာလများဖြစ်သည့် တပေါင်းလပြည့်နှင့် တန်ဆောင်းမုန်းလပြည့်နေ့များတွင်လည်း စည်ကားလျက်ရှိကြောင်း ဘုရားအလှူခံဌာနတာဝန်ခံ ဦးအောင်သူဟိန်းက ပြောသည်။

"မွေတော်ကက္ကူဘုရားမှာ ဘုရားစေတီတော်ပေါင်း ၂၄၇၈ ဆူရှိပါတယ်။ စေတီတော်တွေရဲ့ တည်ထားမှုပုံစံကလည်း ဘုရားခြေတော်ရာပုံစံနဲ့ဆင်တူတယ်။ အကျယ်အဝန်းဧရိယာကတော့ ၉ ဧကလောက် ရှိတယ်။ ဒီလိုထူးခြားတဲ့ စေတီတော်တွေနဲ့အတူ ဆုတောင်းပြည့်စေတီတော်လည်းရှိတော့ ဘုရားဖူးတွေက ဆုပန်ကြတာရှိတယ်။ နှစ်စဉ်နှစ်တိုင်းတော့ ဘုရားဖူးတွေ များပါတယ်။ ဒီနှစ်ကတော့ ရုံးပိတ်ရက်ရှည်လည်းဖြစ်တော့ ပိုများတယ်လို့ ပြောလို့ရတယ်။ အဲဒီလိုဘုရားဖူးများတဲ့အတွက် ဒီမှာတည်းခိုချင်တဲ့ ခရီးသွားတွေကိုလည်း အဆင်ပြေပြေတည်းခိုနိုင်အောင် ကျွန်တော်တို့ဘက်က ကူညီဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။



ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ထမ်ဆမ်းလိုဏ်ဂူတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့ပြင် မွေတော်ကက္ကူဘုရား၌ ဘုရားဈေးတန်းတည်ရှိပြီး ခရီးသွားများအနေဖြင့် အိမ်ပြန်လက်ဆောင်များအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားကာ ယင်းဈေးတွင် ဒေသထွက် ပဲပုပ်နှင့် ကြက်သွန်ဖြူဥတစ်လုံးများအား ခရီးသွားများအနေဖြင့် အများဆုံးဝယ်ယူလေ့ရှိကြောင်းကို ဈေးရောင်းသူ နန်းရီက ရှင်းပြသည်။ "ဒီမှာက အိမ်ပြန်လက်ဆောင်ပဲဖြစ်ဖြစ်၊ ဘာအတွက်ဝယ်ဝယ် လိုချင်တာလည်း စုံသလို ဈေးလည်းသင့်ပါတယ်။ ဘုရားလည်းဖူးရင်း ဈေးတန်းလည်း လည်ရင်းနဲ့ လိုချင်တာလေးတွေ ဝယ်ဖြစ်ပါတယ်"ဟု မန္တလေးမြို့မှ ဘုရားဖူးလာသူ မသူသူက ပြောသည်။

**နေ့စဉ်မပြတ် ကုသိုလ်ပြုကျွေးမွေး**

ထိုသို့ ဘုရားဖူးများ၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည့် မွေတော်ကက္ကူဘုရားကဲ့သို့ ထမ်ဆမ်းလိုဏ်ဂူတော်၌လည်း ဘုရားဖူးခရီးသွားများ စည်ကားလျက်ရှိသည်ကို မြင်တွေ့ရပေသည်။ လိုဏ်ဂူတော်သို့ မရောက်မီ ကားရပ်နားဝင်းအတွင်း၌ စတုဒိသာထမင်းစားဆောင်အဖြစ် ဖွင့်လှစ်ကာ ရပ်နီးရပ်ဝေးမှ ရောက်ရှိလာသည့် ဘုရားဖူးပြည်သူများအား လူမျိုးဘာသာမရွေး နေ့စဉ်မပြတ် ကုသိုလ်ပြုကျွေးမွေးနေမှုများက ဝမ်းမြောက်သာခုခေါ်ဖွယ် မြင်ကွင်းပင်ဖြစ်ပေသည်။

ယင်းကဲ့သို့ ကုသိုလ်ပြု ကျွေးမွေးနေမှုများအပြင် ဘုရားဖူးခရီးသွားများပြားသည့်အတွက် တည်းခိုရန် အခက်အခဲရှိနေသည့် ဘုရားဖူးများအား အဆင်ပြေချောမွေ့စွာ ခေတ္တနားခိုနိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း အလှူခံဌာနနှင့် ဥ‌‌ဒ္ဒေ့ခံကြိုဆိုရေးကိစ္စရပ်များ ဆောင်ရွက်ပေးသူ ဦးမော်ဘီးက ပြောသည်။ "အခုလို ဆောင်ရွက်ပေးတာတွေက လိုဏ်ဂူတော် ဘုန်းဘုန်း ဟိုပုံးကိုရင်လေး ရှင်ပေါရိသရဲ့ ဘုရားဖူးပြည်သူတွေအပေါ်ထားတဲ့ မေတ္တာစေတနာတွေပါ။ ဒီမှာ ဘုရားဖူးတွေ ဘယ်လောက်များများ အခက်အခဲဆိုတာ မရှိပါဘူး။ ဆရာတော်ရဲ့ မေတ္တာကြောင့် အားလုံးအဆင်ပြေချောမွေ့ကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**သဘာဝတရားများ ကြည့်ရှုလေ့လာခွင့်ရမည်**

ထမ်ဆမ်းလိုဏ်ဂူတော်သည် သဘာဝလိုဏ်ဂူတော်ကြီးတစ်ခုဖြစ်ပြီး အရှည်ပေ ၂၀၀၀ ခန့်ရှိကာ လိုဏ်ဂူတော်အတွင်း၌ ဘုရားရုပ်ပွားတော်မြတ်များ၊ ကြေးဘုရားများနှင့် သဘာဝကျောက်ပန်းဆွဲ၊ ပန်းခတ်များကိုလည်း စိတ်ဝင်စားဖွယ်မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကဲ့သို့ သဘာဝတရားများနှင့် ပြည့်နှက်နေသည့် ထမ်ဆမ်းလိုဏ်ဂူတော်သို့ လာရောက်ကြသည့် ဘုရားဖူးများအနေဖြင့် ကုသိုလ်တရားများပွားများနိုင်သည့်အပြင် လိုဏ်ဂူတော်၏ သဘာဝတရားများကိုပါ ကြည့်ရှုလေ့လာခွင့်ရမည်ဖြစ်ပေသည်။

**အေးမင်းသူ**

---

**❂ သီတင်းကျွတ်မှ**

ဆယ်အိမ်တန်းကမ်းခြေမှာ ရေသေရက်ရောက်ပြီဆိုလျှင် ရေတက်နောက်ကျသဖြင့် သဲပြင်ပေါ်ရေတက်ချိန်တွင် လာရောက်အပန်းဖြေကြသူများပြားပြီး ကမ်းခြေသဲပြင်ပေါ် ရေမတက်ချိန်တွင်လည်း အပန်းဖြေကြသူများမှ နှုန်းပြင်ပေါ် အပေခံကာ ဆော့ကစားကြကြောင်း သိရသည်။

ယခုအခါ ဆယ်အိမ်တန်းကမ်းခြေ၌ မိုးတွင်းကာလများအတွင်း နိုင်ငံကျော်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြသည့် ရုပ်ရှင်ဇာတ်ကားများကို လာရောက်ရိုက်ကူးကြကြောင်းသိရပြီး ရုံးပိတ်ရက်များတွင်သာမက ရုံးဖွင့်ရက်များတွင်ပင် လာရောက်အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အမှတ်တရဓာတ်ပုံများ ရိုက်ကူး**

ညနေ နေဝင်ချိန်ဆိုလျှင် ကမ်းခြေသည် လွန်စွာလှပသောကြောင့် ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေသဖြင့် လာရောက်အပန်းဖြေကြသူများက ညနေ နေဝင်ဆည်းဆာ အလှကို စောင့်ဆိုင်းကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

အထူးသဖြင့် အဆိုပါ ဆယ်အိမ်တန်းကမ်းခြေရှိ စားသောက်ဆိုင်တန်းများ၌ ဖွင့်လှစ်ရောင်းချသော နာမည်ကြီး ငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေပြီး နှစ်ခြိုက်စွာစားသုံးကြကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် အနီးကပ်ဆုံးနေရာတွင် တည်ရှိသော ဆယ်အိမ်တန်းကမ်းခြေအတွက် နိုင်ငံတော်မှလည်း ဒေသဖွံ့ဖြိုးရေးများကို လုပ်ဆောင်နေသောကြောင့် လာရောက်အပန်းဖြေပြည်သူများအတွက် စိတ်ချမ်းမြေ့မှုရှိကြောင်း ဆယ်အိမ်တန်းကမ်းခြေ သာယာဖွံ့ဖြိုးရေးကော်မတီမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - စိုးမြင့်အောင်**

# ဆီးရီးယား၌ ပြုလုပ်နေသည့် တူရကီထိုးစစ်အား ချက်ချင်းအဆုံးသတ်ရန် ဂျာမနီဝန်ကြီးချုပ် တောင်းဆို



**ဘာလင် အောက်တိုဘာ ၁၄**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် တူရကီနိုင်ငံက ပြုလုပ်နေသည့် ထိုးစစ်ဆင်နွှဲမှုများအား ချက်ချင်း အဆုံးသတ်ရန် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အင်ဂျလာမာကယ်က တောင်းဆိုလိုက်သည်။

အောက်တိုဘာ ၁၃ ရက်တွင် တူရကီသမ္မတ ရီဆက်တေယက် အာဒိုဂန်နှင့် ဂျာမနီဝန်ကြီးချုပ်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ရာ၌ ဂျာမနီဝန်ကြီးချုပ်က ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တူရကီသမ္မတ အာဒိုဂန်၏ တောင်းဆိုမှုအရ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်နှင့် တူရကီသမ္မတတို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီအစိုးရ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

တူရကီ၏ ထိုးစစ်ချက်ချင်း ရပ်ဆိုင်းရန် ပြောကြားခြင်းမှာ တူရကီနိုင်ငံ၏ တရားဝင်ဖြစ်သော လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို အရေးမထားခြင်း မဟုတ်ကြောင်း၊ ယင်း ထိုးစစ်များ၏ ခြိမ်းခြောက်မှုကြောင့် ဒေသတွင်းရှိလူဦးရေအများအပြားအား နေရပ်စွန့်ခွာမှုများနှင့် ဒေသတွင်း မတည်ငြိမ်မှုများနှင့်အတူ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့တို့ ပြန်လည်ခေါင်းထောင်မှုများ ဖြစ်ပေါ်နိုင်၍ ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်က တူရကီသမ္မတအား ပြောကြားခဲ့သည်။

တူရကီနှင့် ဂျာမနီနှစ်နိုင်ငံ ခေါင်းဆောင်များသည် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်ဆိုင်ရာ အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–ဇော်ဝင်း**



# နိုင်းဆည်အငြင်းပွားမှုနှင့် စပ်လျဉ်း၍ အီသီယိုးပီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်ဟု အီဂျစ်သမ္မတပြောကြား

**ကိုင်ရို အောက်တိုဘာ ၁၄**

နိုင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့် အငြင်းပွား Grand Ethiopian Renaissance Dam (GERD)ကိစ္စနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုတွင် အီသီယိုးပီးယားနိုင်ငံ ဝန်ကြီးချုပ် အာမက်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ သမ္မတ အက်ဘ်ဒယ်ဖက်တာ အယ်လ်စီစီက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်ကို ဆင်ဟွာသတင်း တစ်ရပ်က ဖော်ပြထားသည်။

အီဂျစ်စစ်ဘက်က ဦးဆောင်ကျင်းပသော အသိပညာဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ခုတွင် အယ်လ်စီစီက မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။ အီဂျစ်သမ္မတသည် အီသီယိုးပီးယား နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည့် ရက်ကိုမူ ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် အီဂျစ်နိုင်ငံ၏ တရားဝင် သတင်းအေဂျင်စီ အမ်အီးအင်န်အေ၏ ထုတ်ပြန်ချက်အရ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ယခုလကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်၊ အီသီယိုးပီးယားနှင့် ဆူဒန်တို့သည် အဆိုပါဆည်၏ ရေဖြည့်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် စပ်လျဉ်း၍ သဘောတူညီချက်မရရှိခဲ့ကြောင်း၊ သို့ရာတွင် ဆွေးနွေးပွဲများမှတစ်ဆင့် မတူကွဲပြားမှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း အယ်လ်စီစီက မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အီရန်ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုနောက်ကွယ်၌ ပါဝင်ခြင်းမရှိဟု ဆော်ဒီအာရေဗျပြောကြား

**ရီယာ့ဒ် အောက်တိုဘာ ၁၄**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ပင်လယ်နီအတွင်း၌ ဖြစ်ပွားခဲ့သည့် သံသယမကင်းဖွယ် အီရန်ပိုင် ရေနံတင်သင်္ဘောတစ်စင်း တိုက်ခိုက်ခံရမှု၏ နောက်ကွယ်တွင် ဆော်ဒီအာရေဗျက ပါဝင်ပတ်သက်ခဲ့ခြင်းမရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ယင်းသို့ လုပ်ဆောင်သည့် အမှုအကျင့်မရှိကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး အဒ်လ်အယ်လ်ဂျူဗီယာက သတင်းထောက်များအား အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားခဲ့ပြီး ယင်းလုပ်ရပ်မျိုးကို မိမိတို့နိုင်ငံက လုပ်ဆောင်ခဲ့ခြင်းမရှိဟု ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံပိုင် ရေနံတင်သင်္ဘောသည် အောက်တိုဘာ ၁၁ ရက်တွင် ပင်လယ်နီအတွင်း၌ ခုတ်မောင်းသွားလာနေစဉ် ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း၊ ပေါက်ကွဲမှုများ သီးခြားစီဖြစ်ပေါ်နေချိန်တွင် ယင်းအီရန်ရေနံတင်သင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ဂျက်ဒါမြို့၏ ကမ်းလွန် ကီလိုမီတာ ၁၀၀ တွင် ခုတ်မောင်းနေခြင်းဖြစ်သည်။

ယင်းရေနံတင်သင်္ဘောကို တိုက်ခိုက်ခံရခြင်းနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံက ပြုလုပ်ခဲ့သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက စွပ်စွဲပြောကြားမှု မပြုခဲ့သော်လည်း အချို့သော သတင်းဌာနများကမူ အီရန်နိုင်ငံအနေဖြင့် ယင်းတိုက်ခိုက်မှုကို ဆော်ဒီအာရေဗျနိုင်ငံ ပိုင်နက်နယ်မြေမှ လုပ်ဆောင်ခဲ့သည်ဟု အထင်ရှိကြောင်း ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ခြောက်လအတွင်း၌ အရှေ့အလယ်ပိုင်းဒေသရှိ ပင်လယ်ရေပြင်များတွင် ရေနံတင်သင်္ဘောအချို့ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။

ယင်းတိုက်ခိုက်မှုများသည် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နှစ်နိုင်ငံအကြား အီရန်နိုင်ငံ၏ အဏုမြူအစီအစဉ်များအတွက် တင်းမာမှုများ ဖြစ်ပွားနေချိန်ဖြစ်ပြီး ယင်းရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရသည့် ဖြစ်စဉ်တိုင်းအတွက် လက်သည်မသေချာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ဇော်ဝင်း**

# တောင်ကိုရီးယား တရားရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**ဆိုးလ် အောက်တိုဘာ ၁၄**

မိသားစုဝင်များပါဝင်သော အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံများကြောင့် ဖိအားများကျရောက်နေသည့် တောင်ကိုရီးယား တရားရေးဝန်ကြီး ချိုကွပ်ခ်က ရာထူးမှနုတ်ထွက်ကြောင်း ကြေညာလိုက်သည်။

ယနေ့ထုတ်ပြန်သည့်ကြေညာချက်တစ်ခုတွင် ချိုက တောင်ကိုရီးယား ပြည်သူများကို တောင်းပန်ခဲ့သည်။ သူအနေဖြင့် အရှုပ်တော်ပုံများကြောင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် သူ၏အစိုးရအဖွဲ့တို့နှင့် အဆင်မပြေနိုင်တော့ကြောင်း ချိုက ဆိုသည်။ သူ့အနေဖြင့် အစိုးရရှေ့နေ ရုံးကိုပြုပြင်ပြောင်းလဲသည့် အခန်းကဏ္ဍတွင် အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သည်ဟု ၎င်း၏ ကြေညာချက်ကဖော်ပြသည်။ သူ၏နေရာဆက်ခံသူက ထိုရည်မှန်းချက်ကိုလုပ်ဆောင်နိုင်စွမ်းရှိမည်ဟု မျှော်လင့်ကြောင်း ချိုက ပြောသည်။

စက်တင်ဘာလအစောပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် ချိုမှာ သီတင်းပတ်အနည်းငယ်မျှသာ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ချို၏ ရာထူးမှနုတ်ထွက်မှုက သူ့ကိုခန့်အပ်ခဲ့သည့် သမ္မတမွန်ဂျေအင်းအတွက် နိုင်ငံရေးထိုးနှက်ချက်တစ်ခုဖြစ်မည်ဟု ယူဆရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ဗြိတိန်နှင့် အီးယူဘရက်ဆစ်အရေး ဆွေးနွေး

**လန်ဒန် အောက်တိုဘာ ၁၄**

ဘရက်ဆစ်အရေးအတွက် အဆုံးအဖြတ်ပေးမည့် ဆွေးနွေးပွဲများအား ဘရပ်ဆဲလ်တွင် ပြန်လည်ကျင်းပနေပြီး ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှ အောက်တိုဘာ ၃၁ ရက်တွင် မဖြစ်မနေ နုတ်ထွက်သွားမည်ဟု ပြောကြားလိုက်သည်။

ဗြိတိန်ပါလီမန်တွင် ကျင်းပသော အခမ်းအနားတွင် ဘုရင်မကြီး အလက်ဇဘက်က ဂျွန်ဆင်၏ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး အစီအစဉ်အား လာမည့်နှစ်အတွက်ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း ပြောကြားသည်။ "ကျွန်မတို့အစိုးရရဲ့ ဦးစားပေး ဆောင်ရွက်ရမည့်ကိစ္စကတော့ အောက်တိုဘာ ၃၁ ရက်မှာ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး (ဘရက်ဆစ်)ပဲ ဖြစ်ပါတယ်၊ ကျွန်မတို့အစိုးရအနေနဲ့ အီးယူနဲ့ ဆက်ဆံရေးမှာ လွတ်လပ်စွာကုန်သွယ်ရေးနဲ့ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံပြီး ဆက်ဆံဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ဘုရင်မကြီး အလက်ဇဘက်က ပြောကြားသည်။ သို့သော် ဘရက်ဆစ် အရေးအောင်မြင်ရန်မှာ ဘရပ်ဆဲလ်တွင် ကျင်းပနေသော တံခါးပိတ် ဆွေးနွေးပွဲ၏ရလဒ်အပေါ်တွင် မူတည်နေသည်။

၎င်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများအနေဖြင့် ဘရက်ဆစ်အရေး ဆောင်ရွက်ရန်အတွက် သဘောတူညီချက်များကို အီးယူခေါင်းဆောင်များ၏ အစည်းအဝေးမတိုင်မီရရှိရန် ကြိုးပမ်းလျက်ရှိသည်။ သဘောတူညီချက်တော့ ဒီလအတွင်းရဖို့ဖြစ်နိုင်ကြောင်း အိုင်ယာလန် ဒုတိယဝန်ကြီးချုပ် ဆိုင်မွန်ကိုဘေနီက လူဇင်ဘတ်တွင် ကျင်းပသော အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ပြောကြားသည်။

ဘရက်ဆစ်ဆိုင်ရာ ညှိနှိုင်းရေးမှူးချုပ်ဖြစ်သူ မိုက်ကယ်ဘာနီယာက ဘရက်ဆစ်အရေး ဆွေးနွေးပွဲများသည် အားကောင်းပြီး အပြုသဘောဆောင်ကြောင်း အီးယူသံတမန်များအား ပြောကြားခဲ့သည်။ ၎င်းက ဘရက်ဆစ်အရေး အောင်မြင်ရန်အတွက် လုပ်ငန်းများစွာ လုပ်ဆောင်ရန် ကျန်နေသေးကြောင်း ဆိုသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန်– စိုးသူရ**



# ဆီးရီးယား၌ တူရကီ၏ ကျူးကျော်မှုများအား ဂျပန်နိုင်ငံရှိ ကာ့ဒ်လူမျိုးများ ဆန့်ကျင်ဆန္ဒပြ

**တိုကျို အောက်တိုဘာ ၁၄**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ကာ့ဒ်ပြည်သူ့စစ်များအပေါ် တူရကီစစ်ဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများအပေါ် ဆန့်ကျင်ဆန္ဒပြမှုကို ဂျပန်နိုင်ငံတွင် နေထိုင်ကြသည့် ကာ့ဒ်လူမျိုးများက အောက်တိုဘာ ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ မြို့တော်တိုကျိုမြို့ရှိ ကုလသမဂ္ဂ တက္ကသိုလ် ပြင်ပ၌ ပြုလုပ်သည့် ဆန္ဒပြမှုတွင် ကာ့ဒ်လူမျိုး ၅၀ ခန့်တို့ စုဝေးပြုလုပ်ခဲ့ကြသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ တူရကီ၏ စစ်ရေးအရ ကျူးကျော်စွက်ဖက်မှု ရပ်ဆိုင်းရေးအတွက် ကုလသမဂ္ဂအား တောင်းဆိုထားသည့် လက်ကိုင်ပိုစတာ စာတန်းများကို ဆန္ဒပြသူများ ကိုင်ဆောင်ခဲ့ကြပြီး ကာ့ဒ်ပြည်သူများအား မျိုးဖြုတ်သတ်ဖြတ်နေမှုများ ရပ်ဆိုင်းပေးဟု သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

ယင်းစုဝေးပွဲအား ဦးဆောင်ပြုလုပ်သည့် ပက်ကက်စ်ကိုလက်က အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်သမားများက သတ်ဖြတ်မှုများ ပြုလုပ်နေကြောင်း၊ ၎င်းအနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ ကာ့ဒ်လူမျိုးများနှင့် ပူးပေါင်းပြီး အသိတရားမဲ့သော စစ်ပွဲဟု ခေါ်ဆိုသော စစ်ပွဲအဆုံးသတ်ကာ အပြည့်အဝ ငြိမ်းချမ်းသော အဖြစ်သို့ တောင်းခံမည်ဖြစ်ကြောင်း ပြောကြားသည်။

ကာ့ဒ်လူမျိုးများသည် ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံး နိုင်ငံမဲ့လူမျိုးနွယ်စုဖြစ်သည်။ ကာ့ဒ်လူမျိုး လူဦးရေ သန်း ၃၀ မှ ၂၅ သန်းကျော်နီးပါးသည် တူရကီ၊ အီရန်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံများ၌ ခွလျက်တည်ရှိသော ဒေသများတွင် နေထိုင်ကြရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ဇော်ဝင်း**

# ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားကို အောက်တိုဘာ ၃၀ တွင် ဖွင့်လှစ်မည်

**ဗန်ကောက် အောက်တိုဘာ ၁၄**

မဲဆောက်ခရိုင် သောင်ရင်းမြစ်ပေါ်၌ တည်ဆောက်ထားသော ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားကို အောက်တိုဘာ ၃၀ ရက်တွင် တရားဝင်ဖွင့်လှစ်သွားမည်ဟု အဝေးပြေးလမ်းမကြီးများဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီး ဆတ်ဆာရမ်ချဒ်ချော့ဘ်နှင့် မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံမတ်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့အပြင် နှစ်နိုင်ငံစလုံးမှ အဆင့်မြင့် တာဝန်ရှိသူများလည်း တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ တံတားဖွင့်ပွဲပြီးပါက မော်တော်ကားများသည် ထိုင်းဘက်ခြမ်းမှ မြန်မာဘက်ခြမ်းသို့ တံတားကိုဖြတ်၍ မောင်းနှင်ဝင်ရောက်မည်ဖြစ်သည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးများသည် ထိုင်းနိုင်ငံ မဲဆောက်ခရိုင် Ban Wang Takhian Tai ရှိ ဒုတိယမြောက် နယ်စပ်စစ်ဆေးရေးဂိတ်ကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားက ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ်နှင့် မြန်မာနိုင်ငံ မြဝတီမြို့အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ထို့အပြင် အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစည်းမှုကို မြှင့်တင်ပေးမည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ (EWEC) တစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်မည့်အပြင် ထိုင်းနှင့် မြန်မာအကြား သဘာဝမဟာဗျူဟာမြောက် မိတ်ဖက်ဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

**ကိုးကား - ဗန်ကောက်ပို့စ်**

**ဘာသာပြန် - ကျော်ထိုက်စိုး**



# အိန္ဒိယမြောက်ပိုင်း၌ နေအိမ်ပြိုကျမှုဖြစ်ပွား ၁၂ ဦးသေ၊ ခြောက်ဦး ဒဏ်ရာရ

**နယူးဒေလီ အောက်တိုဘာ ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒက်ရှ် ပြည်နယ်၌ ဆလင်ဒါပေါက်ကွဲမှုကြောင့် နေအိမ်တစ်လုံးပြိုကျခဲ့ရာ လူ ၁၂ ဦးထက် မနည်း သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာများက ရေးသားဖော်ပြခဲ့သည်။



အိမ်ပြိုကျမှုမှာ ဥတ္တရပရာဒက်ရှ်ပြည်နယ် မာအူခရိုင်ရှိ နှစ်ထပ်နေအိမ်တစ်လုံးအတွင်း ယနေ့နံနက်ပိုင်း၌ ဆလင်ဒါတစ်လုံး ပေါက်ကွဲချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြိုကျနေအိမ်အတွင်း လူအများအပြား ပိတ်မိနေပြီး ဒဏ်ရာရရှိသူများကို ဆေးကုသရန် ဒေသန္တရဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့သည်။ အပျက်အစီးများကို သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့ (NDRF) က ဖယ်ရှားလျက်ရှိသည်။ အဆောက်အအုံအတွင်း လူအများအပြား ပိတ်မိနေသောကြောင့် သေဆုံးသူဦးရေ မြင့်တက်လာနိုင်သည်။

ပိတ်မိနေသူများကို ကယ်တင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒီရန်နက်က ဒဏ်ရာရရှိသူများအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်များ လုပ်ဆောင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို အမိန့်ပေးခဲ့ပြီး သေဆုံးသူများ၏ မိသားစုဝင်များထံ ဝမ်းနည်းစကားများ ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ပီတီအိုင်**

**ဘာသာပြန် - ကျော်ထိုက်စိုး**

# အာဖဂန်တွင် ကလေး ၈ ဒသမ ၅ သန်းကို ပိုလီယိုကာကွယ်ဆေးထိုးမှု စတင်

**ကဘူးလ် အောက်တိုဘာ ၁၄**

အာဖဂန်နစ္စတန် ကျန်းမာရေးအရာရှိများသည် အသက်ငါးနှစ်အောက်ကလေးငယ် ၈ ဒသမ ၅ သန်းကို ပိုလီယိုကာကွယ်ဆေးထိုးရန်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို တနင်္လာနေ့က စတင်ခဲ့ကြောင်း အာဖဂန်နစ္စတန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ငါးရက်ကြာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းသည် နိုင်ငံတစ်ဝန်း ခရိုင် ၃၂၄ ခရိုင်ရှိ အသက်ငါးနှစ်အောက် ကလေးငယ် ၈ ဒသမ ၅ သန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ကြောင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ယခုနှစ် စောစောပိုင်းက ကလေးအနည်းငယ်ကိုသာ ကာကွယ်ဆေးထိုးနိုင်ခဲ့သည့် နေရာဒေသအများစုတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

နိုင်ငံ၏အချို့ဒေသများတွင် ပိုလီယိုကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ကာလရှည်ကြာ ရပ်တန့်သွားခဲ့ပြီးနောက် ကလေးငယ်များ ပိုလီယိုဗိုင်းရပ်စ်ပိုး ကူးစက်ခံရမည်ကို စိုးရိမ်မိကြောင်း၊ သို့ဖြစ်၍ ယခင်ကာကွယ်ဆေးထိုးရာ၌ လွဲချော်ခဲ့သည့် ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးခြင်းသည် အလွန်အရေးကြီးကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

မိမိတို့၏ ကလေးငယ်များကို ပိုလီယိုရောဂါမှ ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးပေးမည့်သူများ အိမ်တံခါးလာခေါက်သည့်အခါ အိမ်ထဲသို့ဝင်ခွင့်ပြုရန် ကလေးမိဘများကို ဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။

ပြီးခဲ့သည့် လနှောင်းပိုင်းက အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားမှု တစ်ဖန်တွေ့ရှိခဲ့ရပြီးနောက် ယခုကာကွယ်ဆေးထိုးမှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှစ၍ ယခုထိ ပိုလီယိုရောဂါဖြစ်ပွားသူ ၁၆ ဦးရှိသည်ဟု အတည်ပြုထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ဇော်လင်း**



## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် (၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော် ၊ ဖုန် ၊ သဲ ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆)ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ်ငွေ(၅) သိန်းအဖြစ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံ ရည်ညွှန်းဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည် ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံ ရည်ညွှန်းဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀ ခုနှစ် နွေစပါးတို့ အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်(ဖုန်း-၀၁-၂၃၀၁၁ ၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

နှီးမျှားကျွာ ဂျာနယ်
ထွက်ရှိ
၁၅-၁၀-၂၀၁၉ ရက်နေ့ထုတ် အတွဲ(၁၆)၊ အမှတ်(၂၀)တွင်
- ဈေးကွက်ယှဉ်ပြိုင်နိုင်မှုနှင့် မြန်မာ့ကော်ဖီတိုးချဲ့စိုက်ပျိုးရေး
- ပဲစင်းငုံ အထွက်တိုးစေရန် သတိပြုရမည့် အချက်များ
- သီးနှံ အာမခံစနစ်ရှိမှ စပါးဈေးခိုင်မာမည်
- စီးပွားရေးတွက်ခြေကိုက်ပြီး နိုင်ငံခြားသို့ တင်ပို့နိုင်သည့် ကဏန်းမွေးမြူခြင်း
- နွား ဆိတ်များ အရိုးကျိုးသော်
- ကွမ်းပျူတာနှင့် ကျန်းမာရေး
- ကလေးသာဝ တူးစက်တတ်သော ရောဂါများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



တန်ဖိုး (၂၀၀)ကျပ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# မှုခင်းရေးရာ

## နေပြည်တော် မြို့မဈေးတွင် မီးလောင်မှုဖြစ်ပွား



**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော် မြို့မဈေး အနောက်မြောက်ဘက်ထောင့်ရှိ "သူ့ထက်" နန်းစိန်ကိတ်နှင့် လက်ဆောင်ပစ္စည်းရောင်းဝယ်ရေးဆိုင်၌ ယနေ့ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ည ၁၀ နာရီ ၂၂ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်က "ကျွန်တော်တို့ ည ၉ နာရီ ၄၅ မိနစ်မှာ မြို့မဈေးက ဆိုင်တစ်ဆိုင် မီးလောင်နေတယ်လို့ စတင်သတင်းရပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ Level- 1 ယာဉ်အုပ်စု ဖြစ်တဲ့ မီးသတ်ယာဉ် ၁၅ စီးနဲ့ Level-2 မီးသတ်ယာဉ် အစီး ၃၀ စုစုပေါင်း ၄၅ စီးနဲ့ မီးငြိမ်းသတ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် အင်အားက ၃၀၀ နဲ့ ငြိမ်းသတ်ခဲ့ပါတယ်" ဟုပြောသည်။

"ပျက်စီးဆုံးရှုံးမှုအခြေအနေကတော့ မျက်မြင်အနေအထားအရ ဆိုင်ထဲမှာရှိတဲ့ စားသောက်ကုန်ပစ္စည်းတွေ အကုန်လောင်သွားပါတယ်။ မီးလောင်မှုတန်ဖိုး အတိအကျကိုတော့ ဆက်လက်ထုတ်ပြန်သွားပါမယ်။ မီးလောင်မှုအကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ပါတယ်" ဟု ဦးလှိုင်ဝင်းအောင်က ဆက်လက်ပြောကြားသည်။

မီးလောင်မှုတွင် "သူ့ထက်" နန်းစိန်ကိတ်နှင့် လက်ဆောင်ပစ္စည်းရောင်းဝယ်ရေးဆိုင်တစ်ဆိုင်သာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အခြားဆိုင်ခန်းများသို့ ကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေးအတွက် ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးသူဟိန်း၊ မင်းမင်းလတ်**

## မိုးညှင်းမြို့နယ် မော်ဟန်-နမ္မချီမှော်သွားလမ်းတွင် မူးယစ်ဆေးဝါးသယ်ဆောင်သူများအား ဖမ်းဆီးရမိ

**မိုးညှင်း အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-နမ္မချီမှော်သွားလမ်းတွင် အောက်တိုဘာ ၁၄ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးသယ်ဆောင်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက အထူးမူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ ဒုရဲအုပ်နေလင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များ မော်ဟန်-နမ္မချီမှော်သွားလမ်း သရက်ပင်ကုန်းအနီးတွင် စောင့်ဆိုင်းနေစဉ် နမ္မချီမှော်မှ မော်ဟန်ရွာသို့ ဇော်ဦး မိုးညှင်းမြို့နယ် အောင်သပြေရပ်ကွက်(၃) နေသူမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ အလေးချိန် ၁၂ ဂရမ်အား ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ အဆိုပါနေရာတွင် စောင့်ဆိုင်းနေစဉ် မွန်းလွဲ ၂နာရီ ၄၅ မိနစ်က နမ္မချီမှော်မှ မော်ဟန်ကျေးရွာသို့ ဌေးလွင် မိုးညှင်းမြို့ မော်ဟဲကျေးရွာနေသူ မောင်းနှင်ပြီး ကျော်ဦး(ခ)ကုလား မိုးညှင်းမြို့နယ် မော်ဟဲကျေးရွာနေသူ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ကျော်ဦး(ခ)ကုလားထံမှ ဘိန်းဖြူ သုည ဒသမ ၃ ဂရမ်ပါ လေးဘူး၊ (အလေးချိန် ၁ ဒသမ ၂ ဂရမ်)အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ အဆိုပါ ညနေ ၆ နာရီ ၅ မိနစ်က မော်ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်ငြိမ်းချမ်း ဦးစီးတပ်ဖွဲ့ဝင်များ မော်ဟန်-နမ္မချီမှော်သွားလမ်း သင်္ချိုင်းအနီး၌ နမ္မချီမှော်မှ မော်ဟန်ကျေးရွာသို့ စိန်ခိုင် မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာနေသူမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိန်ခိုင်ထံမှ ဘိန်းဖြူ သုည ဒသမ ၃ ဂရမ်ပါ နှစ်ဘူး၊ သုည ဒသမ ၂ ဂရမ် တစ်ဘူး (စုစုပေါင်း အလေးချိန် သုည ဒသမ ၈ ဂရမ်)အား ရှာဖွေတွေ့ရှိသဖြင့် မိုးညှင်းမြို့မရဲစခန်းက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

## ကျောက်ပန်းတောင်းတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဂူကျောင်းလမ်းအနီး မယ်ကန်နုရေကန်ငယ်တွင် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခန့်က အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်မင်္ဂလာရပ်ကွက်ရှိ ဂူကျောင်းလမ်းအနီး မယ်ကန်နုရေကန်တွင် အမျိုးသားတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်မိုးဝင်းဖြစ်ပြီး ပဋ္ဌာတံဘုရား၏တောင်ဘက် တစ်ဖာလုံခန့် ဂူကျောင်းသွားကားလမ်း၏ ယာဘက်ဘေးရှိ အလျား ပေ ၁၅၀ အနံပေ ၅၀ ခန့်နှင့် အနက် ငါးပေခန့်ရှိသော မယ်ကန်နုရေကန်ငယ်တွင် ညပိုင်းကထောင်ထားခဲ့သည့် ငါးဖမ်းပိုက်မှ ငါးအားဆင်း၍ ဖြုတ်ယူစဉ် ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ သေဆုံးမှုနှင့် ပတ်သက်၍ သေမှုသေခင်းဖွင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၀၅၄**

## ခင်ဦးမြို့နယ်တွင် ရထားကြိတ်၍ လူတစ်ဦးသေ

**ခင်ဦး အောက်တိုဘာ ၁၄**

ခင်ဦးမြို့နယ်တွင် အောက်တိုဘာ ၁၄ ရက်က ရထားကြိတ်၍ လူတစ်ဦး သေဆုံးကြောင်း ခင်ဦးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွာသန်းကျေးရွာအရှေ့ဘက်ရှိ မန္တလေး-မြစ်ကြီးနား ရထားလမ်း မိုင်တိုင်အမှတ်(၄၅၃/၁၉)နှင့် (၄၅၃/၂၀)ကြားတွင် လူတစ်ဦးအား အောက်တိုဘာ ၁၄ ရက်က ရထားကြိတ်သဖြင့် ယာယီမြို့မစခန်းမှူး ရဲအုပ်အောင်အောင်နှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးငွေစိုး ခင်ဦးမြို့နယ် ရွာသန်းကျေးရွာနေသူဖြစ်ကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ထုတ်လုပ်ရေးနှင့် ရုပ်ရှင်ကားများ

အေးကြူလေး

၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ မြန်မာ့ပထမဆုံးရုပ်ရှင် မေတ္တာနှင့်သူရာ ဇာတ်ကားရုံတင်ပြသည့်အချိန်တွင် ပရိသတ်များရုံပြည့်လျှံအားပေးခဲ့သည်။ ထိုင်ခုံများအားလုံးပြည့်သည့်အပြင် ခုံထိုးရခြင်း၊ မတ်တတ်ရပ်ကြည့် အားပေးခြင်းတို့ပါရှိခဲ့သည်။

ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်သည် နောက်ထပ် မြန်မာရုပ်ရှင်ကားရိုက်ကူးရန် ရှာဖွေလျက်ရှိသည်။ မြန်မာအဆွေကုမ္ပဏီမှ ဦးစီးထုတ်ဝေသော ဒဂုန်မဂ္ဂဇင်းသို့ မော်လမြိုင် ဦးအုန်းမြင့်က မနုကျေးတောသူ ဟူသော တစ်ပုဒ်ရေးသားပေးပို့သည်။ ဦးတင်နွယ်က ရုပ်ရှင်ရိုက်ကူးသင့်ကြောင်း ပြောပြသဖြင့် ဦးညီပုက ဇာတ်လမ်းရှာဖွေနေသော ဦးအုန်းမောင်ကို ပြန်လည်ပြောပြသည်။ ဦးအုန်းမောင်က ဖတ်ကြည့်ရာ သဘောကျသဖြင့် ဦးပုမှတစ်ဆင့် ဆရာကြီးပီမိုးနင်းအား ရုပ်ရှင်ရိုက်ကူးနိုင်ရန် ရေးသားပေးဖို့ မေတ္တာရပ်ခံလိုက်သည်။ ဆရာကြီး ပီမိုးနင်းက မူလ မနုကျေးတောသူအမည်ကို ကျေးတောသူ မနု အမည်သို့ပြောင်းပြီး ရေးပေးသည်။



တစ်ကားတည်းနှင့်
နာမည်ကျော်သူ ဘတင့်



တစ်ကားတည်းနှင့် နာမည်ကြီးသွားသော
မင်းသမီး ခင်ခင်နု



ပထမဆုံး နှစ်ကိုယ်ခွဲ သရုပ်ဆောင်သူ
ကိုဘတင် (ဒဂုဏ်ပ ဦးတင်)



ဗြိတိသျှဘားမားရုပ်ရှင်မှ
ပထမဆုံးရုပ်ရှင်ကား ရိုက်ကူးသူ
ဒါရိုက်တာ ဆရာခန့်





မြန်မာအဆွေ တိုက်ဆိုင်ကြီးနှင့်
အေဝမ်းဖလင် သူဌေးကြီး
ဦးဘညွန့်



လူရွှင်တော် ပေါစံ (ခေါ်)
ဒါရိုက်တာ မောင်ဘထွန်း



ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ
သူဌေးကြီး ဦးညွန့်

### မှတ်တမ်းတင်ရ

ကျေးတောသူမနုတွင် မင်းသားအဖြစ် ဦးညီပုကို ရွေးချယ်ပြီး မင်းသမီးကို ရှာရပြန်သည်။ မြန်မာအဆွေ စာရေးတစ်ဦး၏ အကူအညီဖြင့် ကြည့်မြင်တိုင်စမ်းချောင်းမှ အရပ်ယိမ်းများတွင် ပါဝင်ကပြလေ့ရှိသော မငွေမြိုင်ကို အုပ်ထိန်းသူများနှင့် တွေ့ဆုံငှားရမ်းသည်။ ဇာတ်လမ်းအရ ဦးညီပုက မောင်မြင့်၊ မငွေမြိုင်က မနု၊ ဦးပုက လူကြမ်း တုတ်ကြီး၊ ဦးပါကြီးက မနု၏ဖခင်အဖြစ် ပါဝင်သရုပ်ဆောင်ကြသည်။ ဦးညီပုမှာ ကျောင်းလည်း မတက်ရသဖြင့် ရိုက်ရက်များ စိပ်စိပ်ရိုက်ပြီး သုံးလနှင့်ပြီးသွားသည်။

ပထမဦးဆုံး မေတ္တာနှင့်သူရာ ရုပ်ရှင်ကားကို အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရုံတင်ပြသပြီး ဒုတိယမြောက်ရုပ်ရှင်ကား ကျေးတောသူမနုကို ၁၉၂၁ ခုနှစ် မတ်လတွင် ရုံတင်ပြသနိုင်သည်။ မငွေမြိုင်မှာ ကျေးတောသူ မနု ဇာတ်ကားထံမှ မနုနာမည်ကို အသိအမှတ်ပြုကြပြီး မင်းသမီးခင်ခင်နုဟူ၍ နာမည်ကြီးသွားသည်။ မေတ္တာနှင့်သူရာဇာတ်ကား ရုံတင်ပြသစဉ်က အောက်မှ စန္ဒရားတစ်လုံးဖြင့် ပံ့ပိုးတီးခတ်ပေးသော်လည်း ကျေးတောသူမနု ရုံတင်ပြသသည့်အခါတွင် စန္ဒရား၊ မယ်ဒလင်၊ တယောဟူ၍ တူရိယာ သုံးမျိုးနှင့် ဇာတ်ပို့တီးခတ်ပေးသည်။ ပထမဆုံး ဇာတ်လမ်းနှင့်လိုက်ဖက်သည်များ သီဆိုနိုင်ရန် အဆိုတော်ဦးဖြိုးကိုပါ ထည့်သွင်းအားဖြည့်သဖြင့် ပထမဆုံး ရုပ်ရှင်တေးအဆိုတော်ကို မှတ်တမ်းတင်ရမည် ဖြစ်သည်။

### တည်ထောင်

မြန်မာ့ရုပ်ရှင်လုပ်ငန်းကြီးအောင်မြင်မှု ရလာသဖြင့် မြန်မာလူမျိုးများနှင့် လူမျိုးခြားများပါ အားကျစိတ်ဝင်စားလာကာ ရုပ်ရှင်ထုတ်လုပ်သူများ ပေါ်ထွန်းလာသည်။ ဦးအုန်းမောင်နှင့်အတူ ဒီအေအေဟူဂျာ ဓာတ်ပုံတိုက်တွင်လည်း လုပ်ကိုင်ခဲ့သော ဓာတ်ပုံဆရာကြီး ဦးညိမ်းမောင်လည်း စိတ်ဝင်စားလာပြီး ဦးလေးတော်စပ်သူ ဦးညွန့်အား အကျိုးအကြောင်းပြောပြကာ ရုပ်ရှင်ကုမ္ပဏီတစ်ခု တည်ထောင်ရန် တိုက်တွန်းသည်။ ထိုအချိန်က ဦးညွန့်မှာ ဝှိုက်တဝေးတိုက်ဆိုင်ကြီးတွင် ကြော်ငြာမန်နေဂျာအဖြစ်လုပ်ကိုင်နေသည်။ ဦးညွန့်က သူ၏ မိတ်ဆွေရင်းများဖြစ်သော ဦးစံ(မူဝံပုံနှိပ်တိုက်ဆိုင်)၊ ဦးဘကျော်(ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်ပိုင်ရှင်)၊ ဦးအုံးဖေ၊ ဦးဘညွှာ၊ ဦးမောင်ကြီး(ရေနံချောင်းမြို့မရုပ်ရှင်ရုံပိုင်ရှင်)၊ ဦးဘသိန်း၊ မစ္စတာအမ်လ်ဖိုဆင်၊ ဦးညွန့်၊ ဦးညိမ်းမောင် တို့ အပါအဝင် ကိုးဦးဖြင့် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီကို တည်ထောင်သည်။

### ရုပ်ရှင်ပရိသတ်များ အံ့သြသွား

ဗြိတိသျှဘားမားရုပ်ရှင်၏ ပွဲဦးထွက်အဖြစ် ဒါရိုက်တာဆရာခန့်က သစ္စာမေတ္တာ ဇာတ်ကားရိုက်ကူးသည်။ မင်းသားထားဝယ်မှ ကိုမောင်မောင်၊ မင်းသမီး စက်ဆန်းသူမအုန်းခင်၊ လူကြမ်းဦးဘနှင်း(နောင်အမျိုးသားသူနာပြုဗိုလ်ချုပ်)၊ လူရွှင်တော်ပေါစံ(နောင် ဒါရိုက်တာဦးဘထွန်း)တို့ ပါဝင်သရုပ်ဆောင်ကြသည်။ ရုံတင်ပြသသည့်အခါ လူကြိုက်များသဖြင့် မင်းသားကိုဘချစ်တင်(ရောဝတီတိုက်မှစာရေး)၊ မင်းသမီးမအုန်းခင်၊ ပေါစံတို့ပါဝင်ပြီး စိန်နှင့်ဘေး ဇာတ်ကားကို ရိုက်ကူးသည်။ ဆက်လက်၍ အသွင်မတူ အိမ်သူမဖြစ် ဇာတ်ကားကို ရိုက်ကူးသည်။

ဦးအုန်းမောင်၏ ဘားမားဖလင်ကုမ္ပဏီမှ(၁)မေတ္တာနှင့်သူရာ၊ (၂)ကျေးတောသူမနု၊ (၃)ရွှေပေးလို့မရ၊ (၄)တိမ်တလုံး၊ (၅)စိတ်အာရုံ၊ (၆)ခင်ခင့်မှားတော်ပုံ၊ (၇)တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ရုပ်ရှင်ကားများ ရိုက်ကူးသည်။ ခင်ခင့်မှားတော်ပုံ ဇာတ်ကားမှာ ဆရာကြီးပီမိုးနင်း၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာဦးတုတ်ကြီးက ပဒေသာကပွဲများတွင် နှစ်ပါးသွားကပြသော ကောလိပ်ကျောင်းသားကိုဘတင်(ဒဂုဏ်ပဦးတင်)နှင့် မင်းသမီး မကျင်လှိုင်တို့နှင့်ရိုက်ကူးသည်။ ကျောက်ကုန်သည်လူရိုးမောင်မောင်တင်နှင့် အရက်သမားမောင်မောင်လွင်တို့ အမြွှာညီနောင်ဇာတ်လမ်းကို နှစ်ကိုယ်ခွဲရိုက်ကူးထားခြင်းဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက၏ ပထမဆုံး နှစ်ကိုယ်ခွဲရိုက်ကူးထားသော ကားအဖြစ်မှတ်တမ်းတင်ရပေမည်။ ရုံတင်သောအခါ နှစ်ကိုယ်ခွဲခန်းများ ဓာတ်ပုံရိုက်ကူးထားသောပုံ ပိရိလှသောကြောင့် ရုပ်ရှင်ပရိသတ်များ အံ့သြသွားကြသည်။

စာရေးဆရာကြီးပီမိုးနင်း၏ ချစ်သမျှကို ဇာတ်လမ်းကို ဒါရိုက်တာဦးတုတ်ကြီးက တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးသည်။ မြန်မာအဆွေကုန်တိုက်ကြီးမှ စာရေးကိုကြင်အား သူဌေးကြီးဦးဘညွန့်ထံ ခွင့်ပန်ခေါ်ယူပြီး ခေါင်းဆောင်မင်းသားတင်၍ မင်းသမီးခင်ခင်နုနှင့် တွဲဖက်ရိုက်ကူးခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ ဇနီးရခါစ မင်းသားက အလုပ်အကိုင်ရှာဖွေမရဘဲ ဖြစ်သည်။ နောက်ဆုံး နေ့စားဖြင့် ရေနံသုတ်ရသော အလုပ်ကို လုပ်ကိုင်ရသည်။ ဇနီးဖြစ်သူ စိတ်မကောင်းဖြစ်မည်စိုး၍ ရုံးတွင် စာရေးလုပ်ရကြောင်း လိမ်ပြောထားသည်။ တစ်နေ့ ဇနီးဖြစ်သူတွေ့ရှိသွားပြီး အိမ်ပြန်လာလျှင် ယောကျ်ားဖြစ်သူကို ဆီးကြို၍ ဘယ့်နှယ့် မောင်ရယ် မောင့်အလုပ်က ရေနံသုတ်တဲ့ စာရေးကြီးလားဟုမေးသည့် ဟာသဇာတ်လမ်းဖြစ်သည်။

### ဆက်လက်ရိုက်ကူး

မင်းသားကိုကြင်မှာ ရုပ်ရှင်နှင့် အလွန်စိမ်းသူဖြစ်သဖြင့် ရှက်ကြောက်သော အမူအရာဖြစ်နေသည်။ ဇာတ်လမ်းအရ တမင်ဟန်မလုပ်ရဘဲ အံဝင်ခွင်ကျဖြစ်သွားသဖြင့် တစ်ကားတည်းနှင့် နာမည်ကျော် လူကြိုက်များသွားသည်။ မြန်မာအဆွေကုန်တိုက်ကြီးမှ စာရေးကိုကြင်မှာ နောင်အခါ နာမည်ကျော်မင်းသားမောင်ဘတင့် ဖြစ်သွားသည်။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ရုပ်ရှင်ကား ရိုက်ကူးနေစဉ် ဘားမားဖလင်ကုမ္ပဏီ အစုရှယ်ယာရှင်အချင်းချင်း စိတ်ဝမ်းကွဲကာ ဦးဦးမောင်နုတ်ထွက်သွားသည်။ ကျန်အစုရှယ်ယာရှင်များက ဇာတ်ကားရိုက်ကူးနေစဉ်ကာလဖြစ်၍ ယခင်က ဦးမောင်မောင်နှင့် ရင်းနှီးပြီးဖြစ်သော ဦးညီပု၏ဖခင် မြန်မာအဆွေတိုက်ဆိုင်ကြီးပိုင်ရှင် ဦးဘညွန့်နှင့် တွေ့ဆုံသည်။ ဖြစ်သမျှအကျိုးအကြောင်းကို တင်ပြကာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်သော သူဌေးကြီးဦးဘညွန့်ထံ လက်ဝယ်ရှိသော ရုပ်ရှင်ကားများကိုပါ ငှားရမ်းလုပ်ကိုင်ပေးရန် အပ်နှံလိုက်သည်။ ဘားမားဖလင်ကုမ္ပဏီမှ ရွှေပေးလို့မရ၊ တိမ်တလုံး၊ စိတ်အာရုံ ဇာတ်ကားများကိုပါ ဆက်လက်ရိုက်ကူးသည်။

### ရုပ်ရှင်ကုမ္ပဏီနှင့်ထုတ်လုပ်ရေးများ တည်ထောင်လာ

ရုပ်ရှင်ရုံများ ရုပ်ရှင်ပြသချိန်မှာ နေ့စဉ် ၆ နာရီခွဲပွဲနှင့် ၉ နာရီခွဲပွဲ နှစ်ပွဲဖြစ်သည်။ စနေ၊ တနင်္ဂနွေနေ့တွင် တစ်ပွဲတိုး၍ ညနေ ၃ နာရီခွဲမှစ၍ သုံးပွဲပြသပေးသည်။ ရုံဝင်ကြေးမှာ ၄ ပဲ၊ ၈ ပဲ၊ တစ်ကျပ်၊ နှစ်ကျပ်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ကားများ ပရိသတ်အားပေးမှု ရလာသည်နှင့်အမျှ ရုပ်ရှင်ကုမ္ပဏီနှင့်ထုတ်လုပ်ရေးများလည်း တည်ထောင်လာကြသည်။

(၁)ဘားမားဖလင်၊ (၂) မြန်မာအဆွေ (ခ) အေဝမ်း၊ (၃)ဗြိတိသျှဘားမားဖလင်၊ (၄) ဘားမီးစ်မူးဗင်းပစ်ချား၊ (၅)ဘားမားနီးယားဖလင်၊ (၆)စီကုမ္ပဏီရုပ်ရှင်၊ (၇)ဆင်မြူရယ်ရုပ်ရှင်၊ (၈)ဒဂုန်ဖလင်၊ (၉)မြန်မာညွန့်ပေါင်းရုပ်ရှင်ကုမ္ပဏီလီမိတက်၊ (၁၀)ရွှေဥဒေါင်းရုပ်ရှင်၊(၁၁) ဘားမီးစီနီမား၊(၁၂)လန်ဒန်အတ်ရုပ်ရှင်၊(၁၃) မဟာဒုတ်ရုပ်ရှင်၊ (၁၄)သီတာရုပ်ရှင်၊ (၁၅) စတားဖလင်၊(၁၆)နယူးဘားမိနီးယားဖလင်၊ (၁၇)ရန်ကုန်ဖလင်၊ (၁၈)ဘားမားအတ်ရုပ်ရှင်၊ (၁၉)ဘားမားနေရှင်နယ်ဖလင်ကုမ္ပဏီ၊(၂၀) တိုင်းလုံးကျော်ရုပ်ရှင်၊(၂၁)ရွှေမျှားရုပ်ရှင်၊(၂၂) ယူနီဗာဆယ်ရုပ်ရှင်၊ (၂၃)စိန်ရောင်ခြည်ရုပ်ရှင်၊(၂၄)ချစ်စရာဖလင်၊(၂၅) ဇမ္ဗူအံ့ရုပ်ရှင်၊ (၂၆)စကြာဖလင်၊ (၂၇) သိန်းတန်ရုပ်ရှင်၊ (၂၈) ဥက္ကလာရုပ်ရှင်၊

စာမျက်နှာ ၁၆ သို့ ◆

**မြန်မာ့ရုပ်ရှင် စတင်ပေါ်ပေါက်လာသည့် အချိန်မှစ၍ တစ်နှစ်ထက်တစ်နှစ် ကားအရေအတွက်များစွာ တစ်ဟုန်ထိုးထွက်ရှိလာသည်။ စာရင်းဇယားတစ်ခုတွင် ၁၉၂၈ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် ၉၈ ကားထွက်ရှိ၍ ၁၉၂၉ ခုနှစ်တွင် ၁၀၂ ကား ထွက်ရှိကြောင်း တွေ့ရသည်။ တိုးတက်လာမှုကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုရမည်ဖြစ်ပေသည်။ မြန်မာ့ရုပ်ရှင်ခေတ်ဦးကပင်လျှင် ရုပ်ရှင်လောက တိုးတက်ရေးအတွက် တစ်ဟုန်ထိုး ကြိုးစားရိုက်ကူး ထုတ်လုပ်ကြောင်း**

# မြောင်းမြမြို့ တာဝတိံသာဘုရား ဗုဒ္ဓပူဇနိယပွဲ စည်ကား



**မြောင်းမြ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ တာဝတိံသာဘုရားတွင် ပထမအကြိမ်အဖြစ် တာဝတိံသာဘုရားဆင်းပွဲကို ယမန်နေ့ ည ၈ နာရီက ကျင်းပရာ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒေသစာရီကြွချီ အပူဇော်ခံ**

ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်တွင် မိခင်တော်စပ်ခဲ့ဖူးသော မယ်တော်မိနတ်သားအား ဝါတွင်းသုံးလလုံး အဘိဓမ္မာခုနစ်ကျမ်း တရားဒေသနာများဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့ညတွင် သိကြားမင်း၊ ဗြဟ္မာမင်း ၊ နတ်များခြံရံလျက် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် လူ့ပြည်သို့ ပြန်ကြွလာပုံကို ဗုဒ္ဓဝင်နိပါတ်တော်လာအတိုင်း လူ့ပြည်မှ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ကြိုဆိုပူဇော်ကြပြီး မြို့တွင်း၌ လှည့်လည်၍ ဒေသစာရီကြွချီ အပူဇော်ခံကြွရောက်ခဲ့ကြောင်း သိရသည်။ မြောင်းမြမြို့တွင် ပထမဦးဆုံးအကြိမ် မြတ်စွာဘုရားကြွချီတော်မူဟန်၊ တာဝတိံသာ ဘုရားဆင်းပွဲဖြစ်သည့်အတွက် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဗုဒ္ဓပူဇနိယပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

◆ **စာမျက်နှာ ၁၅ မှ**

(၂၉) ဟံသာဝတီရုပ်ရှင်၊ (၃၀) အင်ဒိုဘားမားရုပ်ရှင်၊ (၃၁) ဟသ်ာဖလင်၊ (၃၂) ယူနီယံဖလင်၊ (၃၃) ရန်ကြီးအောင်ဖလင်၊ (၃၄) တိုင်းရင်းသားရုပ်ရှင်၊ (၃၅) သိဒ္ဓိဖလင်၊ (၃၆) ယူနိုက်တစ်အက်တစ်ရုပ်ရှင်၊ (၃၇) ဘားမားဖိုတိုပလေးကုမ္ပဏီ၊ (၃၈) သမဂ္ဂဖလင်၊ (၃၉) မျိုးအံ့ရုပ်ရှင်၊ (၄၀) တိုင်းချစ်ရုပ်ရှင်၊ (၄၁) ဘောဂဗလရုပ်ရှင်၊ (၄၂) သဟာယရုပ်ရှင်၊ (၄၃) မဟာမိတ်ရုပ်ရှင်၊ (၄၄) ဒေဝကုမ္ဘာန်ရုပ်ရှင်၊ (၄၅) ဒဂုန်ညွန့်ဖလင်၊ (၄၆) အောင်ပါစေရုပ်ရှင်၊ (၄၇) ရွှေရုပ်ရှင်၊ (၄၈) ဇောတိက ရုပ်ရှင်၊ (၄၉) မျိုးမြန်မာရုပ်ရှင်၊ (၅၀) ဇောတိပါလဖလင်၊ (၅၁) ရွှေရိုးပစ်ချာဒဲကော်ပရေးရှင်း၊ (၅၂) ဗန္ဓုလရုပ်ရှင်၊ (၅၃) အင်တာနေရှင်နယ်ဖလင်၊ (၅၄) ဒဂုန်ညွန့်ရုပ်ရှင်၊ (၅၅) ဘားမားအတ်ရုပ်ရှင်၊ (၅၆) ရှိုင်ရယ်အတ်ဖလင်၊ (၅၇) တကဲ့ရုပ်ရှင်၊ (၅၈) ရွှေပြည်ကြီးရုပ်ရှင်တို့ဖြစ်သည်။

**လေ့လာသုံးသပ်ရမည်**

ရန်ကုန်မြို့မှ ရုပ်ရှင်ကုမ္ပဏီများအပြင် တခြားမြို့အသီးသီးမှလည်း ရုပ်ရှင်ကုမ္ပဏီများ ထွက်ပေါ်လာသည်။ မန္တလေးမြို့မှ(၁)အောင်ဇေယျရုပ်ရှင်၊ (၂) ရတနာပုံဖလင်၊ (၃) ဇမ္ဗူတာရာဖလင်၊ မော်လမြိုင်မြို့မှ မျိုးချစ်ဖလင်၊ ပြည်မြို့မှ ခေတ္တရာရုပ်ရှင်၊ အင်းစိန်မှ အင်းစိန်ဖလင်၊ မြန်အောင်မြို့မှ မြန်အောင်ဖလင်၊ ပျဉ်းမနားမြို့မှ ပျဉ်းမနားရုပ်ရှင်၊ ထားဝယ်မြို့မှ ထားဝယ်ဖလင်၊ ညောင်တုန်းမြို့မှ သူရိယရုပ်ရှင်၊ ဖျာပုံမြို့မှ သုခမင်္ဂလာရုပ်ရှင်၊ လားရှိုးမြို့မှ နယ်ခြားရုပ်ရှင်၊ ဟသ်ာတမြို့မှ ရွှေဟသ်ာရုပ်ရှင်၊ ရေနံချောင်းမြို့မှ ရေနံသာဖလင်တို့ဖြစ်သည်။ ရုပ်ရှင်ကုမ္ပဏီ တည်ထောင်ပြီးသော်လည်း ရုပ်ရှင်ကားရိုက်ကူးခြင်း ရှိနိုင်ချင်မှ ရှိနိုင်ပေမည်။ ရုပ်ရှင်ချစ်သော ရုပ်ရှင်သုတေသီများ လေ့လာသုံးသပ်ရမည်ဖြစ်သည်။

သို့သော် မြန်မာ့ရုပ်ရှင်စတင် ပေါ်ပေါက်လာသည့်အချိန်မှစ၍ တစ်နှစ်ထက်တစ်နှစ် ကားအရေအတွက် များစွာတစ်ဟုန်ထိုး ထွက်ရှိလာသည်။ စာရင်းဇယားတစ်ခုတွင် ၁၉၂၈ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် ၉၈ ကားထွက်ရှိ၍ ၁၉၂၉ ခုနှစ်တွင် ၁၀၂ ကား ထွက်ရှိကြောင်း တွေ့ရသည်။ တိုးတက်လာမှုကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုရမည်ဖြစ်ပေသည်။ မြန်မာ့ရုပ်ရှင် ခေတ်ဦးကပင်လျှင် ရုပ်ရှင်လောက တိုးတက်ရေးအတွက် တစ်ဟုန်ထိုး ကြိုးစားရိုက်ကူးထုတ်လုပ်ကြောင်း မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။ ။

# မုံရွာဆိပ်ကမ်း၌ ရှင်ဥပဂုတ္တပူဇော်ပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၁၄**

ရှင်ဥပဂုတ္တပူဇော်ပွဲကို မုံရွာမြို့ ချင်းတွင်းမြစ် ကျောက်ဆောင်ဆိပ်ကမ်းတွင် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းက ကျင်းပသည်။

"ရေလမ်းကြောင်း အမှီပြုနေသူတွေ အန္တရာယ်ကင်းဘေးရှင်းအောင် ရှင်ဥပဂုတ္တကို ပူဇော်ကြတာပါ။ ဖောင်ပေါ်မှာ ဆန်၊ ဆီ၊ ဆား၊ ဆေးအစုံနဲ့ ဖောင်ပေါ်မှာ စားလို့ရအောင် ငါးခြောက်ငါးခြမ်းကအစ ကြက်သွန်၊ ငရုတ်၊ မုန့်တွေပါ တင်လှူပူဇော်ကြတာပါ" ဟု MGRG အမြန်ရေယာဉ်အသင်း လက်မှတ်အရောင်းစာရေးက ပြောသည်။ ရှင်ဥပဂုတ္တပူဇော်ပွဲကို MGRG နှင့် ငွေဇင်ဦး အမြန်ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးမျိုးဝင်း-ဒေါ်ခင်စန်းမိသားစုက ၂၀၀၁ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာပြည် အောက်ပိုင်းက ပင်လယ်တွေမှာ ဖောင်အကြီးကြီးလုပ်ကြတယ်။ ဆန်ဆီဆိုလည်း တတ်နိုင်ရင် တတ်နိုင်သလောက် ဆန်အိတ်လိုက်၊ ဆီပုံးလိုက် လှူကြတာပါ" ဟု ၎င်းက ဆက်ပြောသည်။ ရှင်ဥပဂုတ္တဖောင်တော်ကို ချင်းတွင်းမြစ်ရေလယ်အထိ မော်တော်နှင့်ဆွဲပြီး အောက်ပိုင်းကို မျှောလိုက်ကြရာ လမ်းတစ်လျှောက် ရွာများက ပူဇော်ချင်လျှင် ဖောင်ကိုကမ်းဆွဲပြီး ပူဇော်ကြသည့် မြန်မာ့ရိုးရာ ပူဇော်ပွဲဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**





ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ ဆတ်သွားတောကျေးရွာအုပ်စု ရေသိုးကျေးရွာတွင် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီက မှုခင်းအသိပညာပေး ဟောပြောနေစဉ်။

**ဟန်စိုး**

# ပလင်းကမ်းသာယာဆင်စခန်းတွင် သီတင်းကျွတ်ရုံးပိတ်ရက် အပန်းဖြေသူများဖြင့် စည်ကား



**ညောင်ဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ သီတင်းကျွတ်အလုပ်ပိတ်ရက် လာရောက်အပန်းဖြေသူ၊ ဆင်စာကျွေးသူ၊ ဆင်စီးသူများဖြင့် စည်ကားခဲ့ကြောင်း ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုထံမှ သိရသည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦး-မြင်းခြံ-ပခုက္ကူကားလမ်းဘေး ညောင်ဦးမြို့နှင့် ငါးမိုင်အကွာ အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်းတစ်ခုဖြစ်ကြောင်း၊ သီတင်းကျွတ်အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်အတွင်း ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်ရင်း ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်အပန်းဖြေခြင်း၊ ဆင်စာကျွေးခြင်းနှင့် ဆင်စီးခြင်းများဖြင့် သီတင်းကျွတ်ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်အတွင်း စည်ကားခဲ့ကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းနှင့် ကလေးငယ်များ ပျော်ရွှင်စွာကစားနိုင်ရန် ဥယျာဉ်ငယ်တွင် ဆီးဆော၊ ဒန်း၊ ကားတာယာကွင်းအဟောင်းများနှင့် ဆင်စခန်းဝင်းမြစ်ကမ်းတွင် ခြေတံရှည်တဲများ ဆောက်လုပ်ပေးထားကာ မြစ်ဘက်မှ တိုက်ခိုက်လာသည့် လေနုအေးကိုလည်း ရှူရှိုက်ခံစားနိုင်စေရန် စီစဉ်ပေးထားကြောင်း၊ ဆင်ပြတိုက်တွင်လည်း ဆင်တစ်ကောင်လုံး၏ ဆင်အရိုးစုပြတိုက်ပြသပေးထားကြောင်း၊ ဧရာဝတီမြစ်ဘက် အဆင်းလမ်းတွင်လည်း ဆင်စခန်းလာရောက်လည်ပတ် အပန်းဖြေလာသူများ မျက်စိပသာဒဖြစ်စေရန် ထီးအမြောက်အမြားဖြင့် လမ်းကြောင်းအလှဆင်ပေးထားကြောင်း ဆင်စခန်း တာဝန်ခံမန်နေဂျာ ဦးမျိုးမင်းကိုက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**

# ကော့သောင်းမြို့တွင် သီတင်းကျွတ်အားလပ်ရက် ခရီးသွားဧည့်သည်များဖြင့်စည်ကား

**ကော့သောင်း အောက်တိုဘာ ၁၄**



တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ ယခုနှစ်သီတင်းကျွတ်အားလပ်ရက်များတွင် ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့၌ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဧည့်သည်များအပြင် ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည်ကို အောက်တိုဘာ ၁၄ ရက်က တွေ့ရသည်။

လာရောက် လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များသည် ကော့သောင်းမြို့၏အထင်ကရ သမိုင်းဝင်နေရာများဖြစ်သည့် ယခင် ဗစ်တိုးရီးယားပွိုင့် (ခေါ်) ဘုရင့်နောင်အငူ၊ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေ၊ မြို့ကျက်သရေဆောင်ပြည်တော်အေးစေတီတော်၊ ၅၅၅ တောင် ဗျူးပွိုင့်၊ မလိဝမ်းသဘာဝရေတံခွန်နှင့် ရေပူစမ်း၊ ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝအလှမပျက်ယွင်းသေးသည့် ၄ကသိုက်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ စောင်းကောက်ကျွန်း၊ ကြက်မောက်ကျွန်း (ခ) အသည်းပုံကျွန်းနှင့် ခရင်းခွကျွန်း စသည့်နေရာများသို့ အများဆုံး သွားရောက် လည်ပတ်ကြည့်ရှုလေ့လာအပန်းဖြေကြကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၏အဓိကအားထားရာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးကော့သောင်းမြို့နှင့် အက်ဒမန်ပင်လယ်အတွင်း သာယာလှပသည့် သဘာဝကျွန်းပေါင်းများစွာသို့ သီတင်းကျွတ် အားလပ်ရက်အတွင်း လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များကြောင့် ဒေသခံများ အသီးသီး အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်နေ့သက်ကြီးပူဇော်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ (၉၉) ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၂) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တစ်ခေတ်တစ်ခါက နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် အဘိုးအဘွားများ၊ ရုပ်ရှင်ဒါရိုက်တာများအပါအဝင် ရုပ်ရှင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသူ အဘိုးအဘွားများအား သရုပ်ဆောင်များက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သက်ကြီးပူဇော်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မောင်

# အောင်လအန်ဆန်ယှဉ်ပြိုင်ထိုးသတ်သည့် MMA ပြိုင်ပွဲ မြို့လုံးကျွတ်နီးပါးကြည့်ရှုအားပေး

**ကသာ အောက်တိုဘာ ၁၄**



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ လမ်းမတော်လမ်းရှိ ညဈေးတန်းတွင် အောက်တိုဘာ ၁၃ ရက် ညပိုင်းက အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်သည့် MMA ပြိုင်ပွဲအား မြို့လုံးကျွတ်နီးပါးကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အောင်လအန်ဆန်ယှဉ်ပြိုင်ထိုးသတ်သည့် MMA ပြိုင်ပွဲအား ကသာမြို့ ညဈေးတန်းရှိ ရွှေဝါရွှေဆိုင်မှ LED VIDEO BORD ဖြင့် ညနေ ၆ နာရီမှ စတင်ပြသပေးခဲ့ပြီး ဒေသခံပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ရပ်တန့်ကြည့်ရှုအားပေးခဲ့ပြီး ညဈေးတန်းနှင့် လမ်းမတော်လမ်းတို့တွင် လမ်းများပိတ်ဆို့သည်အထိ သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးခဲ့ကြောင်းလည်း သိရသည်။

**နိုင်လင်းထက်(ပြန်/ဆက်)**

## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### အုပ်စုဖွဲ့၍ ဉာဏ်စမ်းပညာရေးဂိမ်းများ ကစားမည်

လက်တော့ပ်၊ တက်ပလက်များဖြင့် ကျောင်းသားကျောင်းသူများ အုပ်စုဖွဲ့၍ အင်္ဂလိပ်၊ သင်္ချာ၊ အထွေထွေသိပ္ပံနှင့် ဉာဏ်စမ်းပညာရေးဂိမ်းများ လေ့လာသင်ယူကစား ခြင်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆင်စင်တာ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပမည်

ကနေဒါနိုင်ငံ Canadian Executive Service Organization(CESO) နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးအဖျက်ပိုးမွှားများနှင့်စပ်လျဉ်း၍ အလုပ်ရုံ ဆွေးနွေးပွဲကို မန္တလေးမြို့ရှိ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၁၇ ရက်နှင့်၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဥပဒေများ လေ့လာဆန်းစစ်သုံးသပ်ချက် မိတ်ဆက်ပွဲ ကျင်းပမည်

အိမ်အကူအလုပ်သမားများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကဦးဆောင်၍ အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ချက်များအား မိတ်ဆက်ပွဲကို မန္တလေးမြို့ ၆၇လမ်း၊ ၃၂ - ၃၃ လမ်းကြားရှိ Sakura Princess ဟိုတယ်၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စီးပွားရေးပညာပေးဆွေးနွေးပွဲကျင်းပမည်

စီးပွားရေးပညာပေးဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာလေးလွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ခန်းမ၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆရာဦးထင်လင်းကျော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဆရာဦးကျော်ရင်မြင့်၊ စိန်စပွာယ်ဖူးစိန်တိုက်မှ ဆရာဦးအောင်လွင်အေး၊ Mandalay 72 Language Center မှ ဆရာမဖြူဘုန်းပြည့်ခိုင်နှင့် Shwe Bite မှ ဆရာမိုးထက်ကျော်တို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

### ကျောက်မျက်ရတနာပြပွဲကျင်းပမည်

ပထမအကြိမ် ကျောက်စိမ်းကျောက်မျက်ရတနာပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုသင်တန်းဖွင့်မည်

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ထုတ်လုပ်မှုသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၉ ရက်အထိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### SME လုပ်ငန်းများ ဆွေးနွေးပွဲကျင်းပမည်

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် World Wide Fund for Nature တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ SME လုပ်ငန်းရှင်များအတွက် SME လုပ်ငန်းများ ချေးငွေရယူနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာလေးလွှာရှိ ပတ္တမြားခန်းမ၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# အပန်းဖြေခရီးသွားဧည့်သည်များအား အသိပေး

**ငွေဆောင် အောက်တိုဘာ ၁၄**

သီတင်းကျွတ်ရုံးပိတ်ရက်ကာလ ငွေဆောင်ကမ်းခြေတွင် လာရောက်လည်ပတ်အပန်းဖြေကြသော ခရီးသွားဧည့်သည်များ ရေကူးရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် ရေနက်ပိုင်းတွင် ရေကူးမှုများမပြုကြရန် ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက speed boat ဖြင့် လိုက်လံသတိပေးနှိုးဆော်ဆောင်ရွက်နေကြောင်း သိရသည်။

**မူမူ (ပြန်/ဆက်)**

## ဆောမြို့ ပြည်လုံးချမ်းသာမြို့နာမ်ဘုရားကြီးတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်

**ဆော အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး ဆောမြို့ သီရိရပ်ကွက် သီရိဥတ္တရာရာမတိုက်အနီးရှိ ပြည်လုံးချမ်းသာမြို့နာမ်ဘုရားကြီးတွင် အောက်တိုဘာ ၁၃ရက် ညပိုင်းက ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားစွာ တွေ့မြင်ရသည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းပူဇော်ရာတွင် လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် ဆောမြို့ ကမ်းမည့်လက်လူငယ်များအဖွဲ့မှ ဦးဆောင်ကာ အလှူရှင်များနှင့်ဘုရားဖူးလာ ပြည်သူများက ပြည်လုံးချမ်းသာမြို့နာမ်ဘုရားကြီးနှင့် အရံစေတီတော်တို့တွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ကြပြီး အဓိဋ္ဌာန်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

**စိန်ကျော်**





## (၁၆) ပြည်ထောင်ဝင်္ကပါနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာ အုပ်စု ရွှေးစုကျေးရွာ ပရိယတ္တိစာသင်တိုက်ကျောင်းပရိဝုဏ်အတွင်း (၁၆) ပြည်ထောင်ဝင်္ကပါနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၁၃ ရက် ည ၇ နာရီက ကျင်းပသည်။

ဒေသခံပြည်သူများ ရာထောင်ချီသော ဆီမီးခွက်များကို ထွန်းညှိကိုင်ဆောင်ကာ ကျေးရွာအတွင်းရှိ လမ်းများတွင် အလှပြလှည့်လည်ပြီးနောက် ဝင်္ကပါအား လှည့်လည်ကာ အလယ်ဗဟိုရှိ ဘုရားရှင်စံကျောင်းတော်သို့ ပူဇော်၍ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## သန်လျင်ကျိုက်ခေါက်ဘုရားတွင် ဘုရားဖူးလာသူများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၁၄**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မြန်မာနိုင်ငံအတွင်းရှိ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ကောင်းမှုကုသိုလ် ပြုကြသူများဖြင့် စည်ကားလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်တွင်အောက်တိုဘာ၁၃ရက်နံနက်၉နာရီက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။**သက်နိုင် (သန်လျင်)**





## ပုဂံမြို့ ဆင်များရှင်ဘုရားတွင် ဆီမီး ၁၀၀၀ လှူဒါန်းပူဇော်

**ညောင်ဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ စာပေချစ်မြတ်နိုးသူများအဖွဲ့မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဆင်များရှင်ဘုရားကြီးနှင့် ဆင်များရှင်ဘုရားဝင်းအတွင်း အောက်တိုဘာ ၁၂ ရက် ည ၆ နာရီခွဲက ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ခဲ့ကြသည်။

ဆီမီး ၁၀၀၀ အား ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဆင်များရှင်ဘုရားဝင်းအတွင်း ရင်ပြင်တော်ပေါ်တွင် ကပ်လှူပူဇော်ကြောင်း၊ မီးဘေးအန္တရာယ်နှင့် ရှေးဟောင်းအဆောက်အအုံများ ထိခိုက်မှုမရှိစေရန် ရင်ပြင်ပေါ်တွင်သာ ထွန်းညှိပူဇော်ကြောင်း၊ ဆီမီးပူဇော်ပွဲပြီးချိန် ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း ပြုလုပ်ခဲ့ကြောင်း ဒေါ်ဝင်းလဲ့ရည်က ရှင်းပြကာ အကျိုးသက်ရောက်မှုအနေဖြင့် ပြည်ပနိုင်ငံသားများနှင့် ပြည်တွင်းဘုရားဖူးများ စိတ်ဝင်တစား ပါဝင်ပူဇော်ကြကြောင်းသိရသည်။ **ကိုထိန် (ငါ့သရောက်)**

## သီတင်းကျွတ်လပြည့်နေ့ နတ်မောက်မြို့ရွှေနတ်ကယ်တောင်ဘုရား၌ ဘုရားဖူးသူများဖြင့် စည်ကား

**နတ်မောက် အောက်တိုဘာ ၁၄**

သီတင်းကျွတ်လပြည့်နေ့တွင်နတ်မောက်မြို့ရွှေနတ်ကယ်တောင်ဘုရားကြီးတွင် ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

"သီတင်းကျွတ်ပိတ်ရက် အလည်လာတာပါ၊ ဆွေမျိုးတွေနဲ့ တောင်ပေါ်မှာရှိတဲ့ဘုရားတွေကို စုံစုံလင်လင်ဖူးရတာ ကြည်နူးစရာကောင်းပါတယ်" ဟု ရန်ကုန်မြို့တွင် အလုပ်လုပ်နေသူ နတ်မောက်မြို့နယ် ဖတ်တောရေကျေးရွာသား ဦးကျော်မိုးက ပြောကြားသည်။

ရွှေနတ်ကယ်တောင်ဘုရား၊ လေးမျက်နှာဘုရား၊ လွှမ်းစေတီဘုရား၊ ကမ္ဘာအေးစေတီဘုရား၊ ပုံတူကျိုက်ထီးရိုးစေတီဘုရား အစရှိသည့် ဘုရားများတွင် ဘုရားဖူးဧည့်သည်နားနေအဆောင်များလည်းရှိကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



## သီတင်းကျွတ်ပွဲတော်ရက် မြောင်းမြတွင် စတုဒိသာကျွေးသူများ၊ ဘုရားဖူးလာသူများဖြင့် စည်ကား

**မြောင်းမြ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် သီတင်းကျွတ်ပွဲတော်ရက်အတွင်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်းသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် သီတင်းကျွတ်ကာလအတွင်း ဘုရားကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ညချမ်းအချိန်၌ ဘုရားစေတီများသို့ သွားရောက်၍ ဆီမီး၊ ပန်း၊ ရေချမ်းများကပ်လှူခြင်းကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီးစေတနာရှင်ကုသိုလ်ရှင်များကလည်း ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကာ ကောင်းမှုကုသိုလ် ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## ပုပ္ပားတောင်ကလပ်တွင် နေ့စဉ် ဘုရားဖူးတစ်သိန်းနီးပါးလာရောက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၄**
သီတင်းကျွတ်ရက်ရှည် အလုပ်ပိတ်ရက်များအတွင်း မြန်မာနိုင်ငံအနှံ့အပြား ဘုရားဖူးခရီးထွက်ခြင်းနှင့် အပန်းဖြေခရီးထွက်ခြင်းများကြောင့် တန်ခိုးကြီး ဘုရားပုထိုးစေတီများ၊ အပန်းဖြေစခန်းများရှိရာမြို့တိုင်းတွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိနေကြရာ မြန်မာပြည်အလယ်ပိုင်း၏ အထင်ကရနေရာတစ်ခုဖြစ်သော ပုပ္ပားတောင်ကလပ်တွင်လည်း ယခုရက်ပိုင်းတွင်း နေ့စဉ်ခရီးသွား တစ်သိန်းခန့် လာရောက်လျက်ရှိသည်။

အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ပုပ္ပားတောင်ကလပ်ကားလမ်းတွင် ပုပ္ပားတောင်သဘာဝဥယျာဉ်လမ်းခွဲအနီးမှစ၍ တောင်ကလပ်အခြေအထိ ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာဖြစ်ပွားခဲ့သည်။

"ဒီရက်ကတော့ သီတင်းကျွတ်ရက်ရှည် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်ဆိုတော့ ဘုရားဖူးများတယ်ဗျ။ တစ်နေ့ကို တစ်သိန်းဝင်းကျင်လောက် လာတယ်။ နိုင်ငံခြားခရီးသွားကတော့ နည်းပါတယ်။ အခါရက်ဆိုတော့ပြည်တွင်းခရီးသွားကများတာပေါ့ဗျာ။ လမ်းပိတ်ဆို့မှုကတော့ နေ့တိုင်းလိုလိုရှိနေတာပါပဲ" ဟု တောင်ကလပ်ဂေါပကအဖွဲ့ရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုပ္ပားတောင်ကလပ်သည် ပုဂံ-ညောင်ဦးခရီးစဉ် လာရောက်ကြသည့် ပြည်တွင်း/ပြည်ပခရီးသွားများအတွက် အသွား (သို့မဟုတ်) အပြန်ခရီးစဉ်အဖြစ် ဝင်ရောက်လည်ပတ်လေ့ရှိသည့် နေရာတစ်ခုဖြစ်ပြီး သဘာဝတောတောင် ရေမြေရှုခင်းအလှများကြောင့် နိုင်ငံရပ်ခြားခရီးသွားများကို ဆွဲဆောင်သည့် နေရာတစ်ခုဖြစ်သလို၊ ထွက်ရပ်ပေါက် ဝိဇ္ဇာတပသီများပျော်မွေ့ရာနေရာအဖြစ်လည်း ပြည်တွင်းခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လည်ပတ်လေ့ရှိသည့် နေရာတစ်ခုဖြစ်ရာ နှစ်စဉ်နှစ်တိုင်း တန်ခူးလ (နှစ်ဆန်းတစ်ရက်နေ့) ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကျင်းပသည့်ကာလများနှင့် ယခုလို ရက်ရှည်အားလပ်ရက်များတွင် အမြဲလိုလိုပြည်တွင်းဘုရားဖူးခရီးသည်များလာရောက်လေ့ရှိကြသည်။

ကားလမ်းများတွင်ယာဉ်ကြောပိတ်ဆို့မှုများရှိသလို၊ ဘုရားစောင်းတန်းများတွင် ဘုရားဖူးပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားလေ့ရှိပြီး ဒေသခံဈေးသည်များလည်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။ **နေအောင်**





## ဟိုပုံးမြို့တွင် ဘုရားဖူးသူ၊ အပန်းဖြေလာရောက်သူများဖြင့် စည်ကား

**ဟိုပုံး အောက်တိုဘာ ၁၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် သီတင်းကျွတ်ကာလအတွင်း အပန်းဖြေ ခရီးထွက်သူများ၊ အမိအဖထံနှင့် မိသားစုနေရပ်ပြန်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများနှင့် အပန်းဖြေသူများ အများအပြားလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဓမ္မမိတ်ဆွေများကလည်း ဟိုပုံးမြို့အတွင်းရှိ ထမ်ဆမ်းလိုဏ်ဂူတော်အတွင်း-အပြင်သို့ လေ့လာကြသည်။ ဟိုပုံးမြို့ မြို့မဆည်ရေကန်သို့ သွားရောက် အပန်းဖြေသူများလည်းရှိကြောင်း တွေ့ရသည်။

မန္တလေးမြို့မှ မယုယုမော်က သီတင်းကျွတ် ပိတ်ရက်မှာ မိဘမောင်နှမများနှင့်အတူ ထမ်ဆမ်းဂူဘုရားကို လာရောက်ဖူးမြော်ခြင်းဖြစ်ကြောင်း၊ ခိုလံမြို့မှ မောင်ဖြိုးထက်အောင်က ယခုလို သီတင်းကျွတ်ပိတ်ရက်မှာ သူငယ်ချင်းများနှင့် ထမ်ဆမ်းဘုရားဖူးရင်း ဟိုပုံးမြို့မဆည်သို့ လာရောက် အပန်းဖြေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မှ လာရောက်အပန်းဖြေသည့် ကိုဝဏ္ဏက ရှမ်းပြည်နယ်သို့ ယခုမှ ရောက်ဖူးကြောင်း၊ ကလော၊ အင်းလေးသို့ ရောက်ရှိပြီး ထမ်ဆမ်းလိုဏ်ဂူတော်ကို ဆက်လက်လည်ပတ်ကြောင်း၊ ထမ်ဆမ်း လိုဏ်ဂူတော်အတွင်းရှိ ကျောက်စက်ပန်းဆွဲတွေ အလွန်လှကြောင်း၊ သဘာဝအလှတရားကို ဆက်လက် ထိန်းသိမ်းပေးစေလိုကြောင်း အကြံပြုပြောကြားသည်။

ဟိုပုံးမြို့နယ်ရှိ ထမ်ဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့်သည်များ စည်ကားလျက်ရှိပြီး ဟိုပုံးမြို့မဆည်သို့ လာရောက်အပန်းဖြေသူ ပိုမိုများပြားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဦးပိန်တံတားသို့ လာရောက်လည်ပတ်ကြသူများ၏ စကားသံများ

သီတင်းကျွတ်ပွဲတော်ကာလတွင် မန္တလေးမြို့ရှိအထင်ကရနေရာများနှင့် ရှေးဟောင်းသမိုင်းဝင်နေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ အထူးစည်ကားလျက်ရှိရာ အဆိုပါ လာရောက်လည်ပတ်သူများထဲမှ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများ၏ စကားသံများ စုစည်းတင်ပြအပ်ပါသည်-



**မချိုချိုအောင် (ဦးစီးအရာရှိ)**
**အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပဲခူးမြို့နယ်**

သီတင်းကျွတ်ကာလမှာ နိုင်ငံတော်အစိုးရက ပိတ်ရက်ရှည်တိုးမြှင့်ခွင့်ပြုခဲ့လို့ မန္တလေးမြို့ကို မိသားစုနှင့်အတူ လာရောက်လည်ပတ်တာပါ၊ မြန်မာနိုင်ငံရဲ့ အထင်ကရ နေရာတစ်ခုဖြစ်တဲ့ ဦးပိန်တံတားကို ရောက်တော့ အလွန်ပဲပျော်ရွှင်ပါတယ်၊ မန္တလေးမြို့မှာရှိတဲ့ အခြားနေရာတွေကိုလည်း သွားရောက်လည်ပတ်မှာပါ။



**မငုဝါ (ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်)**

သူငယ်ချင်းတွေနဲ့ သီတင်းကျွတ် အားလပ်ရပ်မှာ လာရောက်လည်ပတ်တာပါ၊ အလွန် ပျော်စရာကောင်းပါတယ်၊ ဦးပိန် တံတားပေါ်မှာ သူငယ်ချင်းတွေနဲ့ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြတယ်၊ မနက်ဖြန်ကြရင် မဟာမုနိဘုရားကြီးသွားဖူးမယ်၊ မန္တလေး ရောက်တုန်းနေရာစုံအောင် သွားရောက်လည်ပတ်မှာပါ၊ မနက်ဖြန်မှာလည်း စစ်ကိုင်းမြို့မှာရှိတဲ့ စေတီပုထိုးများကို သွားရောက်လည်ပတ်မှာပါ။



**ဦးမျိုးအောင် (ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး)**

သီတင်းကျွတ်ပိတ်ရက်မှာ မိသားစုတွေစုံတုန်း မန္တလေးမြို့ကို လာရောက်လည်ပတ်တာပါ၊ မန္တလေးမြို့မှာရှိတဲ့ မဟာမုနိဘုရားကြီး၊ မန္တလေးတောင်နဲ့ ကျောက်စိမ်းဘုရားတွေသွားရောက်လည်ပတ်ပြီး ယခု ဦးပိန်တံတား ကို လာရောက်လည်ပတ်တာပါ၊ ဒါ့အပြင် ပုဂံ-ညောင်ဦးမှာရှိတဲ့ ရှေးဟောင်း စေတီပုထိုးတွေသွားရောက်လည်ပတ်မှာပါ၊ မိသားစုလိုက်ဆိုတော ကလေးတွေကတော့ အလွန်ပျော်နေကြတယ်၊ ကျွန်တော်လည်း ပျော်ပါတယ်။



**ကိုအေးမင်းဇော်+မဝါဝါ**
**(လှိုင်သာယာမြို့နယ်၊ ရန်ကုန်)**

ဦးပိန်တံတားကို ပထမဦးဆုံး ရောက်ဖူးတာပါ၊ ကျွန်တော်တို့ စက်ရုံက သီတင်းကျွတ်ပိတ်ရက်ရှည်ရလို့ မန္တလေးမြို့ကို မိသားစုနဲ့အတူ လာရောက်လည်ပတ်တာပါ၊ မန္တလေးမြို့ရဲ့ အထင်ကရနေရာမှာရှိတဲ့ ဘုရားစုံသွားရောက်ခဲ့ပြီးပါပြီ၊ မနေ့က ပြင်ဦးလွင်မှာရှိတဲ့ နေရာတော်တော်များများ သွားရောက်ခဲ့ပါတယ်၊ ဦးပိန်တံတားကြီးကို ရောက်တော့ ပျော်စရာကောင်းပါတယ်၊ ဒီကဆက်ပြီး စစ်ကိုင်းမြို့မှာရှိတဲ့ ဘုရားတွေနဲ့ မုံရွာဘက်မှာရှိတဲ့ ဘုရားတွေ သွားရောက်ဖူးမြော်မယ်လို့ စီစဉ်ထားပါတယ်။



**ဦးမြင့်စိုးဝင်း (ကုမ္ပဏီဝန်ထမ်း၊ မန္တလေးမြို့)**

ဦးလေးက မန္တလေးမြို့မှာနေတာဆိုတော့ ကမ္ဘာကျော်ဦးပိန်တံတားကို မကြာခဏရောက်ဖြစ်ပါတယ်၊ ခုလည်း သီတင်းကျွတ်ပိတ်ရက်မှာ တူလေးတစ်ယောက်ကို လိုက်ပို့တာပါ၊ ဦးပိန်တံတားဆိုတာ ယဉ်ကျေးမှုမြို့တော် မန္တလေးရဲ့ သမိုင်းဝင်နေရာ၊ အထင်ကရနေရာဖြစ်သလို မြန်မာနိုင်ငံရဲ့အသည်းနှလုံးပါ၊ ပြည်တွင်းခရီးသွားတွေရော ကမ္ဘာလှည့်ခရီးသွားများပါ အလေးထားလာရောက်လည်ပတ်ရတဲ့ နေရာတစ်ခုပါ၊ သီတင်းကျွတ်ပိတ်ရက် ကာလမှာ လာရောက်လည်ပတ်သူတွေ အထူးစည်ကားလျက်ရှိပါတယ်။

**သန်းဇော်မင်း (ပြန်/ဆက်) တင်ပြသည်။**



## ဘာရာဇီးနဲ့ နိုင်ဂျီးရီးယားတို့ ပွဲစဉ်တွင် တိုက်စစ်မှူးနေမာ ဒဏ်ရာရရှိ

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး နေမာဟာ ဘာရာဇီးလက်ရွေးစင်အသင်းနဲ့ နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ရဲ့ ပွဲကစားချိန် ၁၂ မိနစ်မှာ ဒဏ်ရာရရှိခဲ့ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ အဲဒီပွဲစဉ်မှာ ဘယ်ဘက်ပေါင်ဒဏ်ရာရရှိခဲ့လို့ ပြိုင်ပွဲကနေထွက်ခဲ့ရပြီး အောက်တိုဘာ ၂၂ ရက်မှာ ကလပ်ဘရုဂ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ပါဝင်ကစားဖို့ မသေချာဖြစ်ခဲ့ရပါတယ်။

ဘာရာဇီးအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ပွဲစဉ်မှာ ပွဲကစားချိန် ၃၅ မိနစ်မှာ အာရီဘိုရဲ့သွင်းဂိုးနဲ့ နိုင်ဂျီးရီးယားအသင်းက ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ကတ်စမဲရိုးက ဘာရာဇီးအသင်းအတွက် ပွဲကစားချိန် ၄၈ မိနစ်မှာ ချေပဂိုးပြန်လည်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူးနေမာဟာ အဲဒီပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် ပွဲကစားချိန် ၁၂ မိနစ်မှာ တိုက်စစ်မှူးကော်တင်ဟိုနဲ့ လူစားလဲကစားခဲ့ရတာ ဖြစ်ပါတယ်။

## မန်ယူအသင်းရဲ့ လုပ်ခလစာရှင်းတမ်း ပေါင် ၃၃၂ သန်းဖြင့် ပရီမီယာလိဂ်သမိုင်းတွင် အမြင့်ဆုံးဖြစ်နေ

မန်ယူအသင်းဟာ နှစ်ပေါင်း ၃၀ ကာလအတွင်း အခုနှစ် ဘောလုံးရာသီအစမှာ ရလဒ်ပိုင်းအဆိုးရွားဆုံးအခြေအနေကို ရောက်ရှိနေခဲ့ပေမယ့် အသင်းရဲ့ လုပ်ခလစာရှင်းတမ်းဟာဆိုရင် ပရီမီယာလိဂ်သမိုင်းမှာ ပေါင် ၃၃၂ သန်းနဲ့ အမြင့်ဆုံးအဆင့်မှာ ရောက်ရှိနေခဲ့တယ်လို့ သိရပါတယ်။

မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာရဲ့ လုပ်ခလစာကို တစ်ပတ်ပေါင် ၂၉၀၀၀၀ ပေးနေရချိန်မှာ ဂိုးသမား ဒီဂီယာကို တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုလိုက်တာကြောင့် မကြာသေးတဲ့ လပိုင်းအတွင်းမှာ မန်ယူအသင်းရဲ့ လုပ်ခလစာရှင်းတမ်းဟာ ပေါင် ၂၉၆ သန်းရှိနေရာကနေ ပေါင် ၃၃၂ သန်းအထိ တက်လာခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ လုပ်ခလစာရှင်းတမ်း ပေါင် ၃၃၂ သန်းထဲမှာ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ရဲ့ လုပ်ခလစာ ခုနစ်လစာလည်း ပါဝင်ပြီး ဆန်းချက်ဇ်ရဲ့ လုပ်ခလစာဟာ အိုးထရက်ဖို့ဒ်မှာ တစ်ပတ်ပေါင် ၄၀၀၀၀၀ ရရှိနေတာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက အလက်ဇစ်ဆန်းချက်ဇ်ကို အငှားစာချုပ်နဲ့ ခေါ်ယူလိုက်တာကြောင့် ဆန်းချက်ဇ်ကို မန်ယူအသင်းပေးနေရတဲ့ နှစ်စဉ်လစာစုစုပေါင်း ဖြစ်တဲ့ ပေါင် ၂၁ သန်းထဲက ပေါင် ၄ ဒသမ ၅ သန်းကို ပေးမယ်လို့လည်း အင်တာမီလန်အသင်းအနေနဲ့ သဘောတူညီထားတာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများအရ မန်ယူအသင်းရဲ့ လုပ်ခလစာ ရှင်းတမ်းဟာ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းကထက် ၄၃ ရာခိုင်နှုန်းအထိ တက်လာတယ်လို့လည်း ဆိုပါတယ်။ ဒါပေမယ့် မန်ယူအသင်းရဲ့ ရလဒ်ပိုင်း ဆိုးရွားခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားမှာတော့ အဆင့် ၁၂ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။




## နည်းပြဇီဒန်းက နာပိုလီကွင်းလယ်လူ ဖေဘီယန်ရုဇ်ကို ရီးယဲလ်မက်ဒရစ်အသင်းသို့ ခေါ်ယူရန် စီစဉ်လျက်ရှိ



စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဇီဒန်းဟာ အီတလီစီးရီးအေကလပ် နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား ဖေဘီယန်ရုဇ်ကို ဘာနေဗျူးသို့ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖေဘီယန်ရုဇ်ဟာ ၂၀၁၈ ခုနှစ် နွေရာသီကာလအတွင်းမှာ ရီးယဲလ်ဘက်တစ်အသင်းကနေ နာပိုလီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ နာပိုလီအသင်းမှာ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

စပိန်နိုင်ငံ လက်ရွေးစင်အသင်းမှာလည်း ပုံမှန်ခြေစွမ်းပြ ကစားနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စပိန်မြေကို ပြန်လည်ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

နည်းပြဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းမှာ အဓိကကစားသမားလေးဦးဖြစ်တဲ့ လူကာမိုဒရစ်၊ တိုနီခရူးစ်၊ ကတ်စမဲရိုးနဲ့ ဗယ်လ်ဗာဒီတို့ရှိနေခဲ့ပြီး ကွင်းလယ်ပိုင်း အင်အားပိုမိုတောင့်တင်းဖို့အတွက် နာပိုလီကွင်းလယ်ကစားသမား ဖေဘီယန်ရုဇ်ကို ခေါ်ယူဖို့စီစဉ်လာတာ ဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ကွင်းလယ်ပိုင်း အားဖြည့်ဖို့အတွက် စပါးအသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်နဲ့ မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဘာတို့ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။ အဲဒီကွင်းလယ်ကစားသမား သုံးဦးထဲမှာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဖေဘီယန်ရုဇ်ကို ပိုမိုစိတ်ဝင်စားနေတယ်လို့ သတင်းများက ဆိုပါတယ်။

ဖေဘီယန်ရုဇ်ကို ဘာစီလိုနာအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ နာပိုလီအသင်းတို့ရဲ့ ဆက်ဆံရေးက ပိုမိုကောင်းမွန်နေတာကြောင့် ဘာနေဗျူးကိုသာ ရောက်ရှိဖို့ ရာခိုင်နှုန်းများနေတယ်လို့ သိရပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ဘာစီလိုနာအသင်းဟာ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီ၊ စပါးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း၊ လီဗာပူးအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဖာမီနိုတို့ထဲက တစ်ဦးကိုခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- စပါးအသင်းဟာ စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူမယ်လို့ ဆိုပါတယ်။
- ဘာစီလိုနာအသင်းအနေနဲ့ လာမယ့်ဇန်နဝါရီလ အပြောင်းအရွှေ့ကာလအတွင်းမှာ အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရာကီတစ်ကို ရောင်းချသွားဖို့ စီစဉ်လျက် ရှိပါတယ်။
- နယူးကာဆယ်အသင်းဟာ ကျူပီအာအသင်းမှ အိုင်ယာလန် ကွင်းလယ်ကစားသမား ရိုင်ယန်မန်နင်းကို ခေါ်ယူရန်စောင့်ကြည့်လျက်ရှိတယ်လို့ ဆိုပါတယ်။
- နယ်သာလန်ကလပ် အေဂျက်အသင်းရဲ့ အမှူဆောင်ဖြစ်သူ မန်ယူအသင်း ဂိုးသမားဟောင်း ဗန်ဒါဆားဟာ တစ်ချိန်ချိန်မှာ မန်ယူအသင်းသို့ ပြန်လာရန် မျှော်လင့်လျက်ရှိတယ်လို့ ထုတ်ဖော်ပြောကြားလာပါတယ်။
- ဘိုင်ယန်မြူးနစ်အသင်းဟာ စပါးအသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ခေါ်ယူဖို့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် ကြိုးပမ်းလျက်ရှိပါတယ်။
- စပါးအသင်းကို လီဗာပူးအသင်း၊ မန်စီးတီးအသင်းတို့ကဲ့သို့ အကောင်းဆုံးဖြစ်အောင် တည်ဆောက်နိုင်ခဲ့တဲ့အတွက် စပါးအသင်းက နည်းပြပိုချက်တီနိုကို ထုတ်ပယ်လိမ့်မယ် မဟုတ်ဘူးလို့ ယုံကြည်ထားကြောင်း စပါးအသင်းနည်းပြဟောင်း ဟယ်ရီရက်နက်က ပြောကြားခဲ့ပါတယ်။

ငွေကြယ် ရေးသားသည်

## အင်တာမီလန်တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ် ချီလီအသင်းရဲ့ ချစ်ကြည်ရေးပွဲစဉ်မှာ ဒဏ်ရာရရှိ

အင်တာမီလန်တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ဟာ ချီလီအသင်းရဲ့ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဆန်းချက်ဇ်ဟာ မန်ယူအသင်းကနေ အင်တာမီလန်အသင်းကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ချီလီအသင်းနဲ့ ကိုလံဘီယာအသင်းတို့ ဂိုးမရှိသရေလဒ်ထွက်ပေါ်ခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် ပွဲကစားချိန် ၈၇ မိနစ်မှာ လူစားလဲခဲ့ရတာ ဖြစ်ပါတယ်။

ဘယ်ဘက်ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့တာကြောင့် တိုက်စစ်မှူး ဆန်းချက်ဇ်ဟာ ဆေးဝါးကုသမှုခံယူဖို့အတွက် အင်တာမီလန်သို့ ပြန်သွားခဲ့ပြီဖြစ်ကြောင်းနဲ့ နှစ်လမှ သုံးလကြာအထိ အနားယူရမှာ ဖြစ်ကြောင်း ချီလီဘောလုံးအဖွဲ့ချုပ်က ပြောကြားထားပါတယ်။



# ပေါင်းတည်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံ



**ပေါင်းတည် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့၌ နှစ်ကျိပ်ရှစ်ဆူ ဘုရား မြို့မြောက်ကျွန်းအရပ်ဒေသရှိ လမ်းများ အသီးသီးသို့ ဒေသစာရီလှည့်လည်အပူဇော်ခံသည့် အခမ်းအနားကိုအောက်တိုဘာ၁၃ရက်မွန်းလွဲ၂နာရီက ရွှေကျောင်းကြီးတိုက် ရွှေသာလျောင်းဘုရားကြီးရှေ့ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

သကျမုနိမိုဃ်းကောင်းဘုရားကြီးရှေ့ ဘုရားကြီး လမ်းမှ မြို့တွင်းမြောက်ကျွန်းဒေသရှိလမ်းများအသီး သီးသို့ စည်တော်အဖွဲ့၊ ဒိုးပတ်အဖွဲ့များနှင့်ဝတ်အသင်း သား ၁၀၀ ကျော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံခဲ့ကြသည်။

အဆိုပါနှစ်ကျိပ်ရှစ်ဆူဘုရား ကြွရောက်ရာ လမ်း တစ်လျှောက်ရှိဒေသခံ စေတနာရှင်များက ပန်းပေါက် ပေါက်များခင်း၍ ပူဇော်ခြင်း၊ အလှူငွေများလှူဒါန်း ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ခြင်းများ အပြင် လမ်းများရှိ သီးခြားအလှူရှင်များနှင့် လမ်း စုပေါင်းဆွမ်းလောင်းရုံများမှ ရေသန့်ဘူးများ၊ မုန့် ဟင်းခါး၊ ဆန်ပြုတ်၊ မုန့်ထုပ်၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် အချိုရည်ဘူးများကို စတုဒိသာကျွေးမွေးဒါနပြုခဲ့ကြ ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



# ဝါကျွတ်ဆွမ်းသိမ်းအောင်ပွဲများ စည်ကားစွာကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက်များနှင့် ကျေးရွာတွင် ဝါကျွတ်ဆွမ်းသိမ်းအောင်ပွဲ များ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြရာ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၃ ရက်) နံနက် ၆ နာရီက စံပြရပ်ကွက် မဟာဗောဓိဓမ္မာရုံ၌ ဆွမ်းသိမ်းအောင်ပွဲ ကျင်းပသည်။

ဝါကျွတ်ကာလ သီတင်းကျွတ်လဆန်းမှစတင်၍ ကျောက်ပန်းတောင်းမြို့ပေါ်ရှိရပ်ကွက်ဓမ္မာရုံ၊ ဘုရားများ နှင့် မြို့အနီးဝန်းကျင် ကျေးရွာများတွင် ဘုရားပွဲများဖြင့် စည်ကားလျက်ရှိပြီး ဘုန်းတော်ကြီးကျောင်းများတွင် လည်း ဥပုသ်သီတင်းသီလ ဆောက်တည်သူများ၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# ကွန်ဟိန်းမြို့၌ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကွန်ဟိန်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ (၅၃)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုအောက်တိုဘာ၁၄ ရက် နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများမှ ဆွမ်းဆန်စိမ်း၊ ဆေး၊ ဆပ်ပြာ၊ ဝတ္ထုငွေ အစရှိသည်များကို စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ကွန်ဟိန်း မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁၆ ကျောင်းမှ သံဃာ တော် ၁၄၇ ပါးအား လောင်းလှူခဲ့ကြကြောင်းသိရသည်။

**ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့်နေ့တွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူ

**ရန်ကုန် အောက်တိုဘာ ၁၄**

သီတင်းကျွတ်လပြည့်နေ့တွင် ပြည်သူများ ဘုရားဖူးခြင်း၊ ရန်ကုန်တိရစ္ဆာန်ရုံ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၌ ပျော်ရွှင်စွာ အပန်းဖြေအနားယူကြရာ ညနေပိုင်းတွင် မဟာဗန္ဓုလပန်းခြံအတွင်း တစ်ဦးချင်း တစ်ယောက်ချင်းမှအစ မိသားစုအလိုက်၊ အသင်းအဖွဲ့များအလိုက် ပျော်ရွှင်စွာ အပန်းဖြေ အနားယူလျက်ရှိကြသည်ကို တွေ့ရသည်။

**မြင့်မောင်**

# ထီးလင်း၌ ဆီမီးမြင်းမိုရ် လှည့်လည်ပူဇော်

**ထီးလင်း အောက်တိုဘာ ၁၄**

ဝါလကင်းလွတ် သီတင်းကျွတ်ကာလ အခါသမယတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုး များသည် မြတ်ဗုဒ္ဓအား ရည်မှန်း၍ မီးမြင်းမိုရ်ပွဲ (ခ) မီးထွန်းသဘင်ပွဲတော်များကို တောရော မြို့ပါ နေရာအနှံ့ ဆင်ယင်ကျင်းပလေ့ရှိကြရာ အောက်တိုဘာ ၁၂ ရက် ည ၆ နာရီက ဂန့်ဂေါခရိုင် ထီးလင်းမြို့တွင် ဆီမီးမြင်းမိုရ် လှည့်လည် ပူဇော်ခဲ့ကြသည်။

ထီးလင်းမြို့ မဟာဗောဓိသာသနာ့ရိပ်သာမှ သီလရှင်ဆရာကြီး၊ ဆရာလေး များ၊ ယောဂီသူတော်စင်များ၊ ဓမ္မစကူး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဆီမီးမြင်းမိုရ်များနှင့်အတူ ဗောဓိသာသနာ့ရိပ်သာမှ မြောက်ဘက် ရာဇမုနိစေတီတော်အထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်းမကြီး အတိုင်း တောင်ဘက် ထီးလင်း- ကျောက်ထု ကားလမ်းဆုံနေရာအထိ လည်း ကောင်း လှည့်လည်ကြပြီး မြို့မမင်္ဂလာကျောင်းတိုက်တွင် ထွန်းညှိပူဇော်ခဲ့ကြ ကြောင်း သိရသည်။ **စိန်ကျော်**





## သီတင်းကျွတ် ပိတ်ရက်များတွင် ဘုရားဖူးများဖြင့်စည်ကား

**ပဲခူး အောက်တိုဘာ ၁၄**
အများပြည်သူ သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ပဲခူးမြို့ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ရာ ပြည်သူများသည် ပဲခူးမြို့၏ အထင်ကရ စေတီ ပုထိုးများ၊ ရှေးဟောင်းနန်းတော်ကြီးနှင့် အခြားလည်ပတ်စရာနေရာများသို့ လာရောက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့် မြတ်စွာဘုရားကို ဆီမီးပူဇော်

**မန္တလေး အောက်တိုဘာ ၁၄**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာတွင် (၂၂)ကြိမ်မြောက် ဆီမီးပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် အဆိုပါရွာထိပ် ဆည်တော်ကြီး ချောင်းမကြီးအတွင်း ရောင်စုံကြာမီးခွက်များဖြင့်ဆီမီးမျှောကာ မြတ်စွာဘုရားကို ပူဇော်ခဲ့ကြသည်။

အဆိုပါမီးမျှောပွဲတွင် နံနက်ပိုင်းမှစတင်၍ မြတ်စွာဘုရားပူဇော်မည့် ကြာပွင့်ဖောင်တော်ကြီးကို ချောင်းမကြီးအတွင်း ပြင်ဆင်၍ ည ၇ နာရီတွင် အဆိုပါကြာဖောင်ကြီးကို ဆီမီးများထွန်းကာ ရောင်စုံကြာမီးခွက် တစ်ထောင်ကျော်ဖြင့် ချောင်းမကြီးအတွင်း မီးမျှောပူဇော်ကြသည်။

**ဝေဖြိုးအောင်**



# ဆောမြို့၌ မီးကြာလှည့်ပွဲတွင် ဒေသရိုးရာ သနပ်ခါးပါးတို့ပွဲ ထည့်သွင်းကျင်းပ



**ဆော အောက်တိုဘာ ၁၄**
မကွေးတိုင်းဒေသကြီး ဆောမြို့ ဒက္ခိဏာရာမ ရွှေစေတီကျောင်းတိုက်တွင် အောက်တိုဘာ ၁၃ ရက်ညက မီးကြာလှည့်ပွဲတွင် ရိုးရာပွဲတော် သနပ်ခါးပါးတို့ပွဲကိုပါ ထည့်သွင်းကျင်းပရာ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲကို မကွေးတိုင်းဒေသကြီး ပုံတောင်၊ ပုံညာတောင်နှင့် ချင်းတောင်တန်းများကြား ယောအရပ်ဒေသတွင် ကျင်းပလေ့ရှိပြီး အဆိုပါ ယောအရပ်ဒေသ မြို့နယ်များအနက် ဆောမြို့နယ်တွင် အများဆုံး ကျင်းပလေ့ရှိကာ ဝါလကင်းလွတ် သီတင်းကျွတ်ကာလမှ တန်ဆောင်မုန်းလပြည့်အထိ ကျင်းပလေ့ရှိသည့် ရိုးရာပွဲတော်ဖြစ်ကြောင်း သိရသည်။

" သနပ်ခါး ပါးတို့ပွဲဆိုတာ မီးကြာလှည့်ပွဲဖြင့် စီတန်းလှည့်လည်လာသော မီးကြာကိုင် အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပရိဝုဏ် အနီးသို့ ရောက်လာတဲ့အခါအသင့်စောင့်နေသည့် သနပ်ခါးပါးတို့မည့် အိမ်ရှင်အမျိုးသမီးများက ရင်းရင်းနှီးနှီး ဆီးကြိုကြပြီးတော့ မီးကြာကိုင် အမျိုးသမီးများရဲ့ ပါးတစ်ဖက်တစ်ချက်ကို သနပ်ခါးဖြင့် ထိတို့ပေးပြီး နှုတ်ဆက်လိုက်တဲ့ အစီအစဉ်ဖြစ်ပါတယ်၊ တို့ထားတဲ့သနပ်ခါးများ လှပအောင် မျက်နှာချေညှိနိုင်ရန် လုလင်ပျိုအမျိုးသားနှစ်ဦးက ကြည့်မှန်ထောင်၍ ပြသပေးရပါတယ်။ မီးကြာကိုင်အမျိုးသမီးများက မိမိစိတ်ကြိုက် မျက်နှာကို ချေညှိပြီးတဲ့အခါ မှန်ကိုင်အမျိုးသားများက မှန်ကိုမြှောက်ပေးရာ အသင့်စောင့်နေတဲ့ နောက်ထပ်မှန်တစ်ချပ်ဆီသို့ ရောက်သွားပါတယ်။ ဒီနေ့ ပြုလုပ်တဲ့ ပါးတို့ပွဲမှာ မှန်တန်းပေါင်း ၃၀ ကျော်ရှိပါတယ်" ဟု မီးကြာလှည့်ပွဲ ဖြစ်မြောက်ရေးတာဝန်ခံတစ်ဦးက ပြောကြားသည်။

မီးကြာလှည့်ပွဲတွင် သနပ်ခါးပါးတို့ပွဲ ထည့်သွင်းကျင်းပသည့်အတွက် ပွဲတော်ချိန်တွင် ရပ်နီးရပ်ဝေးကနေ အားလုံးအတူတကွ ပါဝင်ဆင်နွှဲနိုင်ကြကြောင်း၊ ယောဒေသရှိ ရပ်ရွာများ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဦးနှင့် တစ်ဦး ပိုမိုချစ်ခင်ရင်းနှီးမှုကို ရရှိစေပြီး စည်းလုံးမှုကို ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# မိုးညှင်းမြို့နယ်တွင် ငြိမ်းချမ်းရေးနှိုးဆော်သံ လူထုလှုပ်ရှားမှုအစီအစဉ် စတင်ဆောင်ရွက်

**မိုးညှင်း အောက်တိုဘာ ၁၄**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငြိမ်းချမ်းရေးနှိုးဆော်သံ လူထုလှုပ်ရှားမှုအစီအစဉ်ကို ယနေ့ နံနက် ၈ နာရီတွင် မိုးညှင်းမြို့ နန်းမားကျေးရွာ ရန်အောင် ရပ်ကွက် နန်းမား အုပ်ချုပ်ရေးမှူးရုံးအနီး လမ်းဆုံတွင် စတင်ကျင်းပခဲ့သည်။

အဆိုပါငြိမ်းချမ်းရေးနှိုးဆော်သံ လူထုလှုပ်ရှားမှုအဖြစ် ငြိမ်းချမ်းရေးသီချင်းများ သီဆိုခြင်း၊ ငြိမ်းချမ်းရေးစာသားများပါရှိသော လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အဆိုပါငြိမ်းချမ်းရေးနှိုးဆော်သံလူထုလှုပ်ရှားမှုအစီအစဉ်ကို မိုးညှင်းမြို့နယ် ရှစ်လေးလုံးသွေးသစ်အဖွဲ့နှင့် အရပ်သားငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့တို့က ဦးဆောင်၍ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ပြည်သူလူထုတွေ ငြိမ်းချမ်းရေးအသိရှိပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေဖို့ရည်ရွယ်ပြီး ဒီငြိမ်းချမ်းရေးနှိုးဆော်သံလှုပ်ရှားမှုကို အကောင်အထည်ဖော်ဆောင်ရွက်တာပါ" ဟု ငြိမ်းချမ်းရေးနှိုးဆော်သံလူထုလှုပ်ရှားမှု လုပ်ငန်းတာဝန်ခံ ဦးကျော်မိုးသန်းက ပြောသည်။

အဆိုပါငြိမ်းချမ်းရေးနှိုးဆော်သံ လူထုလှုပ်ရှားမှုတွင် ကချင်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားများနှင့်ဗမာတိုင်းရင်းသားများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အဆိုတော် နီနီခင်ဇော်၏ ငြိမ်းချမ်းရေးဆိုတာဘာလဲ၊ ဝင်းဦး၏ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း၊ ချောစုခင်၊ မီမီဝင်းဖေ၊ ကော်နီ၊ ဆုန်သင်းပါရ်တို့၏ ငြိမ်းချမ်းပါစေမြန်မာပြည်၊ ဇော်ဝင်းထွဋ်၏ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ လူလေး၏ အမေချစ်တဲ့တိုင်းပြည်၊ ခိုင်ထူး၏ အားလုံးကို ကျော်ဖြတ်ရမယ်၊ မင်းချစ်သူ(အင်ပါယာအဖွဲ့)၏ နိုင်ငံတကာ ရင်သွေးငယ်များ၊ မင်းမင်း(ဗန်းမော်)၏ ထာဝစဉ်တည်မည့် ငြိမ်းချမ်းရေး၊ စိုင်းထီးဆိုင်၏ သဘာဝရဲ့ရင်သွေးငယ်များ သီချင်းများသီဆိုခဲ့ကြသည်။

အဆိုပါငြိမ်းချမ်းရေးနှိုးဆော်သံ လူထုလှုပ်ရှားမှုကို မိုးညှင်းဒေသ၊ ဟိုပင်ဒေသ၊ အင်းတော်ကြီးဒေသ၊ နန်းမားဒေသ၊ နန့်စီးအောင်ဒေသနှင့် မော်ဟန်ဒေသတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ဖြစ်ကြောင်း သိရသည်။

**နီတိုး**



## သျှစ်သောင်းဘုရား၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

**မြောက်ဦး အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် (သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့) ယနေ့နံနက်ပိုင်းက ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သော ရန်အောင်ဇေယျသျှစ်သောင်းဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်များဖြင့် လာရောက်ဘုရားဖူးသူများ စည်ကားလျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် မြို့ပေါ်ရှိ ပြည်သူများက ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သည့် သျှစ်သောင်းပုထိုးတော်၌ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ဘုရားအတွင်းရှိ အနုပညာကျောက်ဆစ်လက်ရာများ လေ့လာကြသည်။ ထို့နောက် ထုက္ကန်သိမ်ပုထိုးတော်အတွင်းရှိ ရခိုင်တို့၏ ရိုးရာဝတ်စားဆင်ယင်မှုဖြစ်သည့် ဘောင်းတော်၊ ဆံထုံးတော် ဆင်ယင်ထုံးဖွဲ့ပုံအဆင့်ဆင့်စသည့် ကျောက်ဆစ်အနုပညာ ဗိသုကာလက်ရာများ၊ အံတော်သိမ်နှင့် ဘုရားပုထိုးစေတီများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာများအား အနယ်နယ်အရပ်ရပ်မှ ရုံးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများက ဝင်ရောက်လေ့လာကြည့်ရှုကြပြီး အမှတ်တရပစ္စည်းများနှင့် အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**





## မြောက်ဦးမြို့တွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရား၊ ပုထိုးနှင့် စေတီများတွင် ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကား

**မြောက်ဦး အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် သီတင်းကျွတ်လပြည့်နေ့ အခါသမယ၌ မြို့ပေါ်ရပ်ကွက်ရှိပြည်သူများက ယမန်နေ့ ညပိုင်းက ရှေးဟောင်းသမိုင်းဝင် အထင်ကရ ဘုရားများသို့ သွားရောက်ပြီး ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့ပေါ်နေပြည်သူများက ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သော သျှစ်သောင်းပုထိုးတော်၊ ထုက္ကန်သိမ်ပုထိုးတော်၊ အံတော်သိမ်ပုထိုးတော်နှင့် အရံစေတီများရှိ ဘုရားရင်ပြင်များ၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်အားရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ အဓိဋ္ဌာန်ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဆက်လက်၍ ရပ်ကွက်များရှိနေအိမ်များ၊ လမ်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာရုံးများတွင်လည်း ရောင်စုံမီးလုံးများ၊ ဆီမီးထွန်းညှိပူဇော်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# အေးချမ်းသာယာ သံတွဲမြို့ရဲ့ သီတင်းကျွတ်ပွဲတော်မဟာ

**သံတွဲ အောက်တိုဘာ ၁၄**

သီတင်းကျွတ်ပွဲတော်ကို ရခိုင်ပြည်နယ် သံတွဲမြို့တွင် အေးချမ်းသာယာပျော်ရွှင်စွာဖြင့် ကျင်းပလျက်ရှိသည်။

ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေတွင် သီတင်းကျွတ်ပွဲတော် ရက်ရှည်ရုံးပိတ်ရက် အခါသမယဖြစ်သဖြင့် အောက်တိုဘာ ၁၂ ရက် ညနေမှစတင်ကာ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူသူများဖြင့် ယခင်နှစ်ကထက် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရသည်။ ယခုနှစ် သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ကာလအတွင်း စိမ်းလန်းစိုပြည်လျက်ရှိသော အုန်းတောများ၊ ဖြူရွရွသဲသောင်ပြင်ကြီးနှင့် ကြည်လင်ပြာလဲ့သည့် ရေပြင်ကြီးတည်ရှိသော ပင်လယ်ပြင်ကြီးကမ်းနံဘေး ငပလီကမ်းခြေတွင် ရခိုင်ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ၊ ရခိုင်ဒေသထွက်အစားအစာ အရောင်းဆိုင်များ၊ ဈေးနှုန်းသက်သာသည့်တည်းခိုခန်းများ၊ ဟိုတယ်များတွင် အေးချမ်းသာယာစွာ တည်းခိုနေထိုင်နိုင်ခြင်းတို့ကြောင့် ယခုလို နှစ်စဉ်နှစ်တိုင်း ငပလီကမ်းခြေသို့ သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်တိုင်း သူငယ်ချင်းများ၊ မိသားစုများစုပေါင်း၍ အနားယူအပန်းဖြေရန် လာရောက်လျက်ရှိကြောင်း ရန်ကုန်မြို့မှ ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုတင်ဆန်းဝင်းက ပြောသည်။



သီတင်းကျွတ်လပြည့်နေ့တွင်လည်း ရဟန်းတော်များ ပုရိသဝါမှထသောနေ့၊ မြတ်စွာဘုရားရှင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာပြီးဆုံးကာ နတ်ပြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာမှ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းကြီးများဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့ စသော ဂုဏ်ထူးဝိသေသထူးများနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်သဖြင့် နံနက်ပိုင်းမှစတင်ကာ ဗုဒ္ဓဘာသာဝင် လူကြီး၊ လူလတ်၊ လူငယ်များဟာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဥပုသ်သီလဆောက်တည်ခြင်း၊ သမိုင်းဝင်ဗျာဒိတ်တော်ရတန်ခိုးကြီး ရွှေဆံတော်စေတီတော်၊ ရွှေနံတော်စေတီတော်နှင့် ရွှေအံတော်စေတီတော်များသို့ သွားရောက်ကာ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်ကာ ကုသိုလ်ဘာဝနာများပွားများခြင်း၊ ပဝါရဏာပွဲတော်များ ကျင်းပခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်ကြသည်။

ထို့အပြင် မြို့ပေါ်နှင့် ကျေးရွာအချို့တို့တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ကလေးမုန့်စားပြိုင်ပွဲ၊ ကြက်ခွပ်ပြိုင်ပွဲများ၊ လူငယ်၊ လူလတ် ထုပ်ဆီးတိုးပြိုင်ပွဲများ၊ လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခြင်းနှင့် မီးထွန်းပွဲတော်များကျင်းပခြင်း၊ စတုဒိသာ ရခိုင်မုန့်တီများဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခြင်းတို့ကို ကုသိုလ်ယူ ကျွေးမွေးလှူဒါန်းကာ အေးချမ်းသာယာပျော်ရွှင်စွာဖြင့် သံတွဲမြို့ရဲ့ သီတင်းကျွတ်ပွဲတော်မဟာအခါသမယကို ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

သံတွဲမြို့သည် စိမ်းစိုအုံ့မှိုင်းနေသည့် တောတောင်တွေ ပတ်လည်ဝိုင်းထားသလို သမိုင်းဝင်ဗျာဒိတ်တော်ရတန်ခိုးကြီး ရွှေဆံတော်စေတီတော်၊ ရွှေနံတော်စေတီတော်နှင့် ရွှေအံတော်စေတီတော် သုံးဆူတို့၏ ဖိုခုံလောက်ဆိုင်အလယ်တွင် တည်ရှိပြီး ကမ္ဘာကျော်ငပလီကမ်းခြေလည်းရှိသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများ၊ ကမ္ဘာလှည့်ခရီးသွားများ အမြဲမပြတ်လာရောက်၍ အေးချမ်းသာယာစွာ အပန်းဖြေအနားယူလျက်ရှိသည့် ကမ်းခြေမြို့တစ်မြို့လည်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(ခရိုင်ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ထို့နောက် မွန်းလွဲ ၃ နာရီတွင် ပြိုင်ပွဲဝင် ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခြင်း အစီအစဉ်ပြုလုပ်ပြီးနောက် ညနေဆည်းဆာအချိန်အခါသို့အရောက်တွင် မင်္ဂလာစည်တော်နှင့် လှော်ကားတော်ကြီးလှေတို့ကဦးဆောင်၍ ဓမ္မစကြာဝတ်အသင်းများ လိုက်ပါလာသော ရှင်ဥပဂုတ္တမထေရ်မြတ်ကို ပင့်ဆောင်လာသည့် ကရဝိက်ဖောင်တော်သည် ရွှေကျင်ချောင်းအတွင်းသို့ လက်ယာရစ်သုံးကြိမ်လှည့်လည်အပူဇော်ခံသည်။

ထိုသို့ လှည့်လည်အပူဇော်ခံနေစဉ်အတွင်း ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးကြာခွက်ရောင်စုံဖြင့် မီးမျှောပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်သူများကလည်း ရွှေကျင်ချောင်းအတွင်းသို့ မီးကြာခွက်များမျှောခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်ရှိ ကျောင်းဆောင်တွင် စံမြန်းတော်မူနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ကျောင်းဆောင်နှင့်တကွ ဝါးဖောင်တော်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်၍ ရွှေကျင်ချောင်းရိုးမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ ရေမျှောပူဇော်ခဲ့ကြသည်။

ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူးပြီး နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ကုန်းဘောင်ခေတ်မှသည် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရသည်။

**သတင်း – ရန်အောင်ထွန်း**
**ဓာတ်ပုံ – ရဲသိန်း**

**❂ အာရှ ယူ – ၁၉ မှ**

စက်တင်ဘာ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိကျင်းပသည့် တရုတ်(တိုင်ပေ) ယူ–၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့သည်။

မြန်မာ ယူ–၁၉ အသင်းသည် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ–၁၉ အသင်းသည် ယခုလဆန်းပိုင်းတွင် တောင်ကြီးမြို့၌ ကာလတိုသွားရောက်လေ့ကျင့်ကာ ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပြီး အောက်တိုဘာ ၁၂ ရက်မှစ၍ ပဏာမကစားသမား ၂၉ ဦးဖြင့် ရန်ကုန်မြို့၌ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စု (I) တွင် တောင်ကိုရီးယား၊ တရုတ်၊ စင်ကာပူတို့နှင့် ကျရောက်နေသည်။ ယင်းအုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီတွင် တောင်ကိုရီးယားနှင့် စင်ကာပူ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် တရုတ်၊ နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီတွင် စင်ကာပူနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် တောင်ကိုရီးယား၊ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် တောင်ကိုရီးယားနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# အသိတရားသည်သာ အရာရာ

ပါမောက္ခဒေါက်တာမောင်

**စာရေးသူမဖြေနိုင်သော မေးခွန်း**

စာရေးသူသည် ၁၉၈၂ ခုနှစ်မှစ၍ တက္ကသိုလ်ဆရာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ လူနာများနှင့်ထိတွေ့ရသည်ထက် ကျောင်းသားများနှင့် ထိတွေ့ရသည်ကို ပိုနှစ်သက်သဖြင့် ဆရာဝန်ဘွဲ့ရခဲ့ပြီး သင်ကြားရေးသို့ ခြေစုံပစ်ဝင်ရောက်ခဲ့သည်။ မိမိအား ပညာသင်ကြားပေးခဲ့သော ဆရာကြီးများကို အားကျ၍လည်းဖြစ်သည်။

ဝါသနာအလျောက် အသက်မွေးဝမ်းကျောင်းပြုနေသော သင်ကြားရေးဘဝတစ်လျှောက်တွင် စာရေးသူ မိမိကိုယ်မိမိမေးနေသော မေးခွန်းတစ်ခုရှိနေသည်။ ''ကျောင်းသားများ အဘယ်ကြောင့် စာမေးပွဲမအောင်ကြသနည်း''။ ပညာရေး၏ရည်မှန်းချက်မှာ ကျောင်းသားတိုင်း အောင်မြင်စေရေးဖြစ်သည်။ သို့ရာတွင် စာမေးပွဲတိုင်းတွင် ကျရှုံးသောနှုန်းမှာ အနည်းဆုံး ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အမြဲရှိသည်။ ဉာဏ်ရည်မပြည့်မီ၍ ဟုဆိုရအောင်မှာ ထိုကျောင်းသားများသည် အခြေခံပညာအထက်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သူများဖြစ်သည်။ ကြိုးစားမှုမရှိ၍ဟုဆိုပြန်လျှင်လည်း အတူတူစာကျက်သူများထဲတွင်လည်း မအောင်သောသူများ ရှိနေပြန်သည်။

ယခုဆောင်းပါးသည် စာရေးသူ၏အတွေ့အကြုံအပေါ်မူတည်၍ ထိုမေးခွန်းကိုဖြေဆိုရန် ကြိုးစားထားသော ဆောင်းပါးဖြစ်သည်။

**ကျောင်းသားလေးမျိုး သို့မဟုတ်**
**ခံယူနိုင်စွမ်း လေးမျိုး**

ထိုမေးခွန်းအတွက် ယုတ္တိကျသောအဖြေမှာ ''အိုးနှင့်ဆန် တန်ရုံသာရမည်'' ဟူသော အဖြေဖြစ်သည်။ အိုးဆံ့သလောက်သာ ဆန်ရနိုင်မည်ဆိုသော အဓိပ္ပာယ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောင်းသားများ၏သင်ကြားမှုကို ခံယူနိုင်စွမ်းသည် တစ်ဦးနှင့်တစ်ဦး မတူညီသောကြောင့်ဖြစ်သည်။ သို့ဆိုလျှင် သင်ကြားမှုကို ခံယူနိုင်စွမ်းသည် အဘယ်ကြောင့် ကွာခြားကြသနည်း။ ခံယူသော အိုးအရွယ်အစားသည် အဘယ်ကြောင့် မတူညီကြသနည်း။

ကျောင်းသားလေးမျိုး သို့မဟုတ် ခံယူနိုင်စွမ်းလေးမျိုးရှိသည်ဟု ထင်မြင်မိသည်။ ပထမတစ်မျိုးမှာ အသိတရားလည်းမရှိ၊ ကြိုးစားမှုလည်းမရှိသော ကျောင်းသားများဖြစ်သည်။ ဒုတိယတစ်မျိုးမှာ အသိတရားရှိသော်လည်း ကြိုးစားမှုမရှိသော ကျောင်းသားများဖြစ်သည်။ တတိယတစ်မျိုးမှာ အသိတရားရှိပြီး ကြိုးစားမှုရှိသော်လည်း ထိုကြိုးစားမှုသည် အမူအကျင့်တစ်ရပ်အနေဖြင့် စွဲမြဲခြင်းမရှိ၊ ထိရောက်ခြင်းလည်းမရှိသော ကျောင်းသားများဖြစ်သည်။ စတုတ္ထတစ်မျိုးမှာ အသိတရားလည်းရှိ၊ ထိရောက်စွာ စွဲစွဲမြဲမြဲကြိုးစားသော အမူအကျင့်လည်းရှိသော ကျောင်းသားများဖြစ်သည်။

**သင်ယူခြင်းကို ခံယူနိုင်စွမ်းသည် ကျောင်းသားတစ်ဦးနှင့် တစ်ဦးကွဲပြားခြားနားကြသည်။ ထိုကွဲပြားခြားနားခြင်း သည် တစ်ဦးချင်း၏ အသိတရားနှင့် ထိုအသိတရားအပေါ် အခြေခံသော အမူအကျင့်တို့ ကွဲပြားခြားနားခြင်းကြောင့် ဖြစ်သည်ဟု ယူဆမိပါသည်။ အသိတရားကိုဖြစ်ပေါ်စေသော အကြောင်းများတွင် ရင့်ကျက်မှုရှိခြင်းနှင့် ခိုင်မာသောယုံကြည်ချက် ရှိခြင်းသည် အရေးကြီးသော အကြောင်းများဖြစ်**

ဆေးကျောင်းသို့ ဝင်ရောက်လာသူများတွင် တတိယအမျိုးအစားသည် အများဆုံးဖြစ်မည်။ ထိုကျောင်းသားများသည် အသိတရားရှိသော်လည်း ထိရောက်စွာကြိုးစားနိုင်သော အမူအကျင့်မရှိသော ကျောင်းသားများဖြစ်ကြသည်။ ဒုတိယအမျိုးအစားနှင့် အနည်းငယ်သော စတုတ္ထအမျိုးအစားလည်း ပါလာကြပေလိမ့်မည်။ ပထမအမျိုးအစားမှာ ဆေးကျောင်းသို့ ရောက်လာနိုင်ခြင်းမရှိပေ။ သင်ကြားမှုကို ခံယူနိုင်စွမ်း ကွဲပြားနေခြင်းကိုကြည့်လျှင် ''အသိတရား'' သည် အခြေခံဖြစ်နေကြောင်း တွေ့ရှိရပေမည်။

**အသိတရား**

အသိတရားဟူသည် မည်ကဲ့သို့အရာမျိုးပေနည်း။ အသိပညာဆိုသည်နှင့် မတူညီပေ။ အသိပညာဆိုသည်မှာ ဘာသာရပ်ဆိုင်ရာ တတ်သိနားလည်ခြင်းဖြစ်သည်။ အသိပညာနှင့် အသိတရားတို့သည် ထပ်တူညီသောအရာများ မဟုတ်ကြချေ။

သင်ကြားရေးပညာရှင်များ ရည်ညွှန်းသော ''လေ့လာသင်ယူလိုမှုတွန်းအား'' (Motivation) ထက်လည်း များစွာပိုမိုသည်။ အသိတရားတွင် အောက်ပါအခြင်းအရာများ ပါဝင်နေသည်ဟု ယူဆမိသည်။ (ထိုထက်လည်း ပိုမိုနိုင်ပါသည်)

၁။ ရင့်ကျက်မှုရှိခြင်း
၂။ ခိုင်မာသော ယုံကြည်ချက်ရှိခြင်း
၃။ ပြတ်သားသောရည်မှန်းချက်နှင့် ဦးတည်ချက်ရှိခြင်း
၄။ စည်းကမ်း၏တန်ဖိုးကိုသိခြင်း
၅။ သတိ၊ ဝီရိယနှင့် ဖွဲလုံ့လ၏ တန်ဖိုးကိုသိခြင်း
၆။ ကျန်းမာခြင်း၏ တန်ဖိုးကိုသိခြင်း
၇။ လူမှုရေးရာများကို နားလည်ခြင်း
၈။ အခြေခံဘာသာရေးအဆုံးအမများကို လိုက်နာမှုရှိခြင်း
၉။ နည်းပညာများ၊ နည်းစနစ်များ၏ အသုံးဝင်ပုံ၊ ထိရောက်ပုံကို သဘောပေါက်ခြင်း
၁၀။ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရန် လိုအပ်သည်ကိုသိရှိခြင်း

**ရင့်ကျက်မှုရှိခြင်းနှင့် ခိုင်မာသော**
**ယုံကြည်ချက်ရှိခြင်းသည် အသိတရား၏အခြေခံ**

ရင့်ကျက်မှုသည် အသိတရားအတွက် ရှေးဦးစွာလိုအပ်နေသောအရာဖြစ်သည်။ သင်ကြားမှုများကို နာယူလက်ခံရန် အသင့်အနေအထားကိုဖြစ်စေသည်။

ရင့်ကျက်မှုဆိုသည်မှာ အတွေ့အကြုံဖြစ်သည်။ အမှုကိစ္စတစ်ခု သို့မဟုတ် သင်ကြားနေသောအကြောင်းအရာတစ်ခုကို ကိုယ်တိုင်ပြုလုပ်၍ရရှိလိုက်သော အတွေ့အကြုံဖြစ်သည်။ ထို့ကြောင့် ရင့်ကျက်မှုနှင့် အတွေ့အကြုံကို စကားလုံးတစ်တွဲတည်း ဖော်ပြလေ့ရှိသည်။

မိဘ၏ပြည့်စုံစွာထောက်ပံ့မှုဖြင့် ကျောင်းတက်နေသောကျောင်းသားတစ်ဦးနှင့် ကိုယ့်ကျောင်းစရိတ်ကိုရှာ၍ ကျောင်းတက်နေသော ကျောင်းသားတစ်ဦးတို့တွင် အတွေ့အကြုံချင်းမတူညီနိုင်သလို ရင့်ကျက်မှုချင်းလည်း မတူညီနိုင်ပေ။ ထို့ကြောင့် အသိတရားလည်း မတူညီနိုင်ချေ။

အလွန်ရှေးကျသော်လည်း မှန်ကန်နေဆဲဖြစ်သော တရုတ်လူမျိုးများ၏ ဆိုရိုးစကားတစ်ခုရှိသည်။ “Tell me and I forget. Show me and I remember. Involve me and I understand.” ထိုဆိုရိုးစကားကို စာရေးသူက ဤသို့ပြန်ဆိုထားသည်။ “ကြားရရုံတွင် အလွန်မေ့ချင်။ မြင်ပြန်သော်က သတိရ။ ကိုယ်တိုင်လုပ်မှ တတ်ကျွမ်းကြ”။

ကလေးတစ်ယောက်ကို “မီးဟာ ပူတယ်၊ အန္တရာယ်ရှိတယ်” ဟုပြောလျှင် နားမလည်နိုင်ချေ။ မီးလောင်နေသော မြင်ကွင်းများကိုပြလျှင် သိနိုင်၏။ သို့သော် ပူသည်ဆိုခြင်းကိုမူ မီးကိုလက်နှင့်တို့ကြည့်ခိုင်းမှသာ စွဲမြဲစွာ နားလည်သွားနိုင်၏။

ပုံမှန်နှလုံးခုန်သံကို အသံဖိုင်ဖွင့်ပြရုံဖြင့် ကျောင်းသားများ မမှတ်မိနိုင်၊ အသံဖိုင်နှင့်တွဲဖက်၍ နှလုံးခုန်နေပုံကိုပြလျှင် မှတ်မိနိုင်၏။ သို့သော် မိမိကိုယ်တိုင် နှလုံးခုန်သံကို နားထောင်ကြည့်လျှင် စွဲမြဲစွာမှတ်မိသွားမည်ဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်ကျော်အချိန်က ပုဂံဘုရားဖူးရင်း ကြုံတွေ့ခဲ့သောအဖြစ်တစ်ခုကို အမှတ်ရမိသည်။ မြင်းလှည်းနှစ်စီးဖြင့် အတူတူလည်ပတ်ကြရာတွင် တစ်စီးသည် ငါးနှစ်သားအရွယ်ကလေးတစ်ဦးပါဝင်သော နိုင်ငံခြားသားမိသားစုဖြစ်သည်။ စာရေးသူတို့မြင်းလှည်းပေါ်တွင်လည်း သက်တူရွယ်တူမြန်မာကလေးတစ်ဦးနှင့် မိဘများပါကြသည်။ ဘုရားတစ်ဆူတွင် ရပ်နားကြသောအခါ ကလေးနှစ်ဦးသည် မြင်းကိုစိတ်ဝင်စား၍ အနားသို့ သွားကိုင်ကြည့်ကြသည်။ ထိုအခါ မိဘများ၏တုံ့ပြန်ပုံ မတူညီပုံကို သတိပြုမိလိုက်သည်။ မြန်မာမိဘများသည် ကလေးကို အလျင်အမြန်သွားဆွဲယူ၍ နောက်မလုပ်ရန် တားမြစ်ကြသည်။ နိုင်ငံခြားသားမိဘကမူ ကလေးအနားသို့ လာရောက်၍ စိတ်တိုင်းကျကိုင်ကြည့်စေသည်။

အနောက်နိုင်ငံမှ ကလေးများသည် စာရေးသူတို့ကလေးများထက် ပိုမိုရင့်ကျက်မှုရှိခြင်းမှာ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ရသော သင်ခန်းစာများကိုအခြေခံ၍ သင်ကြားလာခဲ့ကြသောကြောင့်ဟု ယူဆမိသည်။

Malcolm Knowle သည် ၁၉၈၄ ခုနှစ်၌ ''ရင့်ကျက်သော လေ့လာသင်ယူခြင်း သီအိုရီ''(Adult Learning Theory) ကိုဖော်ပြခဲ့သည်။ သူ၏သီအိုရီသည် ရင့်ကျက်မှုအပေါ် အခြေခံထားသည်။ Charles Bonwell သည် ၁၉၉၁ ခုနှစ်၌ ''ကိုယ်တိုင်ပါဝင်ရသော သင်ယူမှုနည်းစနစ်''(Active Learning Method) ကိုဖော်ပြခဲ့၏။ သူ၏နည်းစနစ်သည် စာသင်သားများ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခြင်းအပေါ် အခြေခံထားသည်။ Freeman နှင့် အဖွဲ့သည် ၂၀၁၄ ခုနှစ်၌ Active Learning ၏ ထိရောက်မှုရှိပုံကို သုံးသပ်ပြခဲ့၏။

ရင့်ကျက်မှုသည် သင်ယူခြင်းကို နာယူလက်ခံရာတွင် အရေးပါပုံကို စာရေးသူတို့၏ ဗုဒ္ဓဘာသာတရားတော်တွင် တွေ့မြင်နိုင်သည်။ ဗုဒ္ဓမြတ်စွာသည် သင်ကြားရေး၌ အတုမရှိသော ဆရာတစ်ဆူဖြစ်သည်။ ကျွတ်ထိုက်သောသူအား ချွတ်တော်မူနိုင်၏။ ဗုဒ္ဓမြတ်စွာ၏ နေ့စဉ်မပြတ်ပြုမြဲသော ဗုဒ္ဓကိစ္စငါးတန်တွင် မဇ္ဈိမယံကိစ္စ၌ ကျွတ်ထိုက်သော ဝေနေယျကိုရှုတော်မူခြင်းသည် ကျွတ်ထိုက်သော ရင့်ကျက်မှုရှိနေခြင်းကို ဉာဏ်တော်ဖြင့် သိရှိတော်မူခြင်းဖြစ်သည်။ သုဘဒ္ဒါပရိဗ္ဗိုဇ်၏ရင့်ကျက်ခြင်းကို သိတော်မူ၍ ကယ်တင်ရန် ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံးအချိန်တွင် ကုသိနာရုံသို့ ကြွတော်မူခြင်းဖြစ်သည်။

ခိုင်မာသောယုံကြည်ချက် ရှိခြင်းသည်လည်း အသိတရားဖြစ်ပေါ်စေခြင်း၏ အခြေခံဖြစ်သည်။ ယုံကြည်ချက်သည် မျှော်လင့်ချက်နှင့်အတူ လူတစ်ယောက်ကို မောင်းနှင်နေသောတွန်းအားဖြစ်သည်။ ယုံကြည်ချက်မရှိလျှင် မည်သည့်အရာကိုမျှမလုပ်ဘဲ ယုံကြည်ချက်ရှိလျှင်မည်သည့်အရာကိုမဆို လုပ်နိုင်ကြသည်။ စာရေးသူသည် ၂၀၀၆ ခုနှစ်တွင် ဆေးပညာအသက်မွေးဝမ်းကျောင်းအပေါ် ယုံကြည်ချက်နှင့် ဆေးကျောင်းသားများ၏ စွမ်းဆောင်ရည်ဆက်စပ်နေပုံကို လေ့လာခဲ့သည်။ ဆေးပညာသင်ကြားနေခြင်းအပေါ် ယုံကြည်မှုရှိသော ကျောင်းသားများသည် စွမ်းဆောင်ရည်ပိုမိုမြင့်မားကြောင်း တွေ့ရှိခဲ့သည်။

**မိဘများ၏ အခန်းကဏ္ဍ**

အသိတရားကိုဖြစ်ပေါ်စေသော အကြောင်းများ အားလုံး ကျောင်းသားတစ်ယောက်တွင် ပြည့်စုံနေရန်မှာ ခဲယဉ်းသောကိစ္စဖြစ်သည်။ သို့သော် တစ်ခု သို့မဟုတ် နှစ်ခုကို မိမိရရ ရရှိလိုက်လျှင် ကျန်သောအကြောင်းများ အလိုအလျောက် ပါဝင်လာမည်ဖြစ်သည်။

တစ်ဖန် ထိုအကြောင်းအရာများသည် တစ်ရက်၊ တစ်လ၊ တစ်နှစ်အတွင်း ရရှိလာနိုင်ခြင်းလည်း မရှိကြချေ။ ငယ်ရွယ်စဉ်မှစတင်၍ အစဉ်တစိုက်ပြုစုပျိုးထောင် ယူရမည့် အကြောင်းအရာများဖြစ်ကြသည်။ ထို့ကြောင့် လက်ဦးဆရာဖြစ်သော မိဘများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါနေပေသည်။ မိမိ၏သားသမီးကို ငယ်ရွယ်စဉ်မှစတင်၍ လေ့ကျင့်သင်ကြားပေးရမည် ဖြစ်သည်။ စာဖတ်ဝါသနာကို ပြုစုပျိုးထောင်ပေးခြင်း၊ အသက်အရွယ်အလိုက် သင့်လျော်ထိုက်တန်သော တာဝန်ယူမှုကို လေ့ကျင့်ပေးခြင်း စသည်တို့သည် ရင့်ကျက်မှု၏ အစပြုရာဖြစ်သည်။ ထိုမှတစ်ဆင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တို့တွင် ဆက်လက်လေ့ကျင့်ပေးသွားနိုင်သည်။

**မျှဝေလိုသည်မှာ**

စာရေးသူ၏အတွေ့အကြုံအရ သင်ယူခြင်းကိုခံယူနိုင်စွမ်းသည် ကျောင်းသားတစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားကြသည်။ ထိုကွဲပြားခြားနားခြင်းသည် တစ်ဦးချင်း၏ အသိတရားနှင့် ထိုအသိတရားအပေါ်အခြေခံသော အမူအကျင့်တို့ ကွဲပြားခြားနားခြင်းကြောင့် ဖြစ်သည်ဟု ယူဆမိပါသည်။ အသိတရားကိုဖြစ်ပေါ်စေသောအကြောင်းများတွင် ရင့်ကျက်မှုရှိခြင်းနှင့် ခိုင်မာသောယုံကြည်ချက်ရှိခြင်းသည် အရေးကြီးသောအကြောင်းများ ဖြစ်ကြသည်ဟု ထင်မြင်မိပါသည်။

အသိတရားကို ဖြစ်ပေါ်စေသောအကြောင်းများ ဖြစ်ပေါ်ရန် ငယ်ရွယ်စဉ်မှစတင်ကာ လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်၍ မိဘများ၏အခန်းကဏ္ဍသည် အရေးကြီးသလို အဆင့်ဆင့်သောဆရာ ဆရာမများ၏လေ့ကျင့်သင်ကြားပေးခြင်းသည်လည်း အရေးပါလှပေသည်။

ထို့အပြင် ထိုအသိတရားသည် စာမေးပွဲများကို အောင်စေခြင်းထက် ပိုမိုသောအဓိပ္ပာယ်ရှိနေပါသည်။ ထိုအသိတရားသည် ဉာဏ်ပညာအမြော်အမြင်ရှိစေခြင်း၏ အကြောင်းရင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့တွင် လမ်းညွှန်ချက်ကို ကိုးကားလိုပါသည်။ ''ပညာရေးစနစ် တစ်ခုလုံးရဲ့ အဓိကဦးတည်ချက်တစ်ခုကတော့ အမြော်အမြင်ရှိဖို့ပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးစနစ်ဟာ ဉာဏ်ပညာအမြော်အမြင်ရှိစေဖို့ ဦးတည်တဲ့ စွမ်းရည်ရှိဖို့ အများကြီးအရေးကြီးပါတယ်''။

အဘယ်ကြောင့်ဆိုသော် အကြောင်းအရာ အချက်အလက်များကို အလွတ်ကျက်မှတ်နိုင်ခြင်းသည် ဉာဏ်ပညာမဟုတ်ဘဲ အသိတရားကိုအခြေခံသော အမြော်အမြင်ရှိခြင်း၊ တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်ခြင်း တို့သည်သာ ဉာဏ်ပညာဖြစ်သောကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် ကျောင်းသားတစ်ဦးအဖို့ အသိတရားသည်သာ အရာရာဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ရည်ညွှန်း**


1. ကျီးသဲလေးထပ်ဆရာတော်ကြီး။ ဇိနတ္ထပကာသနီကျမ်း။ ခင်ချိုထွန်းစာပေ၊ ၂၀၀၈။
2. နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့တွင် မိန့်ကြားသောလမ်းညွှန်ချက်။ ၁၂ ဩဂုတ် ၂၀၁၉။
3. Knowles MS and Associates (1984) Androgogy in action.Jossey–bass, san Francisco,CA.
4. Bonwell, Charles; Eison, James. (1991) Active Learning: Creating Excitement in the Classroom (http://files.eric.ed.gov/fulltext/ED33604.pdf)
5. Freeman, Scott et al. (2014). Active learning increases student performance in science. (http:// www.pnas.org/content/111/23/8410)
6. Maung Maung Aye et al. (2006). Attitude of 2nd MBBS students towards learning medical science. Myanmar Health Research Congress 2006.

# စစ်ကိုင်းမြို့ ကောင်းမှုတော်မြတ်စွာဘုရားကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**စစ်ကိုင်း အောက်တိုဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ကောင်းမှုတော်မြတ်စွာဘုရားကြီးတွင် သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သော အောက်တိုဘာ ၁၃ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ ကျွန်မတို့က ရန်ကုန်ကနေမိသားစုဝင်တွေစုစည်းပြီး စစ်ကိုင်းမြို့မှာရှိတဲ့ ကောင်းမှုတော်ဘုရားကြီးကိုလာရောက်ဖူးမြော်ကြတာပါ။ လာတဲ့အခါမှာလည်း လမ်းမှာအဖြူဝတ်စုံတွေနဲ့ ကြေးမောင်းကြီးထမ်း၊ ဆွမ်းအုပ်ကြီးတွေထမ်း၊ ဖိနပ်မပါခြေဗလာနဲ့ နောက်မှာလည်း အက အခုန်၊ အတီးအမှုတ်တွေနဲ့ စီတန်းလှည့်လည်ပြီးတော့ လာနေကြတာကားတွေတောင် ဖြည်းဖြည်းပဲ မောင်းနေရတယ်။ လမ်းတစ်လျှောက်မှာလည်း စတုဒိသာမဏ္ဍပ်ကြီးတွေမှာ ကျွေးမွေးနေကြတာမြင်ရတော့ ကြည်နူးစရာကောင်းလိုက်တာ" ဟုအင်းစိန်မြို့နယ် ရွာမကြီးမှ မသီဟန်ထွန်းက ပြောကြားသည်။

ကောင်းမှုတော်မြတ်စွာဘုရားကြီးသည် စစ်ကိုင်းမြို့၏ မြောက်ဘက် မုံရွာ- မန္တလေး လမ်းမကြီးပေါ် တွင်တည်ရှိပြီး စစ်ကိုင်းမြို့နှင့် ငါးမိုင်ခန့်သာကွာဝေးကာ အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ပြီး ကား၊ ရထားတို့ဖြင့် ကုန်းလမ်းခရီးမှ လာရောက်လျှင်လည်းကောင်း၊ ဧရာဝတီမြစ်အတွင်း ရေလမ်းခရီးမှလာရောက်လျှင်လည်းကောင်း၊ လေကြောင်းခရီးဖြင့် ဖြတ်သန်းလျှင်လည်းကောင်း၊ ကြီးမားခန့်ထည်လှသည့် ကောင်းမှုတော်စေတီကြီးကို အဝေးမှပင် ထီးထီးမားမား ထင်ထင်ရှားရှား မြင်တွေ့ဖူးမြော်နိုင်သည်။

အလားတူ စစ်ကိုင်းတောင်ရိုးရှိ သမိုင်းဝင် ဆွမ်းဦးပုညရှင်ဘုရား၊ ဥမင်သုံးဆယ်ဘုရားနှင့် ရှင်ဖြူ၊ ရှင်လှမြတ်စွာဘုရားကြီးများတွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်**
**စစ်ကိုင်းခရိုင်ပြန်/ဆက်**





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သက်ကြီးဘိုးဘွားများအား ကန်တော့

**ပဲခူး အောက်တိုဘာ ၁၄**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်တို့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်အတူ ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာတွင်ပြုလုပ်သည့် သက်ကြီးပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော် ဆီမီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာမှ သက်ကြီးရွယ်အို အဘိုးအဘွား ၇၇ ဦးအား ကန်တော့ခံလက်ဆောင်ပစ္စည်းများနှင့်အတူ ရှိခိုးကန်တော့ပြီး ကျေးရွာအသီးသီးရှိ ဒေသခံပြည်သူများအား အာဟာရဒါနဖြင့် ကျွေးမွေးလှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ဆွာမင်းလမ်းကျေးရွာ ရွာဦးထိပ်ရှိဘုရားအား ဆီမီးထွန်းညှိပူဇော်ပြီး ဖောင်တော်ပေါ်တွင် သီတင်းသုံးနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းကာ ဖောင်တော်မြတ်ကို ဆွာချောင်းအတွင်း ရေမျှောပူဇော်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အထက်မြန်မာပြည် တက္ကသိုလ်ပေါင်းစုံ ဇုန်အလိုက်ဘောလုံးပြိုင်ပွဲဖွင့်

**မန္တလေး အောက်တိုဘာ ၁၄**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် MPTတို့ ပူးပေါင်းကျင်းပသော MPT University Football Tournament 2019 တက္ကသိုလ်ပေါင်းစုံ ဇုန်အလိုက် ဘောလုံးပြိုင်ပွဲ(အထက်မြန်မာပြည်)ဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ နိုင်ငံ့လက်ရွေးစင် ဘောလုံးအသင်းအတွက် အားထားရမည့် မျိုးဆက်သစ်အားကစားသမားကောင်းတွေ ပေါ်ထွန်းလာရန် မျှော်လင့်ပါကြောင်းနှင့် အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ကြရန် ပြောကြားသည်။

ဆက်လက်၍မြန်မာနေရှင်နယ်လိဂ်စီမံခန့်ခွဲရေး အရာရှိ ဦးဆူးအောင်နှင့် အထက်မြန်မာပြည်တက္ကသိုလ်များဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေးတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**






# အာကီဒိုနှီးနှောဖလှယ်ပွဲနှင့် နိုင်ငံတကာအာကီဒိုသရုပ်ပြပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**
Myanmar Aikiikai New Organization က ကြီးမှူး၍ မန္တလေး အာကီဒိုသင်တန်းများ၏ နှစ် ၂၀ ပြည့်အထိမ်းအမှတ် အာကီဒိုနှီးနှောဖလှယ်ပွဲနှင့် နိုင်ငံတကာ အာကီဒိုသရုပ်ပြသပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့် အားကစားကွင်းရှိ Multipurpose Stadium ၌ ကျင်းပသည်။

အာကီဒိုသရုပ်ပြသပွဲတွင် ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊စကော့တလန်၊ဂူအမ်တို့မှ အာကီဒိုအားကစားသမားများနှင့်မြန်မာနိုင်ငံမှ အားကစားသမား စုစုပေါင်း ၈၀ တို့ ပါဝင်သရုပ်ပြသကြသည်။

နိုင်ငံအလိုက်အားကစားအဖွဲ့များက အာကီဒိုပညာရပ်ဆိုင်ရာများကို အသီးသီးသရုပ်ပြသကြရာ မန္တလေးတိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ နာယကများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြသည်။

"တစ်နိုင်ငံနှင့် တစ်နိုင်ငံ အားကစားသမားတွေအချိတ်အဆက်တွေအများကြီးရလာပြီး နိုင်ငံတကာအခွင့်အလမ်းနှင့် အသိပညာဗဟုသုတတွေ တိုးပွားလာမယ်၊ နိုင်ငံအသီးသီးရဲ့ ယဉ်ကျေးမှုနဲ့ အာကီဒိုပညာရပ်တွေ နှီးနှောဖလှယ်နိုင်မယ့် အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအာကီဒိုအဖွဲ့ချုပ် အတွင်းရေးမှူး နည်းပြဆရာဦးကျော်သီဟက ပြောကြားသည်။

အာကီဒိုပညာရပ်မှာ ဂျပန်နိုင်ငံမှ စတင်ခဲ့ပြီး ၁၉၅၃ ခုနှစ်မှာ မြန်မာနိုင်ငံကို စတင်ရောက်ရှိလာတာပါ၊ အခုလိုနိုင်ငံတကာ အာကီဒိုနှီးနှောဖလှယ်ပွဲ နှစ် ၆၀ ပြည့်ကို ၂၀၁၃ ခုနှစ်တုန်းက ရန်ကုန်မှာပြုလုပ်ခဲ့ပါတယ်၊ မန္တလေးကတော့ ပထမဦးဆုံးပေါ့၊ နိုင်ငံတကာနှီးနှောဖလှယ်ပွဲနဲ့ သရုပ်ပြပွဲတွေဆက်လက်ပြီး ပြုလုပ်ဖို့ရှိပါတယ်။ စိတ်ဝင်စားမှုတွေများပြားလာအောင်လို့ အခုလိုသရုပ်ပြပွဲတွေများများ ပြုလုပ်ပေးမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၁-၁၂-၂၀၁၉ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။

(ဂ) အခြေခံပညာ အဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာပုံစံများကို နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူနိုင်ပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) အခြေခံပညာအဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ် (မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ် / တိုင်းဒေသကြီး / မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်းမိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ လျှောက်ထားသူများသည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) လျှောက်လွှာ၊ သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ၁-၁၀-၂၀၁၉ ရက်နေ့မှ ၂၀-၁၀-၂၀၁၉ ရက်နေ့အတွင်း တိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင်သွားရောက်လျှောက်ထားရမည်။

(ခ) ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် တိုင်းစစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။

(ဂ) ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းကို ခံယူရမည်။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်အောင်မြင်သူများအား တပ်ဝင်စာချုပ်ချုပ်ဆိုပြီး အခြေခံစစ်ပညာ သင်ကြားရန် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ ပို့လွှတ်ခြင်းခံရမည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လတက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ ၁၄၄၀၀၀ကျပ်/-ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက(တပ်သားအခြေခံလစာ ၁၅၀၀၀၀ကျပ်/-+ M.H.R.A ၁၀၀၀၀ကျပ်/- = ၁၆၀၀၀၀ကျပ်/-)ခံစားခွင့်ရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး ခင်မောင်မြင့် (ငြိမ်း)
ရေ-၁၀၇၇၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁)
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ လဝက
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ရတနာလမ်း၊ အောင်ရတနာဥယျာဉ်အိမ်ရာ၊ အမှတ် (အက်စ်-၅)နေ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)သည် ၁၀-၁၀-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောလွင် (ခရိုင်ရဲမှူး-ငြိမ်း)
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ ဦးမင်းလွင်ဦး-ဒေါ်မာလာကျော်စိန်တို့၏ဖခင် ဦးစောလွင် (ခရိုင်ရဲမှူး-ငြိမ်း) အသက်(၈၅)နှစ်သည် ၁၁-၁၀-၂၀၁၉ (သောကြာနေ့)ည ၁၁:၃၀ နာရီတွင်မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၆)မှ သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးစောမာကူး (နမ္မတူ)
**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်း၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၂)၊ အခန်း (၂၀၂) နေ (သူနာပြုဆရာမကြီး ဒေါ်နော်ရှဲနစ်)၏ ခင်ပွန်း၊ စောရှီးမတ်-နော်အိဒစ်၊ နော်မေရီလင်း-ကိုဇာနည်အောင်၊ စောလိုမူး-ဂျက်ကီ၊ စောမာရှယ်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ (ဦးစောကောလောကီ-ဒေါ်မေစိန်)တို့၏သားကြီး ဦးစောမာကူးသည် ၁၃-၁၀-၂၀၁၉ ရက် နံနက် ၁၀:၅၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် သန့်ရှင်းသော ကားတိုင် ဘုရားကျောင်း၊ အမှတ်(၁၀၄)၊ အင်းလျားလမ်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လျှိုလင်(ခ)ဒေါ်လင်းလင်း
**အသက်(၇၇)နှစ်**

[Dr.ဦးစီခိုင်မင်း (USA)]၊ ဦးစီခိုင်လျန်၊ ဒေါ်လျှိုမွယ်တို့၏ ညီမ၊ ဦးစီခိုင်ဖူ (USA)၊ ဦးစီခိုင်ဟိန် (USA)၊ ဦးစီခိုင်စိန်၊ ဒေါ်လျှိုမီချန်း (USA)၊ ဦးစီခိုင်ထျန်၊ ဒေါ်လျှိုဖောင်၊ ဒေါ်သန်းသန်းနွဲ့၊ ဦးစီခိုင်ဝိန်၊ ဒေါ်သန်းသန်းခိုင်တို့၏အစ်မ၊ ဒေါ်နုနုဆွေ၊ ဦးအောင်စိုး(USA)၊ ဒေါ်သူဇာဆွေ (ခေတ္တ-မလေးရှား)၊ (ဦးမိုးကျော်စိုး)တို့၏မွေးသမိခင်၊ အမှတ် (၂၁၂)၊ ပထမထပ်၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဝင်းရွှေ၏ဇနီး၊ ပြင်ဦးလွင်မြို့နေ (ဦးလွန်ထမ်း-ဒေါ်လွေးယိန်)တို့၏ သမီးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းခင်
**အသက်(၅၅)နှစ်**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာနေ (ဦးထွန်းသာဇံ)-ဒေါ်အောင်ကြာညို တို့၏ သမီး၊ (ဦးစိန်ထွန်းဦး-ဒေါ်လှစိန်ဖြူ)တို့၏ သမီးချွေးမ၊ ဦးကျော်မြ-ဒေါ်ဦးမြရည် တို့၏ ညီမ၊ ဦးအောင်စောလှ-ဒေါ်တင်တင်မိုး၊ (မခင်မေနု)၊ ဦးမောင်ရှည်-ဒေါ်လှမြသိန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၂)လမ်း၊ အမှတ်(၅၉၉)နေ မလှဥမ္မာ၊ ကိုကျော်ဇင်ထွန်း၊ ကိုမောင်မောင်ထွန်း၊ ကိုခင်ဇော်လင်း၊ မရွှေရည်ဝင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဦးမောင်မဲ၏ ချစ်လှစွာသောဇနီးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်အောင်ဝင်းထွန်း
**အသက် (၃၉)နှစ်**

မောင်တောမြို့၊ (၃)ရပ်ကွက်၊ ရှိတ္တာရွာနေ ဦးစိန်လှထွန်း(ခ) ဦးမဲချို၊ ဒေါ်ဒါသိန်းတို့၏ သား၊ ဦးသိန်းထွန်း(ခ)မဲဦးချေ၊ ဒေါ်ခင်သီတာထွန်း(ခ)မပဖြူ၊ (ဦးညီပု)တို့၏ ညီ/မောင်၊ ဒေါ်နှင်းနွယ်ထွန်း(ခ)မိငယ်၊ ဦးထူးထူးထွန်း(ခ)အဘာကြီး၊ ထွေးထွေးထွန်း(ခ)မချစ်ထွေး၊ ကိုတိုးတိုးထွန်း(ခ)ဘာတူးတို့၏အစ်ကို ဦးအောင်ဝင်းထွန်း(ခ)ထွန်းထွန်းသည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဏ္ဍလာကံယုံစာသင်တိုက် ဗဟန်းမြို့နယ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်မြင့်သောင်း
အထက ဘုရားကြီး(ငြိမ်း)
**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နေ (ဦးချစ်-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ (ဦးထွန်းမြိုင်-ဒေါ်စိမ်းရင်)တို့၏ သမီးချွေးမ၊ ဦးသက်ပိုင်-ဒေါ်သွင်သွင်ဦး၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်မေ၊ ဦးကျော်ခိုင်-ဒေါ်သင်းသင်းနွယ်တို့၏ မွေးသမိခင်၊ မြေး/မြစ် ခုနစ်ယောက်တို့၏အဘွားသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ဘုရားကြီးမြို့၊ (၃)ရပ်ကွက်၊ အောင်မင်္ဂလာ (၁) လမ်း၊ အမှတ် A-21 နေအိမ်မှ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့်
2nd Generationကျောင်းသား/သူဟောင်းများ၊ အထက ဘုရားကြီး

## ဒေါ်တင်ဆွေဦး
**Trixie Limbin**
**အသက် (၈၀)**
**စက်မှုဆောင်ရွက်မှုလုပ်ငန်း(TSC)၊ ဘဏ္ဍာရေးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ (၂၂) လမ်း၊ အမှတ် (၅၁)နေ (ဦးလင်းပင်ထိပ်တင်လတ်-ဒေါ်ခင်ခင်သိန်း)တို့၏သမီးကြီး၊ ဦးပီတာလင်းပင်-ဒေါ်စိန်စိန်၊ (ဦးလှမြင့်)-ဒေါ်တင်ဆွေအေး၊ (ဦးထွန်းလင်းပင်)-ဒေါ်သက်သက်ကြည်၊ ဒေါက်တာရစ်ချက်လင်းပင်-ဒေါ်ခင်ခင်ကြီး၊ ဦးစန်းအောင်-ဒေါ်တင်ဆွေဖြူ၊ (ဦးမောင်မောင်လင်းပင်)၊ ထားလင်းပင်၊ (ထွဋ်လင်းပင်)တို့၏ အစ်မကြီးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဆွေဦး
**Trixie Limbin**
**အသက် (၈၀)**
**စက်မှုဆောင်ရွက်မှုလုပ်ငန်း(TSC)၊ ဘဏ္ဍာရေးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ(၂၂) လမ်း၊ အမှတ် (၅၁)နေ (ဦးလင်းပင်ထိပ်တင်လတ်-ဒေါ်ခင်ခင်သိန်း)တို့၏ သမီး၊ (ဦးစိန်ဟန်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးလှစိုး၏ဇနီး၊ ဦးထွန်းလင်းဦး၊ ဒေါ်မြအေးပွင့်တို့၏ ချစ်လှစွာသောမိခင်သည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးသန့်ဇင်ကျော်
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၉၆)၊ စိန်မေရီဝင်း၊ မျက်မမြင်အလုပ်ရုံနေ (ဦးအုန်းကျော်)၊ ဒေါ်သန်းညွန့်တို့၏ သား၊ ဦးဇော်ဝင်းကျော်၏ ညီ၊ မသန္တာကျော်၊ မရွှေရည်မွန်တို့၏ အစ်ကို၊ မောင်ပြည့်ထက်လျှံ-မနှင်းထရီဇာကျော်(ခ)နွေးနွေးတို့၏ ဖခင်သည် ၁၂-၁၀-၂၀၁၉ (စနေနေ့) ညနေ ၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [အောက်မေ့ဘွယ်ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ကို ၁၆-၁၀-၂၀၁၉ ရက် နံနက် ၉ နာရီတွင် အမှတ်(၁၉၆)၊ စိန်မေရီဝင်း၊ မျက်မမြင်အလုပ်ရုံ၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုပြည်စိုးရှိန် A.G.T.I (EC), B.C.Sc
**အသက် (၄၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၉၇)၊ (၅/၂) ရပ်ကွက်၊ ခရေလမ်းနေ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန် (ငြိမ်း) - (ဒေါ်ထွေးထွေးကြည်) တို့၏ တတိယသား၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေ [ဦးမျိုးအောင် (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း)]-ဒေါ်ကြည်ကြည်တို့၏ သားသမက်၊ (ဗိုလ်ကြီးရဲနိုင်ရှိန်)၊ (ကိုရန်နိုင်ရှိန်)တို့၏ ညီ၊ ကိုထိန်လင်းရှိန်-မဝင်းနန္ဒာထွန်းတို့၏ အစ်ကို၊ မချိုသဲနေခြည်စိုး (Grade-8၊ အထက-၂၊ အင်းစိန်)၊ မဆုမြတ်မှူး (Grade-2၊ ကောင်းစုစံကိုယ်ပိုင်ကျောင်း၊ ရွှေပြည်သာ)တို့၏ဖခင်၊ မဇာခြည်အောင် (B.E, Civil)၏ ချစ်လှစွာသောခင်ပွန်း ကိုပြည်စိုးရှိန်သည် ၁၄-၁၀-၂၀၁၉ ရက် နံနက် ၁၀:၁၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးခင်မောင်ဦး
စာရင်းစစ်ချုပ်ရုံး
**အသက်(၇၆)နှစ်**

သထုံမြို့နေ (ဆရာစောဟယ်ရီ-ဒေါ်ဒေါင်း)တို့၏ မြေးဦး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃) လမ်း၊ အမှတ်(၁၆၆)နေ (ဦးစိန်ဖေ-ဒေါ်ချစ်စိန်)တို့၏ တစ်ဦးတည်းသောသား၊ မြောင်းမြမြို့နေ (ဦးစံသိန်း-ဒေါ်ညှက်)တို့၏ သားသမက်၊ ဒေါ်နော်အယ်နီးထာ(ခ) ဒေါ်နော်သွဲအယ်ဖောၐ ချစ်လှစွာသော ခင်ပွန်း၊ (ဦးစောဂျော့)-ဒေါ်ရိုဘတ်ထာသိန်း၊ (ဦးစောအောင်ခင်)၊ (ဦးစောဂျိုင်း-ဆရာမခရစ်ဖိုး)၊ (ဦးကြည်မောင်-ဒေါ်ချစ်ရင်)တို့၏ တူ၊ ဦးကြည်ထွန်း-နော်စဲဖို၊ ဦးကျော်သူရ-ဒေါ်သိန်းသိန်းဦး၊ ဦးငွေထွန်း၊ ဦးအောင်ထွန်းဦး၊ ဦးအေးထွန်းဦး-နော်မာတ်ရှုံမွန်း (USA)တို့၏ ချစ်လှစွာသော ဖခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂:၅၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစန်း
**အသက်(၆၇)နှစ်**

ဒဂုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ ငါးလွှာ (B)နေ စန်းမြင့်ဦး(ပုဇွန်ခြောက်၊ ငါးခြောက် ရောင်းဝယ်ရေး)၊ ဒေါ်အေးမြင့်(ခ) အန်တီအေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရင်ကြည်၊ ဦးစိုးဝင်းတို့၏ ချစ်လှစွာသောအစ်ကို၊ ဦးဝင်းမြင့်-ဒေါ်ခင်စန်းဦး၊ ဦးကြည်ရအောင်-ဒေါ်ငွေငွေဦး၊ ဦးအောင်ခန့်ဇော်-ဒေါ်ဇင်မာဦး၊ ဦးကျော်သူရ-ဒေါ်အေးအေးသန့်တို့၏ ချစ်လှစွာသောဖခင်သည် ၁၃-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင် (ပဲခူး)
**အသက်(၈၉)နှစ်**

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(C-7)နေ (ဦးသောင်းရွှေ)၏ ဇနီး National Infrastructure Holdings Company Limited မှ ဦးဇော်ဗိုလ် (Consultant Engineer)၏ မိခင် ဒေါ်ခင်ခင်သည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**NATIONAL INFRASTRUCTURE HOLDINGS**
**Company LTD ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

## ဒေါ်အမာစိန် (မင်းဘူး)
**အသက် (၈၄)နှစ်**

မင်းဘူးမြို့နေ (ဦးထွန်းဖေ-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ [ဦးမောင်မောင်လေး (ဗဟိုစာရင်းရုံး၊ ငြိမ်း)]၏ ဇနီး၊ ဦးပါစိုး-ဒေါ်ခင်ရီတို့၏ အစ်မ၊ အမှတ် (၅၊ A-4)၊ ကျောက်/ကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စန်းစန်းယု (သမဦးစီးအရာရှိ-ငြိမ်း)၊ (ဦးသန်းလှိုင်)၊ ဦးစိုးနိုင် (Orange Super Market Tamwe)-ဒေါ်ဆွေဆွေဝင်း (Welcom Goup;)၊ ဦးတင်ဦး-ဒေါ်အေးအေးယု (စည်ပင်-ငြိမ်း)တို့၏ မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ပြုံးရီ
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၂ လမ်း၊ အမှတ် (၆၃)၊ ပထမထပ်နေ (ဦးခင်မောင်-ဒေါ်ကျင်စိန်)တို့၏ သမီး၊ ဦးလှတင့်-ဒေါ်ချိုချိုဝင်းတို့၏ ညီမ၊ ကိုအေးချမ်းအောင်-မရည်မွန်လွင်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားလေး ဒေါ်ခင်ပြုံးရီသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ရက် နံနက် ၁၀:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောနေလင်း
**အသက်(၇၀)**
**Snow Everest Co;Ltd**
**(Chief Engineer)**

ပန်းတောင်းမြို့၊ ဝန်လိုရပ်ကွက်နေ (ဦးစောလှမောင်-ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ ဦးစောမြတ်လင်း၊ ဒေါ်ခင်သန့်ဇင်၊ ဦးစောမြင့်လင်းတို့၏ အစ်ကိုကြီး၊ ဒေါ်စန်းစန်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ စောကိုကိုဦး-ဒေါ်နှင်းသန္တာထွန်း၊ မင်းစိုးဝဏ္ဏ-ဒေါ်ခိုင်ဇာနေလင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးစောနေလင်းသည် ၁၃-၁၀-၂၀၁၉ ရက် ည ၈:၅၅နာရီတွင် ပင်လုံဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ အောက်မေ့ ဘွယ်ရာ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အား အောင်ဆန်းနှစ်ခြင်းခရစ်ယာန် အသင်းတော်၌ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(မိတ္ထီလာ)
ရွှေပြည်မိုးသဘော်ဆေးဆိုင်
**အသက် (၆၈)နှစ်**

မိတ္ထီလာမြို့၊ ဈေးတောင်ဘက် စည်သူရပ်ကွက်နေ (ဦးတင်လေး-ဒေါ်ချစ်)တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်မြအေး)တို့၏ညီ၊ ဒေါ်ခင်ဆွေဦး(ရွှေပြည်မိုးသဘော်ဆေးနှင့် ကုန်မာဆိုင်)၏ ခင်ပွန်း၊ ဒေါက်တာသန့်ဇင်-ဒေါ်အိအိနိုင်၊ ဦးသက်မောင်မောင်-ဒေါ်မြတ်လင်းလင်းထိုက်၊ ဦးမျိုးမောင်မောင်-ဒေါက်တာသဲဇာခြည်ဘို၊ ဦးတိုးမောင်မောင်-ဒေါ်သင်းသင်းရွှေအေး၊ ဦးသန့်ဇင်ဦး-ဒေါ်တင်အေးခိုင်တို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့ SCC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉(ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် မိတ္ထီလာမြို့ မဟူရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## Pi Huthangi
**အသက် (၅၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်းမ၊ အမှတ်(၉၃)၊ ဒုတိယထပ်၊ အခန်း ၃၀၄ နေ Pu Lalramnghaka ၏ ချစ်လှစွာသောဇနီး၊ Tv. Lalremruata၊ Tv. Obidai Zosangliana၊ Nl. Lalthansangi၊ Tv. Laltanpuia တို့၏ မွေးသမိခင်သည် ၁၄-၁၀-၂၀၁၉ရက် နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ မောနွေလဘုရားကျောင်း၊ ဗဟိုလမ်း၊ သံလမ်းမှတ်တိုင်၊ သရက်တောတို့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီနှင့် သရက်တော အင်းစိန်၊ထန်းပင်ကုန်း၊မြောက်ဒဂုံ၊ စစ်တောင်းမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေငွေဦး
**အသက် (၄၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ (၁၀)လမ်း၊ အမှတ် (၄၁၅/ခ)နေ (ဦးသောင်း-ဒေါ်ခင်အုန်းမြင့်)တို့၏ သမီး၊ (ဦးမြင့်ကြည်)-ဒေါ်ရင်နုတို့၏ သမီးချွေးမ၊ ဦးသက်ခိုင်-ဒေါ်မင်းမင်းသောင်းတို့၏ အစ်မ၊ မဖူးပွင့်ဝေခိုင်၊ မယမင်းသီရိဖြိုးတို့၏ မိခင်၊ ဦးလေးနိုင်၏ ချစ်လှစွာသောဇနီးသည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရိုးရာမပျက် ပျော်ရွှင်စည်ကားစွာဆင်နွှဲ ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲ



**ရွှေကျင် အောက်တိုဘာ ၁၄**
ဝါလကင်းလွတ် သီတင်းကျွတ်ပွဲတော်၏ နောက်ဆုံးရက်ဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် နှစ်စဉ်ရိုးရာမပျက် ဆင်နွှဲကြသည်မှာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ သီတင်းကျွတ်မီးမျှောပူဇော်ပွဲနှင့် ရေသဘင်ပွဲတော်တို့ပင်ဖြစ်သည်။

**ပါဝင်ဆင်နွှဲ**

(၁၆၈)နှစ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သော ယခုနှစ်၏ မီးမျှောပွဲနှင့် ရေသဘင်ပွဲအခမ်းအနားတွင် ရွှေကျင်မြို့နှင့် ဒေသတွင်းကျေးရွာများမှ တက်ခုတ်ယိမ်းလေးဖွဲ့၊ တက်ပျံယိမ်းငါးဖွဲ့၊ ရိုးရာယိမ်းငါးဖွဲ့နှင့် ညီနောင်တိုင်းရင်းသား ကရင်ရိုးရာဒုံးယိမ်းတစ်ဖွဲ့တို့ ယနေ့နံနက်ပိုင်းမှစတင်၍ ပါဝင်ဆင်နွှဲဖျော်ဖြေခဲ့ကြသည်။

**စည်ကားလျက်ရှိ**

ထိုသို့သော ဖျော်ဖြေမှုများဖြင့် ရွှေကျင်ချောင်းတစ်လျှောက် ရေသဘင်ပွဲမှာ စည်ကားလျက်ရှိသလို မြို့တွင်းရှိ လမ်းမ၊ လမ်းသွယ်များတွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ရွှေပွဲလာဧည့်ပရိသတ်များ၊ ဇာတိမြေသို့ပြန်လာပြီး သက်ကြီးမိဘ၊ ဘိုးဘွားများအား လှည့်လည်ကန်တော့ကြသူများ၊ ကုသိုလ်ပွဲများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

## နိုင်းဆည်အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အီသီယိုးပီးယား ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်ဟု အီဂျစ်သမ္မတ ပြောကြား

စာမျက်နှာ » ၁၂

## ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားကို အောက်တိုဘာ ၃၀ တွင် ဖွင့်လှစ်မည်

စာမျက်နှာ » ၁၃

# အာရှယူ-၁၉ ခြေစစ်ပွဲအကြို မြန်မာနှင့် လာအိုအသင်း ခြေစမ်းပွဲကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၄**
နိုဝင်ဘာလတွင် ကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းနှင့် လာအို ယူ-၁၉ အသင်းတို့သည် အောက်တိုဘာ ၂၇ ရက်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို အောက်တိုဘာ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်ပြီး လာအိုအသင်းနှင့်ကစားရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

**စတင်လေ့ကျင့်ပြင်ဆင်**

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ယခုနှစ်ဆန်းပိုင်းကတည်းက စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး အာရှခြေစစ်ပွဲအတွက်မူ စက်တင်ဘာ ၁၂ ရက်တွင် ပြန်လည်လေ့ကျင့်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည်

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❂